မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂) အမှတ် (၁၆၆)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်

၂၀၁၃ ခုနှစ်၊ မတ် ၁၅ရက်၊ သောကြာနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်နိုင်ငံသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၄

၂၀၁၃ ခုနှစ် မတ် ၁၄ ရက်တွင် (၁၂)ကြိမ်မြောက် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတအဖြစ် မစ္စတာရှီကျင့်ဖျင်အား ရွေးချယ်တင်မြှောက်ခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် အပြည့်အဝကူညီဆောင်ရွက်သွားမည်

နှစ်နိုင်ငံအစိုးရအချင်းချင်းသာမက နှစ်နိုင်ငံပြည်သူများအချင်းချင်းဆက်ဆံရေးကိုပါ တိုးမြှင့်ဆောင်ရွက်မည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နယူးဇီလန်နိုင်ငံ ဘုရင်ခံချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆာဂျယ်ရီမိတာပါရေးတို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၄

နယူးဇီလန်နိုင်ငံ အော့ကလန်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား နယူးဇီလန်နိုင်ငံဘုရင်ခံချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆာဂျယ်ရီမိတာပါရေးက မတ် ၁၄ ရက် ညနေ ၃ နာရီတွင် အော့ကလန်မြို့ရှိ အစိုးရအိမ်တော်၌ ဂုဏ်ပြုကြိုဆိုသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ ရောက်ရှိလာရာ နယူးဇီလန်(Maori Cultural Group) က မိုရီတိုင်းရင်းသားရိုးရာ ဓလေ့ထုံးစံအရ ကြိုဆိုသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား နယူးဇီလန်ဘုရင်ခံချုပ်နှင့် ဇနီးတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။ ယင်းနောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီးနောက် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် နှစ်နိုင်ငံဆွေးနွေးပွဲကို အစိုးရအိမ်တော်၌ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးအုန်းမြင့်၊ ဦးခင်ရီ၊ ဒေါက်တာမြအေး၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာကိုကိုဦးနှင့် ဒုတိယဝန်ကြီးများတက်ရောက်ကြပြီး နယူးဇီလန်ဘုရင်ခံချုပ်နှင့်အတူ *စာမျက်နှာ ၃ ကော်လံ ၄* ❁

သတင်းအညွှန်း

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ပြည်ပသို့ထွက်ခွာသူများအား စိစစ်သည့် အခွန်ကင်းရှင်းကြောင်း သက်သေခံလက်မှတ်ပုံစံ(ဂ) [ပတခ(ဝင)-၁၂] အား ဖြေလျှော့ပေး

➤ စာမျက်နှာ - ၄

ပထမဦးဆုံး ပုဂ္ဂလိကဘောလုံးသင်တန်းကျောင်း မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၌ ဖွင့်လှစ်

➤ စာမျက်နှာ - ၁၀

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ အလွန်သေးငယ်သော ဇီဝမျိုးစိတ်များအသက်ရှင်နေထိုင်လျက်ရှိ

➤ မောင်သစ္စာ-ရေးသည် ➤

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်ရှိ ကျောက်တုံးတစ်တုံးကို နာဆာ၏ ကျူရီရိုစီတီလေ့လာရေးယာဉ်က လေ့လာသုတေသနပြုမှုအရ အဆိုပါ ကျောက်တုံးတွင်ပါဝင်ဖွဲ့စည်းထားသော ဓာတ်ပစ္စည်းအရ အင်္ဂါဂြိုဟ်ပေါ်၌ အလွန်သေးငယ်သော ဇီဝမျိုးစိတ်များနေထိုင်အသက်ရှင်လျက်ရှိသည်ဆိုသောယုံကြည်မှုကို အထောက်အကူပြုနိုင်ခဲ့ကြောင်း နာဆာ အာကာသသိပ္ပံသုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ ကျောက်တုံးတွင် ဆာလ်ဖာ၊ နိုက်ထရိုဂျင်၊ ဟိုက်ဒရိုဂျင်၊ အောက်ဆီဂျင်၊ ဖော့စ်စပရပ်နှင့် ကာဗွန်အပြင် အခြားဓာတ်ပစ္စည်းအချို့လည်း ပါဝင်ဖွဲ့စည်းဖြစ်တည်လျက်ရှိကြောင်းတွေ့ရှိခဲ့သည်။ ယင်းဓာတ်ပစ္စည်းများသည် သက်ရှိများအသက်ရှင်နိုင်ရေးအတွက် လိုအပ်သောအရာများဖြစ်ရာ အင်္ဂါဂြိုဟ်ပေါ်တွင် သက်ရှိဇီဝမျိုးစိတ်များ နေထိုင်အသက်ရှင်လျက် *စာမျက်နှာ ၃ ကော်လံ ၁* ✻



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဆန်စက်ဥပမာ

နေ့စဉ် တန် ၁၀၀ ကျအောင် ကြိတ်ဝါးထုတ်လုပ်နိုင်သော ဆန်စက်ကြီးသည် ပုံမှန်အားဖြင့် တန် ၁၀၀ အောက်သာ ကြိတ်ဝါးထုတ်လုပ်ကြရ၏။ သို့သော်လည်း ရံဖန်ရံခါ ဆန်စက်လုပ်ငန်းရှင်များက ရရှိလာသည့် စီးပွားရေးအခွင့်အလမ်းကို လက်လွှတ်မခံလို၍ တန် ၁၀၀ ထက်ပို၍ ကြိတ်မိသည့်အခါလည်းရှိ၏။ ထိုရံဖန်ရံခါများသည် ကြိမ်ဖန်များစွာဖြစ်လာသည့်အခါ စက်စွမ်းအားသည်လည်း တဖြည်းဖြည်း ကျဆင်းသွားတတ်၏။ နောက်ဆုံး၌ ပျက်စီးခြင်းသို့ ရောက်လေသည်။

ထို့အတူ ကျွန်ုပ်တို့ ခန္ဓာအိမ်ကြီးသည်လည်း ဆန်စက်နှင့်တူလှ၏။ ဆန်စက်ကြီးသည် နေ့စဉ် တန် ၁၀၀ ထက် မပိုသော အတိုင်းအတာဖြင့်သာ လည်ပတ်ထုတ်လုပ်ရသကဲ့သို့ လူတို့သည်လည်း အတိုင်းအဆဖြင့်သာ စားသုံးကြရ၏။ နေ့စဉ် ထမင်းနှစ်နပ်စားလျှင် ပုံမှန်အားဖြင့် နှစ်ကြိမ်နှစ်နပ်သာ အကောင်းဆုံးဖြစ်၏။ သို့သော် အချို့က နှစ်ကြိမ်မက သုံးကြိမ်၊ လေးကြိမ် စားနေကြ၏။ တစ်ကြိမ်စားလျှင်လည်း တစ်ပန်းကန်၊ နှစ်ပန်းကန်မက သုံးပန်းကန် လေးပန်းကန်စားကြ၏။ ''ကိုယ်စားနိုင်လို့စားတာ လေးပန်းကန်မကဘူး၊ တစ်အိုးလုံးကုန်ကုန် စားသာစား'' ဆိုသူများလည်း ရှိသေး၏။ ဤသို့စားလိုက်ခြင်းအားဖြင့် အကောင်းထက်အဆိုးသာ ဖြစ်ဖို့များသည်။ အဘယ်ကြောင့်ဆိုသော် လူ၏ခန္ဓာကိုယ်သည် အတိုင်းအဆဖြင့်သာ အစားအစာများကို လက်ခံနိုင်စွမ်းရှိ၏။ စားသုံးလိုက်သော အစားအသောက် တစ်ခုခုသည် တော်ရုံတန်ရုံစားလျှင် ခွန်အားကိုဖြစ်စေ၏။ တစ်နည်းဆိုလျှင် ဆေးဖြစ်သည်ဟု ဆိုနိုင်ပေ၏။

သို့သော် ခန္ဓာကိုယ်က လက်ခံနိုင်သည့် ပမာဏထက် အလွန်အကျွံစားမိလိုက်သဖြင့် ခန္ဓာကိုယ်သည် ပို၍အားအင်ရှိလာသည်မဟုတ်၊ အလွန်အမင်း စားသုံးမိလိုက်သဖြင့် အစာချေချက်မှုမကောင်းဘဲ ဘေးဒုက္ခပင် ဖြစ်နိုင်သေး၏။ သင့်တင့်မျှတအောင် စားသုံးခြင်းဖြင့်သာ အစာချေချက်မှု အားကောင်းကာ ခွန်အားကို တိုးပွားစေနိုင်၏။ စာပေအချို့တွင် အစာစားလျှင် ရေသောက်ရန်အတွက် လျှော့စားသင့်ကြောင်းလည်း မှတ်သားဖူး၏။ ခန္ဓာအိမ်အတွင်း အစာကောင်းစွာ ချေချက်နိုင်ရေးအတွက် ရေသည် မရှိမဖြစ်လိုအပ်၏။ အစာစားပြီးတိုင်း ရေသောက်ပေးခြင်းဖြင့် အစာကျေချက်မှု အားကောင်းသွားစေ၏။ ထို့ကြောင့် အစာစားပြီးတိုင်း ရေသောက်ရန် မမေ့အပ်ပေ။

မည်သည့်အစာကို စားသုံးစေကာမူ တန်ရုံစားလျှင် ဆေးဖြစ်၏။ သို့သော် စားကောင်းတိုင်း အလွန်အမင်းစားမည်ဆိုပါက အစာချေချက်မှု မပြုနိုင်သဖြင့် ဘေးဖြစ်တတ်၏။ ဥပမာ ဗိုက်အောင့်ဗိုက်နာခြင်း၊ ဝမ်းဖောဝမ်းရောင်ဖြစ်ခြင်းစသော ဝမ်းနှင့်ပတ်သက်သောရောဂါများ ဖြစ်ပွားတတ်၏။

တစ်ခါ ''အစားမတော်တစ်လုတ်၊ အသွားမတော်တစ်လှမ်း'' ဆိုသည့်စကားလည်းရှိသေး၏။ မိမိနှင့် မတည့်သည့် အစားအသောက်များ မစားမိစေရန် သတိပေးထားခြင်းဖြစ်၏။ မိမိတွင် နှလုံး၊ သွေးတိုး၊ ဆီးချိုရောဂါရှိမှန်း သိလျက်နှင့် အဆီအအိမ့်၊ အချို၊ အငန်တို့ကိုမှ ကြိုက်တတ်ကြသူများ ရှိကြ၏။ ရောဂါရှိလျှင် ရှောင်နိုင်က အကောင်းဆုံးဖြစ်၏။ ထို့ကြောင့် မည်သည့်အစားမဆို သင့်တင့်မျှတရုံ စားသုံးခြင်းသည် အကောင်းဆုံးဖြစ်ပါကြောင်း။ ။

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်တွင်းသတင်း

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အလတ်စားနှင့်အသေးစား စက်မှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၄

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းတို့ ဦးဆောင်သောအဖွဲ့သည် မတ် ၁၃ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အလတ်စားစက်မှုလုပ်ငန်းဖြစ်သည့် နန်းစိန်မုန့်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းနှင့် အသေးစား စက်မှုလုပ်ငန်းဖြစ်သည့် ခိုင်သစ္စာ မျှစ်ချဉ်ထုတ်လုပ်မှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ပုံ)**

အလတ်စား စက်မှုလုပ်ငန်းဖြစ်သည့် နန်းစိန်မုန့်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းကို ဒေါ်မြစန်းလှက ၁၉၈၀ ခုနှစ်မှ စတင်လုပ်ကိုင်ခဲ့ပြီး အမြဲတမ်းဝန်ထမ်းအင်အား ၆၅ ဦး၊ ယာယီဝန်ထမ်း ၂၅ ဦးတို့ဖြင့် မုန့်အမျိုးအစား ၄၅ မျိုး ထုတ်လုပ်ရောင်းချလျက်ရှိရာ ပြည်တွင်းရှိ ဒေသအသီးသီးနှင့် နေပြည်တော်ကောင်စီနယ်မြေအနီးပတ်ဝန်းကျင်ဒေသများတွင် ပြည်သူအများ စျေးနှုန်းချိုသာ၍ ကျန်းမာရေးနှင့် ညီညွတ်ပြီး အနံ့ အရသာကောင်းမွန်သည့် မုန့်အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

အလားတူ ခိုင်သစ္စာမျှစ်ချဉ် ထုတ်လုပ်မှုလုပ်ငန်းအနေဖြင့် ပျဉ်းမနားဒေသသည် မျှစ်ထုတ်လုပ်သည့် ဝါးအများအပြား ပေါက်ရောက်ရာဒေသဖြစ်ပြီး ဒေသထွက်မျှစ်များကို မြန်မာပြည်အနှံ့အပြား ပြည်တွင်းရှိ ဒေသအသီးသီးသို့ တင်ပို့ဖြန့်ဖြူးနေသည့်အပြင် ပြည်ပသို့ လက်ဆောင်အဖြစ် ပေးပို့နိုင်ရန်အတွက်လည်း သန့်ရှင်းသပ်ရပ်သည့် ထုပ်ပိုးမှုပုံစံမျိုးပြုလုပ်၍ တင်ပို့ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ခိုင်သစ္စာမျှစ်ချဉ် ထုတ်လုပ်မှုလုပ်ငန်းကို ဦးသိန်းထွန်းက ၂၀၀၇ ခုနှစ်မှစတင်၍ ထုတ်လုပ်ဆောင်ရွက်ခဲ့ပြီး ဝန်ထမ်းအင်အား ရှစ်ဦးဖြင့် နေပြည်တော်ကောင်စီနယ်မြေ အနီးပတ်ဝန်းကျင်ဒေသများတွင်သာမက ပြည်တွင်းပြည်ပ ဒေသအသီးသီးသို့ ကျန်းမာရေးနှင့် ညီညွတ်ပြီး အနံ့ အရသာကောင်းမွန်သည့် ဒေသထွက်စားသောက်ကုန်အဖြစ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘွဲ့တံဆိပ်လက်ခံယူမည့် လူပုဂ္ဂိုလ်များအတွက် ဖိတ်စာများထုတ်ယူနိုင်

နေပြည်တော် မတ် ၁၄

၁၃၇၄ ခုနှစ် တပေါင်းလပြည့်နေ့၊ ၂၀၁၃ခုနှစ် မတ် ၂၆ရက်(အင်္ဂါနေ့)တွင် ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်လက်ခံရယူကြမည့် လူပုဂ္ဂိုလ်များအတွက် ဖိတ်စာများကို သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဦးစီးရေးရာဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက် ဖုန်း- ၀၆၇-၄၀၆၀၄၅ နှင့် ၀၉-၅၀၄၈၂၃၂ ထံ မတ် ၂၂ ရက်မှစ၍ ကိုယ်တိုင်လာရောက် ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေတိဂုံစေတီတော် မော်ကွန်းဓာတ်ပုံပြခန်း အဆင့်မြင့်ပြန်လည်မွမ်းမံ ပြင်ဆင်ဖွင့်လှစ်

ရန်ကုန် မတ် ၁၄

ရွှေတိဂုံစေတီတော် မော်ကွန်းဓာတ်ပုံပြခန်း အဆင့်မြင့်ပြန်လည်မွမ်းမံပြင်ဆင်ဖွင့်လှစ်ပွဲကို မတ် ၁၃ ရက် နံနက် ၈ နာရီက ရင်ပြင်တော် ရာဟုထောင့်အောင်မြေ (ဓာတ်ပုံပြခန်း)၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော် ဓာတ်ပုံပြခန်းကို မွမ်းမံပြုပြင်ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ဖူဂျီဖလင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားပြီး ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဒေါက်တာတင်သိန်းလွင်က ပြုပြင်မွမ်းမံလှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဓာတ်ပုံပြခန်းကို အလှူရှင်များနှင့် တာဝန်ရှိသူများက ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဖူဂျီဖလင်ကုမ္ပဏီက ရွှေတိဂုံစေတီတော် ဓာတ်ပုံလုပ်ငန်းများ၌ သုံးစွဲရန် ဓာတ်ပုံထုတ်စက် တစ်လုံး ပေးအပ်လှူဒါန်းသည်။

အဆိုပါ ဓာတ်ပုံပြခန်းတွင် ခေတ်အဆက်ဆက် ရွှေတိဂုံစေတီတော်ဆိုင်ရာ ရှားပါးဓာတ်ပုံများ၊ ရှေးဟောင်းဓာတ်ပုံများ၊ သမိုင်းဝင်ဓာတ်ပုံများ၊ လှုပ်ရှားမှုဓာတ်ပုံများ အပါအဝင် ဓာတ်ပုံပေါင်း ၃၀၀ ကျော်ခန့်ကို ခေတ်မီအဆင့်မြင့်နည်းပညာဖြင့် ပြင်ဆင်ပြသထားပြီး ပြခန်းကို နေ့စဉ်နံနက် ၇ နာရီမှ ည ၇ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

သံဖြူဇရပ် မြို့မဈေး ပြန်လည်တည်ဆောက်ရန် ညှိနှိုင်းဆွေးနွေး

မော်လမြိုင် မတ် ၁၄

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မတ် ၉ ရက် နံနက် ၁၀ နာရီက သံဖြူဇရပ် မြို့မဈေး ပြန်လည်ဆောက်ရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲပြုလုပ်ရာ ဆွေးနွေးပွဲသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်က ဈေးဆောက်လုပ်ရန် တင်ဒါခေါ်ယူထားမှုကိစ္စ၊ ဆိုင်ခန်းရှင်များအား ချေးငွေများထုတ်ချေးပေးမည့်ကိစ္စ ရှင်းလင်းပြောကြားပြီး ဈေးကော်မတီဥက္ကဋ္ဌ ဦးဖေမြင့်က ဈေးဆောက်လုပ်မှုနှင့်ပတ်သက်၍ တင်ပြကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲကျော်ခိုင်က ဈေးကြီး အမြန်ဆုံးဆောက်လုပ်ပြီးစီးအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်းသိရသည်။

တင်ထွဋ်(မော်လမြိုင်)

''မြန်မာဓါတ်ပုံလုပ်ငန်းရှင်များအတွက် သတင်းကောင်း''
ဓါတ်ပုံဆိုင်တိုင်းတွင် ပုံထုတ်စက်ရှိစေရမည်
Photo Star ကုမ္ပဏီသည် ဓါတ်ပုံလုပ်ငန်းရှင်များအတွက် အကောင်းဆုံးပုံထုတ်ဆုရဓါတ်ပုံထုတ်စက်များကို အထူးမိတ်ဆက်စျေးနှုန်းဖြင့်ရောင်းချပေးပါမည်။
စက်၏အဓိကအချက်များမှာ
- ပုံထုတ်နိုင်သည့် အရွယ်အစား => PC, 4" x 6", 5" x 7", 6" x 8", 6" x 9"
- ပုံထုတ်နိုင်သည့်နှုန်း တစ်နာရီလျှင် => 4" x 6" = 300 ပုံ
- ဓါတ်ပုံစက်သက်တမ်း နှစ်(၁၀၀)ခံပါသည်
- စက်၏ပုံထုတ်နည်း => Ribbon Film နည်း
- စက်၏ တန်ဖိုး => ကျပ်ငွေ ၁၄ သိန်း
- စက်အာမခံ => Service & Parts တစ်နှစ်အာမခံပေးပါသည်။
Power-350 W
အင်ဗာတာနှင့် တွဲသုံးနိုင်သည်။
အသေးစိတ်သိရှိလိုသည်များကို - (Photo Star) အမှတ်(၁၁၂)မြေညီထပ်၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။
- ၀၉ ၇၃၀ ၆၀၀၅၈ ၊ ၀၉ ၅၁၀ ၀၇၀၉ တို့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတဦးသိန်းစိန် နယူးဇီလန်နိုင်ငံသို့ရောက်ရှိ

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နယူးဇီလန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက် မတ် ၁၃ ရက် မွန်းလွဲပိုင်းတွင် အဖွဲ့ဝင်များနှင့်အတူ နေပြည်တော်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ည ၇ နာရီ ၁၅ မိနစ်တွင် ရောက်ရှိသည်။

နိုင်ငံတော်သမ္မတအား စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးလွင်နှင့် သံရုံးတို့မှ ဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် စင်ကာပူလေကြောင်းခရီးစဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မတ် ၁၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် နယူးဇီလန်နိုင်ငံ အော့ကလန်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတအား နယူးဇီလန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမင်းသိမ်းနှင့် နယူးဇီလန်နိုင်ငံ သံတမန်ဌာနအကြီးအကဲ Hon.Maurice Williamson တို့က အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ခေတ္တတည်းခိုမည့် အော့ကလန်မြို့ရှိ လန်ဂမ်ဟိုတယ်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် နယူးဇီလန်နိုင်ငံဘုရင်ခံချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆာဂျယ်ရီမိတာပါရေးချုပ်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

❀ **ရှေ့ဖုံးမှ**

အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ နယူးဇီလန်နိုင်ငံအနေဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ ပညာရေး၊ မွေးမြူရေးကဏ္ဍများတွင် နယူးဇီလန်နိုင်ငံကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံရေး၊ နည်းပညာအကူအညီပေးရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ပူးပေါင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးစဉ် နယူးဇီလန်နိုင်ငံ ဘုရင်ခံချုပ်က နယူးဇီလန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် အပြည့်အဝ ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နယူးဇီလန်နိုင်ငံတွင် မည်သည့် အစိုးရတာဝန်ယူသည်ဖြစ်စေ မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံအဖြစ် ရပ်တည်သွားမည်ဖြစ်ကြောင်း ထပ်မံအတည်ပြုပြောကြားခဲ့သည်။

တိုးမြှင့်ဆောင်ရွက်

နိုင်ငံတော် သမ္မတကလည်း မြန်မာနိုင်ငံသို့ နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် မစ္စတာဂျွန်ကီး လာရောက်လည်ပတ်ခဲ့သည့်ခရီးစဉ်နှင့် ယခု မိမိလာရောက်လည်ပတ်သည့် ခရီးစဉ် နှစ်ခုသည် နှစ်နိုင်ငံဆက်ဆံရေးတွင် သမိုင်းဝင်မည့် ခရီးစဉ်များပင် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားနိုင်ရေးအတွက် နယူးဇီလန်နိုင်ငံ၏ ထောက်ခံအားပေးမှုနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံကို BURMA အစား တရားဝင်အမည်ဖြစ်သည့် MYANMAR ဟု ပြောင်းလဲသုံးစွဲခေါ်ဝေါ်ခဲ့ခြင်းနှင့်ပတ်သက်၍ လည်းကောင်း မြန်မာနိုင်ငံပြည်သူများနှင့် မိမိတို့အစိုးရက အထူးကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံအစိုးရအချင်းချင်း ဆက်ဆံရေး သာမက နှစ်နိုင်ငံပြည်သူများအချင်းချင်း ဆက်ဆံရေးကိုပါ တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား နယူးဇီလန် ဘုရင်ခံချုပ်က အစိုးရအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်နိုင်ငံ အာရှရေးရာဌာနမှ အထူးကိုယ်စားလှယ်အားလက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာနမှ အထူးကိုယ်စားလှယ် H.E. Mr. Wang Yingfan အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာနမှ အထူးကိုယ်စားလှယ် H.E. Mr. Wang Yingfan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းဇော်၊ သူရဦးအောင်ကို၊ ဦးလှမြင့်ဦးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာယန်ဟိုလန်အား ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာယန်ဟိုလန်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီးဖြစ်သည်။

တာဝန်ထမ်းဆောင်လျက်ရှိ

မစ္စတာယန်ဟိုလန်သည် ၁၉၅၆ ခုနှစ် မေလတွင်မွေးဖွားခဲ့ပြီး မဟာဘွဲ့ရရှိထားသူ တစ်ဦးဖြစ်သည်။ ၁၉၈၂ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် တန်ဇန်နီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံအခြေစိုက် တရုတ်သံရုံးများတွင် ရာထူးအသီးသီးဖြင့်တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှစ၍ နီပေါနိုင်ငံတွင် အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာယန်ဟိုလန်သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးတစ်ယောက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❋ **ရှေ့ဖုံးမှ**

ရှိကြောင်း နာဆာပညာရှင်များက ယုံကြည်နေပြီဖြစ်သည်။

ယင်းကျောက်တုံးမှာ အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် ပြီးခဲ့သည့်လက ဂေးလ်အမည်ရှိ မီးတောင်ချိုင့်ဝှမ်းကြမ်းခင်းတစ်နေရာရှိ ကျောက်တုံးဖြစ်ပြီး ကျူရီရိုစီတီ လှေ့လာရေးယာဉ်က လေ့လာသုတေသနပြုခဲ့ခြင်းဖြစ်သည်။

ယခုတွေ့ရှိချက်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်ရှိ သဘာဝဖြစ်စဉ်များ၊ဇီဝမျိုးစိတ်များ၏ အခြေအနေကိုလေ့လာသုံးသပ်ရာတွင် ကြီးမားသောအထောက်အကူပြုချက်ပင်ဖြစ်ကြောင်း နာဆာ၏ အင်္ဂါဂြိုဟ်လေ့လာရေး အစီအစဉ်အကြီးအကဲ မိုက်ကယ်မီယာက ပြောကြားသည်။

ကျူရီရိုစီတီ လှေ့လာရေးယာဉ်သည် ဂေးလ်အမည်ရှိ မီးတောင်ချိုင့်ဝှမ်းအတွင်း ကြမ်းပြင်ဧရိယာရှိ နှစ်ပေါင်းများစွာက ဖြစ်ပေါ်ခဲ့သော စမ်းချောင်းငယ်တစ်ခုအနီးဝန်းကျင်၌ လေ့လာမှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။ ယခုတွေ့ရှိချက်သည် အင်္ဂါဂြိုဟ်မျက်နှာပေါ်၌ အလွန်သေးငယ်သော ဇီဝမျိုးစိတ်များ အသက်ရှင်နေသည်ကို အထောက်အကူပြုနိုင်ပြီဖြစ်သည်။ **(ဆင်ဟွာ)**

မြန်မာ့ရုပ်မြင်သံကြား

၁၅-၃-၂၀၁၃ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၃၀ နံနက်ခင်းသတင်း

၇း၄၀ International News

ညပိုင်း

၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ရူပဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒအထူးပြုများ) (ဓာတုဗေဒ)

၅း၁၀ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သွားစို့ တူပျော်ပျော်

၆း၀၀ ညနေခင်းသတင်း

၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာသစ္စာ** (ဒုတိယတွဲ)(အပိုင်း-၂၀)

၇း၀၀ ပြည်တွင်းသတင်း

၈း၀၀ ပြည်တွင်းသတင်း

၁၀း၀၀ ပြည်တွင်းသတင်း

မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များ အသွင်သစ်၊ အမြင်သစ်ဖြင့် ထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၄

ပြည်သူ့အတွက် မြန်မာ့အသံဆိုသည့်ဆောင်ပုဒ်နှင့်အညီ လွတ်လပ်ရေးမရမီကာလကပင် ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့သည့် မြန်မာ့အသံသည် နှစ်ပေါင်း(၆၇) နှစ်ကျော်လွန်ပြီးနောက် "မြန်မာ့အသံနှင့်ရုပ်မြင်သံကြား" အဖြစ် မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ခေတ်သစ်၊ စနစ်သစ်သို့ကူးပြောင်းရောက်ရှိခြင်းနှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည်လည်း အသွင်သစ်၊ အမြင်သစ်ဖြင့် ပြည်သူ့အသံကိုဖော်ထုတ်ပြီး အများပြည်သူဝန်ဆောင်မှု ရေဒီယိုနှင့်ရုပ်မြင်သံကြား ထုတ်လွှင့်မှုလုပ်ငန်း (Public Service Broadcasting) အဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်ပါကြောင်း။

လာမည့် ဧပြီ ၁ ရက် တနင်္လာနေ့မှ စတင်ပြီး (ရေဒီယိုလိုင်းများဖြစ်သည့် နေပြည်တော်မြန်မာ့အသံနှင့် ပိတောက်မြေ Radio တို့ကို) ပူးပေါင်းကာ ပြည်သူ့အတွက်မြန်မာ့အသံအဖြစ် လှိုင်းလတ် (MW)၊ 711 KHz ဖြင့် တစ်နေ့လျှင် နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၁၁ နာရီခွဲအထိ ၁၈ နာရီထုတ်လွှင့်မှာဖြစ်ပါကြောင်း အလားတူ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်ကို နံနက် ၆ နာရီမှ ည ၁၁ နာရီ ထုတ်လွှင့်ချိန်အထိ နေ့စဉ် ၁၇ နာရီ ထုတ်လွှင့်သွားမှာဖြစ်ပါကြောင်း၊ ပရိသတ်မျိုးစုံအတွက် ယုံကြည်စိတ်ချရသည့် သတင်းအဖြာဖြာနှင့်အတူ ဗဟုသုတဖြစ်ဖွယ်၊ ပျော်ရွှင်ကြည်နူးဖွယ် အနုပညာရသအစုံစုံပါဝင်သည့် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များစွာကို ကြိုးစားတင်ဆက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥတုရာသီ တောကိုမှီ

ပြည်တွင်းသတင်း

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့်လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဒုန်ချမ်းပဲလေ့စ်ဟိုတယ် Champask Room ၌ တွေ့ဆုံဆွေးနွေးစဉ်။

(သတင်းစဉ်)

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် မတ် ၁၃ ရက်နံနက် ၁၀ နာရီခွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဒုန်ချမ်းပဲလေ့စ်ဟိုတယ် Champask Room ၌ တွေ့ဆုံဆွေးနွေးသည်။

ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲခင်မင်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေး၊ ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားရေး၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ ဘဏ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ သတ္တုတူးဖော်ရေးနှင့် စွမ်းအင်ကဏ္ဍများ၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် ဗီယက်နမ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အားပေးတိုက်တွန်းသွားရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် ဒုတိယသမ္မတသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်နှင့်တွေ့ဆုံဆွေးနွေးသည်။

ရင်းနှီးစွာဆွေးနွေး

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံအကြား ရှိရင်းစွဲခင်မင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံဆက်ဆံရေးတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို ပိုမိုတိုးမြှင့် ဆောင်ရွက်ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကို ဒေသတစ်ခုလုံးက စိတ်ဝင်တစားစောင့်ကြည့် လေ့လာလျက်ရှိရာ နှစ်နိုင်ငံ အင်တိုက်အားတိုက်ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာ-ထိုင်း နှစ်နိုင်ငံအနေဖြင့် အက်မက်စ်အဖွဲ့ကြီး၏ လုပ်ငန်းစဉ်များကို ယခုထက် ပိုမိုသွက်လက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ် မြန်မာနိုင်ငံတိုင်းရင်းသားရေးရာဆိုင်ရာ သံအမတ်ကြီး စာနယ်ဇင်းမီဒီယာများနှင့်တွေ့ဆုံရှင်းလင်းပွဲကျင်းပ

ရန်ကုန် မတ် ၁၄

ဂျပန်နိုင်ငံအစိုးရ၏ မြန်မာနိုင်ငံ အမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရပြီးနောက် မြန်မာနိုင်ငံ၏ နှစ်ပေါင်း ၆၀ ကျော်ကြာ လက်နက်ကိုင်ပဋိပက္ခများကို ချုပ်ငြိမ်းစေရန် မြန်မာအစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အပစ်အခတ်ရပ်ဆိုင်းထားသည်ဖြစ်ရာ ဖွံ့ဖြိုးမှုများကို လက်တွေ့ကျကျခံစားနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်မှ စစ်ဘေးဒုက္ခသင့် တိုင်းရင်းသားများအား အများဆုံး အကူအညီပေးနိုင်ရန် ဆွေးနွေးနေပြီဖြစ်ကြောင်း၊ အမြန်ဆုံး အကောင်အထည်ဖော်သွားမှာဖြစ်ကြောင်းဖြင့် ဂျပန်နိုင်ငံအစိုးရ၏အထူးကိုယ်စားလှယ် မြန်မာနိုင်ငံ တိုင်းရင်းသားရေးရာဆိုင်ရာ သံအမတ်ကြီး နိပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ Mr.Yohei Sasakawa က ယမန်နေ့ ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ကျင်းပသည့် စာနယ်ဇင်းမီဒီယာများနှင့် တွေ့ဆုံ ရှင်းလင်းပွဲတွင် ပြောကြားသည်။ **(အပေါ်ယာပုံ)**

၎င်းက ဆက်လက်ရှင်းလင်းပြောကြားရာတွင် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌအဖြစ် လွန်ခဲ့သည့် ၁၀ လ ကတည်းက ဆေးဝါးနှင့်စားနပ်ရိက္ခာများကို တိုင်းရင်းသားအဖွဲ့အစည်းများထံ အစိုးရ၏ ခွင့်ပြုချက်ဖြင့် ထောက်ပံ့ပေးကြောင်း၊ ထောက်ပံ့အကူအညီများပေးအပ်ရာတွင် လက်ထဲရောက်အောင် ဆောင်ရွက်ပေးနေကြောင်း။

သမ္မတကြီး ဦးသိန်းစိန်အနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထူးလိုလားကြောင်းကို တွေ့ရကြောင်း၊ ဂျပန်အစိုးရအနေဖြင့်လည်း ကူညီသွားရန် သန္နိဋ္ဌာန်ချထားကြောင်း၊ ဂျပန်အစိုးရက မြန်မာနိုင်ငံအတွက် (၀ ဒသမ ၀၁) အတိုးနှုန်းဖြင့် နှစ်ပေါင်း ၃၀ မှ ပေးဆပ်ရမည့် သက်သာသော ချေးငွေထောက်ပံ့မှုမှာလည်း မြန်မာအစိုးရအတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ အဆိုပါ အကူအညီထောက်ပံ့မှုသည် ကမ္ဘာပေါ်တွင် မည်သည့်နေရာမှမရှိသည့် အကူအညီဖြစ်၍ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဂျပန်အစိုးရက အဓိကထားပါကြောင်း၊ အခြေခံအဆောက်အအုံပိုင်းဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်၊ ကျန်းမာရေး စသည့် အပိုင်းများကိုလည်း ထောက်ပံ့ရန်စီစဉ်လျက်ရှိကြောင်း။

ကချင်ပြည်နယ်အရေးနှင့် စပ်လျဉ်း၍ ပြောရလျှင် အပစ်အခတ်ရပ်ဆိုင်းထားပြီဖြစ်ရာ လူသားချင်းစာနာသည့် အကူအညီများပေးအပ်နိုင်ရန် စနစ်တကျ ကွင်းဆင်းပြီး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လက်ရှိတွင် လေ့လာလျက်ရှိကြောင်း၊ ဒုက္ခသည် လူဦးရေစာရင်း အချက်အလက်များရရှိရန် အရေးကြီးကြောင်း၊ နိပွန်ဖောင်ဒေးရှင်းသာမက တစ်ကမ္ဘာလုံးကပါ လက်တွဲပြီး ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော် သမ္မတ၏ ဂျပန်နိုင်ငံခရီးစဉ်အတွင်း မိမိနှင့်တွေ့ဆုံစဉ် သမ္မတကြီးအနေဖြင့် မြန်မာ့ဒီမိုကရေစီဖော်ဆောင်ရေးကို အထူးပြင်းပြသည်ကိုတွေ့ရှိရကြောင်း၊ ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံတင့်တယ်ထည်ဝါစေရန်လည်း ဆန္ဒရှိနေကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအောင်မြင်မှ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဟုလည်း ယူဆထားသည်ကို တွေ့ရကြောင်းဖြင့် ပြောပြသည်။

ထို့နောက် နိပွန်ဖောင်ဒေးရှင်းက မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအတွက် အထောက်အပံ့များ ပေးအပ်ခြင်း၊ အနာဂတ်ကာလတွင် ဆက်လက်လုပ်ကိုင်မည့် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ စာနယ်ဇင်းမီဒီယာများ၏ မေးမြန်းချက်များကို Mr. Yohei Sasakawa က ပြန်လည်ရှင်းလင်းဖြေကြားပြီး စာနယ်ဇင်းမီဒီယာများအနေဖြင့် စိတ်ပါဝင်စားစွာ လေ့လာကြပြီး အကြံဉာဏ်များပေးကြစေလိုကြောင်း၊ အပြုသဘောဆောင်သည့် သတင်းများကိုလည်း ပေးပို့ကြစေလိုကြောင်း၊ ပူးပေါင်းဆောင်ရွက်ကြရန်လည်း မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ပြည်ပသို့ထွက်ခွာသူများအားစိစစ်သည့်အခွန်ကင်းရှင်းကြောင်း သက်သေခံလက်မှတ်ပုံစံ (ဂ)[ပတခ(ဝင) – ၁၂]အားဖြေလျှော့ပေး

နေပြည်တော် မတ် ၁၄

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာမှုနှင့်အတူ နိုင်ငံခြားသားများနှင့် နိုင်ငံသားခရီးသည်များ ပြည်တွင်းပြည်ပသို့ ဝင်ထွက်သွားလာမှု ပိုမိုများပြားလာသည်။ နိုင်ငံသားများ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ ခရီးထွက်ခွာရာတွင် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်း သက်သေခံလက်မှတ်ပုံစံ (ဂ)[ပတခ(ဝင)-၁၂]အား ရယူရန်လိုအပ်ခဲ့သည်။

သုံးသပ်တွေ့ရှိ

ယင်းသက်သေခံလက်မှတ်ရရှိရေးအတွက် ဆောင်ရွက်ရာတွင် ပြည်ပထွက်ခွာသူများအနေဖြင့် အချိန်ကြန့်ကြာမှု၊ ငွေကြေးကုန်ကျမှုစသော ဝန်ထုပ်ဝန်ပိုး အတားအဆီးများဖြစ်စေကြောင်း သုံးသပ်တွေ့ရှိရသည်။

ယခုအခါ ဝန်ကြီးဌာနများအနေဖြင့် ပြည်သူကိုဗဟိုပြုသော ပြည်သူ့ဆန္ဒကိုအလေးထားသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ ပြည်သူလူထု၏ အခက်အခဲ အတားအဆီးများကို ဖြေလျှော့ဆောင်ရွက်ပေးသည့်အနေဖြင့် ပြည်ပထွက်ခွာမည့်သူများအားလုံး (အခွန်ကြွေးကျန်ရှိသူများမှအပ)သည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်း သက်သေခံလက်မှတ်ပုံစံ (ဂ)[ပတခ(ဝင)-၁၂] ထောက်ခံချက်အား မတ် ၁၅ ရက်မှစ၍ ရယူရန်မလိုအပ်တော့ကြောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝတောတွေ စိမ်းလန်းဖို့ သစ်တောသစ်ပင် ထိန်းသိမ်းစို့

ဂန္ဓဝင်ရွှေပုံ Travels & Tours

Exploring to the edge of the globe

မန္တလေး ... အတွက် (၆) သိန်းကျပ် ... ကိုဈေးနှုန်းထပ်မံ ... မည်။

စင်္ကာပူ + မလေးရှား (၁၁ သိန်း) / ရှုခင်	၉ သိန်း	ဂယာ (၉ သိန်း) / ဂယာ (ဟိုတယ်)	၁၂ သိန်း
မန္တလေး + စင်္ကာပူ + မလေးရှား	၁၃ သိန်း	သီရိလင်္ကာ (၁၁ သိန်း) / တိဗက်	၁၄ သိန်း
ပီနန် + လန်ကာဝီ + Genting Highlands + KUL	၁၁.၅ သိန်း	ဟောင်ကောင် + ကွမ်ကျိုး + မကာအို	၁၄ သိန်း
ဘာလီ (၁၀ သိန်း) / ကမ္ဘောဒီးယား	၆.၈ သိန်း	ဗီကင်း + ရှန်ဟိုင်း + ကူမင်း + ရှကျိူး + ဂွမ်စီ	၁၄.၅ သိန်း
ဘာလီ + စင်ကာပူ + မလေးရှား	၁၅ သိန်း	ကိုရီးယား (ဆိုးလ် + ဘူဆန် + ဂျေဂျူး)	၁၇ သိန်း
ကမ္ဘောဒီးယား + ဗီယက်နမ် (ဆိုင်ဂုံ၊ ဟနွိုင်း)	၁၁.၅ သိန်း	ဂျပန် (တိုကျို + အိုဆာကာ + နာဂိုယာ)	၂၅ သိန်း
ချင်းမိုင် + ချွေကြိုင် (၆.၅ သိန်း) / မလေးရှား	၆.၈ သိန်း	ဒူဘိုင်း (၁၉ သိန်း) / ရုရှား (မော်စကို)	၃၅ သိန်း
		ဥရောပ (၇) နိုင်ငံ (ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန် ...)	၃၉ သိန်း
		နော်ဝေး၊ ဆွီဒင်၊ ဒိန်းမတ်၊ ဖင်လန် (Cruise)	၄၀ သိန်း

သကြၤန်ခရီးစဉ် ပုံမှန်ထက် ဈေးနှုန်းအနည်းငယ် မြင့်တက်မှုကို နားလည်ပေးစေလိုပါသည်။
ကမ္ဘာအနှံ့ခရီးစဉ်များနှင့်ပက်သက်၍ မိမိသိလိုသမျှကို အချိန်မရွေးမေးမြန်းနိုင်ပါသည်။

No.67, Baho Rd, Sanchaung. Ph: 01-519292, 519293, 519360, 500191, 510281
E/1, 35 Rd, Bet 72&73 St, Mandalay. Ph: 02-73062. Hot Line: 09-73003772
outboundgandawun@gmail.com, www.myanmartravel.org Call Center : 1875

သန်းဒွေးနှင့်ရောင်းရင်းများ

(Mar - 15/22/23/25)

Mar : 15/22/25/29, Apr : 5/11/12/17/26

Ph : 241863, 380141, 09-43043109

GOLDEN STAR Travels & Tours

၁ ...	Mar22,Apr12
၂ ...	Mar22,Apr12
၃ ...	Mar22,Apr12
၄ ...	Mar22,Apr12
၅ ...	Apr12
၆ ...	Apr12

Ph: 209200, 544383, 430480, 703448, 09-5081580

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

အမှတ်(၁၃၈/၁၄၀)၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်းမနှင့် ဗိုလ်တထောင်လမ်းသွယ်(၂)ထောင့် ပေ(၅၈×၅၀)မြေကွက် သီးသန့်အား ပိုင်ရှင်ကိုယ်တိုင်ရောင်းရန်ရှိသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၂၁၅၃၈၊ ၀၉-၈၃၀၂၆၆၆

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် တရုတ်နိုင်ငံ အာရှရေးရာဌာနမှ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာနမှ အထူးကိုယ်စားလှယ် H.E. Mr. Wang Yingfan အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၄

ပြည်ထောင်စု လွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာနမှ အထူးကိုယ်စားလှယ် H.E. Mr. Wang Yingfan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ကချင်ပြည်နယ်၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး မြန်မာ-တရုတ် နှစ်နိုင်ငံဘက်စုံ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဆင့်ကို မြှင့်တင်နိုင်ရန် ပူးပေါင်းဆောင်ရွက်ရေး၊ ကချင်ပြည်နယ်အတွင်းရှိ ပြည်သူများ၏ ဘဝ အေးချမ်းတည်ငြိမ်စွာဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအကောင်အထည်ဖော်ဆောင်ရွက်နေမှုများအပေါ် ရင်းနှီးစွာဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးအောင်ထွန်း၊ ဦးသိန်းဝင်း၊ ပါမောက္ခဒေါက်တာမြဦး၊ ဒေါက်တာမြင့်ကြည်၊ ဦးအောင်ငြိမ်းနှင့် ဗိုလ်မှူးကြီးမောင်မောင်ထူး၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အထူးကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ဦးဆောင်သောအဖွဲ့အား ဘာလင်မြို့တွင် အခြေစိုက်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ဘာလင်မြို့၌ အခြေစိုက်သော Elbarlament မှ Partner Dr. Dieter Wlokewitz နှင့် Partner / CEO Tobias Flessenkemper တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၄

ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ရေးရာဆောင် I - 20 ၌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ဦးဆောင်သော အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများပါဝင်သည့် အဖွဲ့သည် ဂျာမနီနိုင်ငံ ဘာလင်မြို့၌ အခြေစိုက်သော Elbarlament မှ Partner Dr. Dieter Wlokewitz နှင့် Partner / CEO Tobias Flessenkemper တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံ-ဂျာမနီနိုင်ငံ နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း ဆက်ဆံရေး တိုးမြှင့်ဖော်ဆောင်ရေး၊ မြန်မာနိုင်ငံ လွှတ်တော်ဝန်ထမ်းများ အရည်အသွေးပိုမိုမြှင့်တင်ဆောင်ရွက်ရေး တို့အတွက် အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့နှင့်ဆွေးနွေး

နေပြည်တော် မတ် ၁၄

မြန်မာနိုင်ငံ၌ ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့ WCS နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏ တိုးတက်အောင်မြင်မှုနှင့် နောင်ဆက်လက် တိုးချဲ့ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society-WCS) ၏ President & CEO Dr. Cristian Tomas Sampar နှင့် အဖွဲ့သည် ယနေ့ညနေ ၄ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လောကအလင်းစာကြည့်တိုက်ဖွင့်ပွဲနှင့် ပရိဘောဂလှူဒါန်းပွဲ တပ်ကုန်းမြို့၌ ကျင်းပ

တပ်ကုန်း မတ် ၁၄

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာ လောကအလင်း စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ပရိဘောဂလှူဒါန်းပွဲကို မတ် ၁၃ ရက် နံနက် ၉ နာရီခွဲက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ ဆရာတော် ဦးဇောတိက၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးနှင့် မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်၊ ကျေးရွာရပ်မိရပ်ဖ ဦးမောင်ကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက စာကြည့်တိုက် ဖွင့်လှစ်ခြင်း၏ အကျိုးကျေးဇူးအကြောင်း ပြောကြားခြင်း၊ စေတနာရှင်များက ငွေကျပ်တစ်သိန်း တန်ဖိုးရှိ စာအုပ်စင်၊ ငွေကျပ် ခြောက်သောင်းတန်ဖိုးရှိ ဗီရိုနှစ်လုံး တို့ကိုလှူဒါန်းကြသည်။ အဆိုပါ စာကြည့်တိုက်ကို နိုင်ငံတော်၏ မတည်ငွေကျပ် ၁၀သိန်းနှင့်ပြည်သူလူထုထည့်ဝင်ငွေ ၄၉ သိန်းလေးသောင်း သုံးထောင် စုစုပေါင်းငွေကျပ် ၅၉သိန်းလေးသောင်း သုံးထောင်ဖြင့် တည်ဆောက်ခဲ့ပြီး RC ၊ သွပ်မိုး၊ တစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(၄၁၇)**

✻ ကျောဖုံးမှ

ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ခေါင်းဆောင်များအား လာအိုဝန်ကြီးချုပ်က လှိုက်လှဲခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် (၅) ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကျင်းပရာ လာအိုဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံ အနေဖြင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ၌ ACMECS အဖွဲ့၏ ပထမဆုံး ထိပ်သီးအစည်းအဝေးဖြစ်သော ပုဂံမြို့၌ ကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေးက ချမှတ်ခဲ့သော ပုဂံကြေညာစာတမ်းနှင့် အခြားထိပ်သီးအစည်းအဝေးများမှ ချမှတ်ခဲ့သည့် ကြေညာစာတမ်းများပါ ရည်မှန်းချက်များနှင့်အညီ လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ကြိုးပမ်းအကောင် အထည်ဖော်မှုများကို အားသစ်လောင်းရန် မိမိတို့၏ယနေ့ ဤနေရာတွင် ဆုံကြခြင်းဖြစ်ပါကြောင်း။

လုပ်ငန်းတာဝန်များ များပြားကြသည့်ကြားမှ ယခုလို ဆုံတွေ့နိုင်ခြင်းဖြင့် လုပ်ငန်းစဉ်တွေကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေး ပိုမိုတွန်းအားပေးနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ ယနေ့အစည်းအဝေးသည် ပြီးခဲ့သော ထိပ်သီးအစည်းအဝေးက အတည်ပြုခဲ့သည့် လုပ်ငန်းအစီအစဉ်များအပေါ် မိမိတို့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြန်လည်ဆန်းစစ်လေ့လာသုံးသပ်သွားမည်ဖြစ်ပြီး အောင်မြင်မှုများအပေါ် မျှဝေခံစားသွားကြမည်ဖြစ်သကဲ့သို့ ဆောင်ရွက်ဆဲ လုပ်ငန်းစဉ်များကိုလည်း အရှိန်အဟုန်မြှင့်တင်ကာ ဆက်လက်ဆောင်ရွက်သွားရေး ညှိနှိုင်းသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့ ACMECS နိုင်ငံများအကြား ကဏ္ဍ(၈) ရပ်ဖြစ်သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ လယ်ယာစိုက်ပျိုးရေး၊ စက်မှုနှင့်စွမ်းအင်၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ကဏ္ဍအသီးသီးမှ တိုးတက်မှုများ ရရှိနေသည်ကို တွေ့မြင်ရပါကြောင်း။

အဖွဲ့ဝင် နိုင်ငံများအကြား လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်သည်နှင့်အမျှ အဖွဲ့ဝင်နိုင်ငံများ၏ လူမှု-စီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမှုကို သာမက ဒေသတစ်ခုလုံးနှင့် ကမ္ဘာကြီးတစ်ခုလုံး တိုးတက်လာရေးကိုပါ အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ ထို့အပြင် မိမိတို့ ACMECS (၅) နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများလည်း ဖြစ်ကြပါကြောင်း၊ ထို့ကြောင့် မိမိတို့ ACMECS နိုင်ငံများ၏ အောင်မြင်မှုများသည် အာဆီယံပေါင်းစည်းရေး အစီအစဉ် (LAP) ၏ ရည်မှန်းချက်များနှင့်အညီ အာဆီယံနိုင်ငံများအတွင်း ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းစေရေးကိုလည်း မလွဲမသွေ အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၁၅ ခုနှစ် အာဆီယံ အသိုင်းအဝိုင်းထူထောင်နိုင်ရေး၊ အရှိန်မြှင့်တင် ဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ အာဆီယံနိုင်ငံများအကြား ကွာဟမှုလျှော့ချနိုင်ရန်အတွက် အာဆီယံနိုင်ငံများအတွင်း မိမိတို့ ဖွံ့ဖြိုးမှုနောက်ကျနေဆဲနိုင်ငံများအနေဖြင့်လည်း နှစ်ဆတိုး လုပ်ဆောင်သွားရန်လိုပါကြောင်း။

မြန်မာနိုင်ငံသည်လည်း ACMECS ၏ ရည်မှန်းချက်များနှင့်အညီ ACMECS ၏ လုပ်ငန်းစီမံချက်များ အပြည့်အဝ အောင်မြင်စေရေးအတွက် ACMECS နိုင်ငံအားလုံးနှင့် အတူတကွ တက်ညီလက်ညီပူးပေါင်းကာ ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ ယနေ့ထိပ်သီးအစည်းအဝေးကြီးသည် မိမိတို့အဖွဲ့ဝင်နိုင်ငံများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းပီသသော ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဖြစ်ပါကြောင်း။

ထိုချစ်ကြည်ရင်းနှီးမှုများမှ တစ်ဆင့် မိမိတို့အဖွဲ့ကြီး၏ ရည်မှန်းချက်များကို အောင်မြင်စွာ ဖော်ဆောင်ပေးပြီး မိမိတို့အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံသားပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုရရှိလာအောင် ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် (၅) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ရွှေတောင်စားစေတီတော်မြတ်ကြီး ရွှေထီးတော်တင် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ခြိမ့်ခြိမ့်သဲသဲဆင်နွှဲ

စစ်မင်း(တောင်တွင်း)

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပိန္နဲတောရပ်ကွက်တွင် တည်ထားကိုးကွယ်တော်မူသည့် ရွှေတောင်စားစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ၂၀၂၃ ခုနှစ် မတ်လ ၁၃ရက် နံနက် ၇ နာရီတွင် ခြိမ့်ခြိမ့်သဲသဲဆင်ယင်ကျင်းပခဲ့ပါသည်။ အခမ်းအနားအား ရွှေတောင်စားစေတီတော်မြတ်ကြီးအနီးရှိ မဟာဓမ္မာရုံကြီး၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည်ညို၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံဆင့်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ပါသည်။ သာသနာတော်အတွက် အထောက်အပံ့ကောင်းတစ်ခု၊ ဒေါက်တိုင်တစ်တိုင်ဟု ဆိုလျှင်မမှားပေ။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ ထားဝယ်မြို့မှ သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်ဆရာကြီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှူးပြုသော တပ်မတော်အရာရှိကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလှူရှင်များ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ယခုတင်လှူသည့် ထီးတော်မှာ စတုတ္ထထီးတော် ဖြစ်ပါသည်။ ရွှေတောင်စား စေတီတော်မြတ်ကြီးအား **“ဥဩကျော်လစ်၊ ရွှေတောင်မည်စားသက္ကရာဇ်”** ဟု မှတ်သားထားသည့် စကားအတိုင်း ကောဇာသက္ကရာဇ် ၁၁၂၄ခုနှစ်တွင် စတင်တည်ထား ကိုးကွယ်ခဲ့ပါသည်။ ထားဝယ်မြို့သည် **“ဥဩအော်သည်၊ထားဝယ်တည်”** ဆိုသည့် စကားအတိုင်းကောဇာသက္ကရာဇ် ၁၁၁၆ခုနှစ်တွင် စတင်မြို့တည်ခဲ့ရာ စေတီတော်ကြီးမှာ မြို့တည်ပြီး ရှစ်နှစ်အကြာတွင် တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ပါသည်။ စေတီတော်ကြီးအား မင်းရှင်ဇော်(ခေါ်)ရွှေတောင်စားမင်းကြီးက ကောဇာသက္ကရာဇ် ၁၁၂၄ခုနှစ် တပေါင်းလဆန်း ၅ ရက် (ဗုဒ္ဓဟူးနေ့) တွင် စတင်အုတ်မြစ်ချ တည်ထားကိုးကွယ်တော်မူခဲ့ခြင်းဖြစ်ပါသည်။ စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ရာ ပရိဝုဏ်တစ်ခုလုံး၏ အကျယ်အဝန်းမှာ ၅ ဒသမ ၅ ဧကခန့်ရှိပါသည်။ သက္ကရာဇ် ၁၁၂၆ခုနှစ် တန်ခူးလဆန်း ၁၀ ရက် (သောကြာနေ့) မွန်းတည့်ချိန်တွင် ရတနာထီးတော် တင်လှူခြင်းမင်္ဂလာ အခမ်းအနားကို ကျင်းပခဲ့ကြောင်း မှတ်တမ်းများအရ သိရပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုတို့ စိန်ဖူးတော်အားတင်လှူပူဇော်စဉ်နှင့် ကျိုင်းတုံမြို့ ဝစီပိတ်ဆရာတော်ဘဒ္ဒန္တကောဝိဒက အမွှေးနံ့သာရည် ပက်ဖျန်းပေးနေစဉ်။

သက္ကရာဇ် ၁၆၂၂ခုနှစ် ကဆုန်လပြည့်နေ့တွင် ဒုတိယထီးတော်အား တင်လှူခဲ့ပါသည်။ သက္ကရာဇ် ၁၂၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက် (သောကြာနေ့) နံနက် ၈ နာရီတွင် တတိယထီးတော် တင်လှူခဲ့ပါသည်။ ယခု ကောဇာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၂ရက်(ခရစ်နှစ် ၂၀၂၃ခုနှစ်၊ မတ်လ ၁၃ ရက်) ဗုဒ္ဓဟူးနေ့တွင် ကျင်းပသည့် ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသည်ကား စတုတ္ထထီးတော် တင်လှူခြင်းဖြစ်ပါသည်။ စတုတ္ထအကြိမ်ထီးတော်အား တတိယထီးတော်တင်လှူပြီး (၁၀၁)နှစ် အကြာတွင် တင်လှူပူဇော်ခဲ့ခြင်းဖြစ်သည်။

ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မဟာမင်္ဂလာ အခမ်းအနားအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကျိုင်းတုံဝစီပိတ်ဆရာတော် ဘဒ္ဒန္တဦးကောဝိဒလည်း တက်ရောက်ချီးမြှင့်ခဲ့သည်။ ရွှေတောင်စားစေတီ ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ အခမ်းအနားသို့ ထားဝယ်မြို့ပေါ်ရှိ မြို့သူ မြို့သားအင်အား ၃၀၀၀၀ခန့် တက်ရောက်ဖူးမြော်ကြည်ညိုကြပြီး အခမ်းအနားကြီးအား ကြက်ပျံမကျစည်ကားသိုက်မြိုက်စွာခြိမ့်ခြိမ့်သဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ထားဝယ်မြို့တွင် ကျင်းပခဲ့သော အခမ်းနားများအနက် အစည်ကားဆုံး၊ အခမ်းနားဆုံးပွဲတော်ကြီးဖြစ်ပြီး ရပ်ဝေးရပ်နီးမှ ထားဝယ်သူ ထားဝယ်သားများ လာရောက်ကြကြောင်း သိရပါသည်။

ထီးတော်အသစ်တင်လှူပြီးသည့် ရွှေတောင်စားစေတီတော်မြတ်ကြီးအား ဖူးတွေ့ရစဉ်။

တိုက်တိုက်ဆိုင်ဆိုင် ရွှေတောင်စား စေတီတော်ကြီးအားစတုတ္ထအကြိမ်မြောက် ထီးတော်တင်လှူပူဇော်ခဲ့သော မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်သည် စေတီတော်ကြီးတည်ထား ကိုးကွယ်သည့်နှစ် ၂၅၀ ပြည့်မြောက်သည့်နှစ်လည်းဖြစ်သည်။ စေတီတော်မြတ်ကြီး၏ နှစ် ၂၅၀ ပြည့် မင်္ဂလာအခမ်းအနားအား ၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ကျင်းပပြုလုပ်တော့မည် ဖြစ်ပါသည်။ စေတီတော်ကြီး၏ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရန်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ရွှေထီးတော်တင် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားနှင့် တွဲဖက်ပြီး ကျင်းပခဲ့သည်။ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို စေတီတော်အနီး မဟာဓမ္မာရုံကြီး၌ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များ၊ ကုမ္ပဏီများမှ ငွေကျပ်သိန်းပေါင်း ၆၅၅၈ ဒသမ ၈ သိန်းကို သဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြသည်။

ရွှေတောင်စားစေတီတော်မြတ်ကြီး၏ နှစ်(၂၅၀)ပြည့်တွင် ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအား ထူးထူးခြားခြားအောင်မြင်စွာ လှူဒါန်းပူဇော်နိုင်ခဲ့ပါသည်။ အခမ်းအနားကျင်းပပုံများအား နတ်လူသာဓုခေါ်ဆိုနိုင်စေရန်နှင့် ဗုဒ္ဓသာသနာ ရောင်ဝါနေသို့ ထွန်းလင်းစေခြင်းငှာ ရည်သန်ပြီး အောင်အတိတ်၊ အောင်နိမိတ် ယူကာရေးသားပူဇော်အပ်ပါသည်။

ရွှေတောင်စား စေတီတော်ကြီး ထီးတော်တင်လှူပွဲ အခမ်းအနားအား ထားဝယ်မြို့လုံးကျွတ် လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။

မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကြီးသုံးတိုက်တို့၏ အဓိပတိမဟာနာယကဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၏ထေရုပ္ပတ္တိအကျဉ်း

- စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အင်တိုင်းရွာ အဘဦးဘဝင်း-အမိဒေါ်နှင်းဦးတို့မှ ၁၂၉၅ ခု ဝါဆိုလဆုတ် ၁၃ ရက်၊ ၁၉၃၃ ခု၊ ဇူလိုင်လ ၁၉ရက်နေ့တွင် ဖွားမြင်တော်မူသည်။
- ၁၃၁၅ ခုနှစ်၊ ဝါဆိုလတွင် မုံရွာမြို့ သန်းစတိုးပိုင်ရှင် ဦးစော-ဒေါ်မြိုင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ သာစည်ကျောင်းဆရာတော် ဦးကိတ္တိမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။
- အင်တိုင်းရွာ တောင်ကျောင်း မုံရွာမြို့ လေသာတိုက် ဇောတိကာရာမကျောင်းတိုက် မန္တလေးမြို့ တောင်သမန်တိုက်၊ မစိုးရိမ်ကျောင်းတိုက်တို့၌ ပရိယတ္တိစာပေများ သင်ယူတော်မူသည်။
- ၁၃၁၉ ခုနှစ် အစိုးရစာချတန်းနှင့် ၁၃၂၄ ခုနှစ် သကျသီဟစာချတန်းတို့ကို အောင်မြင်တော်မူသည်။ သကျသီဟစာချတန်းအောင်မြင်သည်မှစ၍ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်၊ ဓမ္မနယူပဒေသကျောင်း၌ ကျောင်းထိုင်နာယကစာချ ဖြစ်တော်မူသည်။
- ၁၃၂၉ ခုနှစ်မှစ၍ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်သို့ ပြောင်းရွှေ့၍ စာပေပို့ချတော်မူသည်။

၁၃၆၅ ခုနှစ် တန်ခူးလကွယ်နေ့၌ အဂ္ဂါဘိဇဆရာတော် ဦးသိရန္ဒာဘိဝံသ ပျံလွန်တော်မူသည့်နောက် မစိုးရိမ်တိုက်သစ်ကြီး၏ အဓိပတိ မဟာနာယကဆရာတော် ဖြစ်တော်မူသည်။

- ၁၃၅၉ ခုနှစ်၌ ပြည်ကြီးတံခွန် မစိုးရိမ်တိုက်သစ်၊ ၁၃၆၇ ခုနှစ်၌ ဒေးဝန်းဦးပေစိ မစိုးရိမ်တိုက်သစ်တို့ကို တည်ထောင်တော်မူသည်။
- ငယ်လတ်ကြီး သကျသီဟစာသင်တန်းဆိုင်ရာ ကျမ်းစာများနှင့် စာချတန်းဆိုင်ရာ အဋ္ဌကထာကြီး သုံးကျမ်းအနက် ပါရာဇိကဏ်အဋ္ဌကထာ၊ အဋ္ဌသာလိနီအဋ္ဌကထာကျမ်းကြီးများကို အစအဆုံး ပလ္လင်ပေါက်ပို့ချပြီး သီလက္ခန် အဋ္ဌကထာကျမ်းကြီးကိုကား ယခုတိုင်ပို့ချတော်မူဆဲဖြစ်သည်။ ပြည်ကြီးတံခွန်မစိုးရိမ်တိုက်သစ်သို့လည်း စာသင်တိုက်တည်ထောင်သည်မှစပြီး နေ့စဉ်သွားရောက်၍ စာဝါပို့ချတော်မူသည်။

တိပိဋကပ ပါဠိ-မြန်မာအဘိဓာန်၊ အဘိဇမဟာရဋ္ဌဂုရု ဆရာတော်ဦးသုရိယာဘိဝံသ၏ ထေရုပ္ပတ္တိ၊ မစိုးရိမ်တိုက် ရာပြည့်အထိမ်းအမှတ် မစိုးရိမ်သမိုင်းနှင့်သာသနာဝင် အိန္ဒိယ၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ကိုရီးယား၊ အင်္ဂလန်၊ အီတလီ၊ ပြင်သစ်၊ အမေရိကန်နိုင်ငံ ဒေသန္တရခရီးစဉ် အတွေ့အကြုံများပါဝင်သည့် ပြည်ပခရီးသွားမှတ်တမ်းစာအုပ်များကို ရေးသားတော်မူခဲ့သည်။

ဩဝါဒပေးရာ၊ တရားဟောရာများဝယ် လောကီလောကုတ္တရာ စာပေအမျိုးမျိုးတို့ဖြင့် ထိထိမိမိအံဝင်ခွင်ကျ ပြောဟောတော်မူသည်။ လောကီရေးသာသနာရေးဆိုင်ရာ လောဘ၊ ဓမ္မပြဿနာအရပ်ရပ်တို့ကို ဦးဆောင်ဖြေရှင်းပေးတော်မူသည်။ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကြီး သုံးတိုက်ရှိ သံဃာတော် ၄၀၀၀ ခန့်တို့ကို အုပ်ချုပ်ကာ သာသနာပြုတော်မူလျက်ရှိသည်။

မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော် (၈၀)နှစ်၊ သိက္ခာတော် (၆၀)ဝါ ဘဝနတ်ထံပျံလွန်တော်မူ

မန္တလေး မတ် ၁၄

မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ်၊ ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) သက်တော် (၈၀) နှစ်၊ သိက္ခာတော် (၆၀)ဝါသည် ၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ (မတ် ၁၃ ရက်) ဗုဒ္ဓဟူးနေ့ ည ၁၁ နာရီ ၃၈ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ကြောင်း သိရသည်။

၁၃၈၄ ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက် (မတ် ၂၈ ရက်) ကြာသပတေးနေ့တွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

တောင်သူလယ်သမားများ၏ ဦးပိုင်လုပ်ကွက်များ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ရရှိနိုင်စေရန် စီမံဆောင်ရွက်ပေးမည်

နေပြည်တော် မတ် ၁၄

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို အစီအစဉ်(၇)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မေးခွန်း မေးမြန်းဖြေကြားခြင်းကဏ္ဍ၌ ယင်းမာပင် မဲဆန္ဒနယ်မှ ဦးသောင်းဟန်က **လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ရရှိရေးနှင့် လယ်ယာမြေမှတ်ပုံတင်လျှောက်ထားနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးမည့်အစီအမံများချမှတ်ထားခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးမြန်းခဲ့ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့် အညီ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များက ဥက္ကဋ္ဌအဖြစ် ပါဝင်သော သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တို့က မြေပြင်တွင် အမှန်တကယ် တရားဝင် လုပ်ကိုင်လျက်ရှိသော တောင်သူလယ်သမားများ၏ ဦးပိုင်လုပ်ကွက်များအားလုံး လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ရရှိနိုင်စေရန် စီမံဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပြီး ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က မျက်ခြည်မပြတ် အစဉ်တစိုက် ပေါင်းစပ်ညှိနှိုင်း၊ ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်

ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြေကြားစဉ်။ (သတင်းစဉ်)

ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ကျေးလက်ဒေသ တောင်သူများအားလုံးကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ရှင်းလင်းဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အပြင် လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိရေးနှင့်ပတ်သက်၍ လက်ကမ်းစာစောင် စောင်ရေတစ်သိန်းကိုဖြန့်ဝေအသိပေး ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင် ကြော်ငြာသင်ပုန်းကပ်ထားခြင်း၊ အသံချဲ့စက်ဖြင့် လှုံ့ဆော်ခြင်း၊ ပိုစတာစိုက်ထူခြင်း၊ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မတ်လ ၁၂ ရက်အထိ စာရင်းအရ လယ်ယာမြေ လုပ်ပိုင်ခွင့်လျှောက်လွှာပေါင်း ၆ ဒသမ ၈၉ သန်းကို တောင်သူလယ်သမားများ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ပြီး ဆက်လက် ဖြန့်ဝေဆောင်ရွက်လျက်ရှိပါကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရေးနှင့် စပ်လျဉ်း၍ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှထပ်မံနှိုးဆော်နိုင်ရေးအတွက် ဆက်လက်စီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး၏ ဖြေကြားချက်အပေါ် မေးခွန်းရှင် **ဦးသောင်းဟန်**က "ဖြေကြားချက်ဟာ လယ်သမားတွေ မနစ်နာဖို့အတွက် ကြိုးပမ်းဆောင်ရွက်ထားချက်တွေဖြစ်လို့ အားရပါတယ်၊ အရင်က မတ်လ ၃၁ ရက်ကို အပြီးလုပ်မယ်လို့ ဒုတိယဝန်ကြီး ဖြေဖူးပါတယ်။ ဒါပေမယ့် တစ်နှစ်အထိ စောင့်ဆိုင်း ဆောင်ရွက်ပေးမယ်လို့ သတင်းစာ၊ တီဗွီနဲ့ လယ်ယာစီးပွားစာစောင်တွေမှာ ကြေညာထားတာတွေ့ရပါတယ်၊ လယ်ယာမြေဥပဒေသစ်ရဲ့ လယ်သမားတွေအပေါ် စေတနာနဲ့ ပြဋ္ဌာန်းပေးတဲ့အခွင့်အရေး၊ ရပိုင်ခွင့်တွေဟာ ဘယ်ခေတ်ကမှ မရှိခဲ့ပါဘူး။ ဒါပေမယ့် ဥပဒေရဲ့သော့ချက်က လယ်သမားတွေ လက်ရှိမြေကို လုပ်ပိုင်ခွင့်မှတ်ပုံတင်မှ ဒီအခွင့်အရေးတွေက အသက်ဝင်မှာဖြစ်ပါတယ်။ လယ်/ဆည်နဲ့ထွေ/ အုပ်ကလည်း ကျွန်တော်မျှော်လင့်တဲ့အတိုင်း နယ်မှာဆောင်

ယင်းမာပင် မဲဆန္ဒနယ်မှ ဦးသောင်းဟန် မေးမြန်းစဉ်။ (သတင်းစဉ်)

ရွက်နေကြတာကို တွေ့နေရလို့ လယ်သမားတွေအတွက် စိတ်အေးရပါတယ်" ဟု ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

အလားတူ မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ၏**ဆောက်လုပ်ရေးလုပ်ငန်းများကို ကုမ္ပဏီများဖြင့် ဆောင်ရွက်ခဲ့ပါက ဒေသခံကြီးကြပ်ရေးအဖွဲ့များအား တာဝန်ပေး၍ ဆောင်ရွက်ရန်နှင့် လက်ရှိဆောက်လက်စ ပညာရေး၊ ကျန်းမာရေး စသည့် ဝန်ကြီးဌာနများ၏ အဆောက်အအုံများအပေါ် ကြီးကြပ်ရန် သက်ဆိုင်ရာ မြို့နယ်များမှ တာဝန်ရှိသူများကို အချိန်မီ ညွှန်ကြားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ တည်ဆောက်ရေး လုပ်ငန်းများအတွက် ကုမ္ပဏီ/ အဖွဲ့အစည်းများကို တင်ဒါခေါ်ယူ၍ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီက ရွေးချယ်ပြီး လုပ်ငန်းအပ်နှံ သဘောတူစာချုပ်ချုပ်ဆိုခြင်း၊ လုပ်ငန်းများပြီးစီးသောအခါ လုပ်ငန်းစစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းအရည်အသွေး စစ်ဆေးရေးအဖွဲ့တို့က လုပ်ငန်းများစစ်ဆေးပြီး လိုအပ်ချက်များရှိပါက လက်ခံသူ ကျေနပ်သည်အထိ ပြုပြင်ပေးရန် စသည့် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းလွှဲပြောင်းလက်ခံခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ပြန်လည် ဖြေကြားခဲ့သည်။

ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ၌ အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့သော **၂၀၁၂ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ အပါအဝင် ပြင်ဆင်ချက် အဆိုတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းများပြုလုပ်ပြီး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းဥပဒေကြမ်းအပေါ် မိုင်းရယ် မဲဆန္ဒနယ်မှ **ဦးစိုင်းသီဟကျော်** က "လာမယ့် ၂၀၁၄ ခုနှစ်မှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူသွားမှာ

မိုင်းရယ် မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ။
ဓာတ်ပုံ-ကျော်သူဝင်း

ဖြစ်ပါတယ်။ ဒီလို သန်းခေါင်စာရင်းကောက်ယူတဲ့အခါမှာ အဆင်ပြေချောမွေ့စေဖို့အတွက် အကောင်းဆုံးဖြစ်အောင် ဒီဥပဒေကြမ်းကို ဆောင်ရွက်တာ ဖြစ်ပါတယ်။ သန်းခေါင်စာရင်းကောက်ယူရာမှာ အချက်အလက်တွေ တိကျမှန်ကန်ဖို့ အရေးကြီးပါတယ်" ဟု ပြောပြခဲ့သည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီခွဲတွင်ရပ်နားခဲ့ပြီး အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို မတ် ၁၅ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ကျေးရွာများ စုဖွဲ့နေရာချထားပေးခြင်းအပါအဝင် မြေယာခွဲဝေအသုံးချစေခြင်းကိုဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၁၄

ယနေ့တွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၂၇)ရက်မြောက်နေ့ကို ကျင်းပရာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ တင်သွင်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက သတ်မှတ်ထားသော ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအတွင်း ပါဝင်သွားသော လယ်ယာခြံမြေဥယျာဉ်နှင့် ကျေးရွာများအား ပြန်လည်လုပ်ကိုင်စားသောက် နေထိုင်ခွင့်ပြုပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ရှင်းလင်းဆွေးနွေးရာတွင် ဝန်ကြီးဌာနက မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီကို ဦးဆောင်ဦးရွက်ပြု၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အညီ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း အကြောင်းအမျိုးမျိုးဖြင့် ဝင်ရောက်နေထိုင် ထွန်ယက်စိုက်ပျိုး၍အသက်မွေးဝမ်းကျောင်းပြုနေကြသော ပြည်သူများအတွက် တရားဝင်နေထိုင်လုပ်ကိုင်စားသောက်နိုင်ရန် ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး လာမည့်ဧပြီလအတွင်းတွင် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း ကျေးရွာများကိုစုဖွဲ့နေရာချထားပေးခြင်းအပါအဝင် ကျေးရွာသားများအား မြေယာခွဲဝေအသုံးချစေခြင်းကို အပြီးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ယင်းအဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ရှင်းလင်းသည်။

ယင်းအဆိုကို လွှတ်တော်က

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ရှင်းလင်းစဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

အဆိုနဲ့ပတ်သက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစောငြိမ်းသင်က "ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအတွင်း ကျရောက်သွားတဲ့ လယ်ယာခြံမြေဥယျာဉ်နှင့်ကျေးရွာများမှာ လယ်သမားတွေ၊ ကျေးရွာသူကျေးရွာသားတွေ ပြန်လည်လုပ်ကိုင်စားသောက်နေထိုင်ခွင့် ပြန်ရရင် ဝမ်းသာကြမှာဖြစ်ပါတယ်။ စိတ်အေးလက်အေး ပြန်လည်လုပ်ကိုင်စားသောက်နေထိုင်နိုင်ကြမယ့် အကျိုးကျေးဇူးတွေရရှိနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း ထီလုံကြိုးဝိုင်း/ ကြိုးပြင်တောအတွင်း ကျရောက်လျက်ရှိတဲ့ရွာများ၊ လယ်ယာမြေများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ထားသိမ်းကြိုးဝိုင်းအတွင်း ကျရောက်လျက်ရှိတဲ့ ရွာများ၊ လယ်ယာမြေများ၊ စာသင်ကျောင်းများအတွက် စိတ်အေးလက်အေး စိတ်ချလက်ချ နေထိုင်လုပ်ကိုင် စားသောက်နိုင်ကြမှာဖြစ်ပါတယ်"ဟု ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွှန့်တင် တင်သွင်းထားသည့် မြန်မာနိုင်ငံတွင် ခရီးသည် အများအပြား အသုံးပြုနေသည့် လေယာဉ်ကွင်းများနှင့် တောင်ထူထပ်သောဒေသရှိ လေယာဉ်ကွင်းအချို့တွင် လေယာဉ်များအန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရန်အတွက် ခေတ်မီလေကြောင်းထိန်း အကူကိရိယာများ၊ (NAVIGATIONAL AIDS) များနှင့် အရေးပေါ် အသက်ကယ်နှင့် မီးသတ်ယာဉ်များ အဆင့်တိုးမြှင့်တပ်ဆင်ထားရှိပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၅)ဦးတို့က ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၀)မှ ဦးမြင့်ထွန်းက အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့၏ သတ်မှတ်ချက်အရ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ၊ မီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေးယာဉ်များကို လေယာဉ်ကွင်း၏အဆင့်များပေါ် မူတည်၍ ဆောင်ရွက်ထားရှိရမည်ဖြစ်ပါကြောင်း၊ လေဆိပ်မီးသတ်စခန်းများတွင် တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များသည် မီးသတ်လေ့ကျင့်ခန်းများ၊ လေယာဉ်မီးငြိမ်းသတ်ရေးလေ့ကျင့်ခန်းများ၊ အသက်ကယ်ဆယ်ရေး လေ့ကျင့်ခန်းများ၊ မီးသတ်ပစ္စည်းကိရိယာများကို ကျွမ်းကျင်စွာ နေ့စဉ်လေ့ကျင့်နေရမည့်အပြင် ဆီမီးလောင်မှုများကို ကောင်းစွာငြိမ်းသတ်နိုင်အောင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ အသက်ကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးယာဉ်များ၊ မီးငြိမ်းသတ်ရေးပစ္စည်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ခြင်းများ

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ကို နိုင်ငံတော်က ရေတို၊ ရေရှည်စီမံချက်များရေးဆွဲပြီး ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချစ်လွင်က အဆိုရှင် တင်ပြဆွေးနွေးသွားသည့် အချက်များသည် လက်တွေ့ဘဝနှင့် ပေါင်းစပ် ဆွေးနွေးသွားခြင်းဖြစ်ပြီး ခေတ်မီပစ္စည်းကိရိယာတစ်ခုကိုဝယ်ယူအသုံးပြုမည်ဆိုပါက ကုန်ကျစရိတ်အမှန်ပင်ရှိသော်လည်း လိုအပ်ချက်အရ အသုံးပြုရသည့်ခေတ်မီ လေကြောင်းထိန်းအကူကိရိယာများသည် ပြည်တွင်း/ပြည်ပ ခရီးသွားများ၏ အသက်နှင့်နှိုင်းယှဉ်လိုက်ပါက မပြောပလောက်ပါကြောင်းနှင့် ဆောင်ရွက်သင့်သည့် အဆိုတစ်ခုဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က အဆိုအားထောက်ခံပါကြောင်းနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဝင်ငွေ၏ ၄၀ ရာခိုင်နှုန်းအား လေကြောင်းဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လေယာဉ်ပြေးလမ်းများ တိုးချဲ့တည်ဆောက်ခြင်း၊ လေကြောင်းလမ်းညွှန်မှု အထောက်အကူပြုစက်များ ဝယ်ယူတပ်ဆင်ခြင်းတို့ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လေယာဉ်မတော်တဆ ထိခိုက်မှုဖြစ်ပွားပါက ကယ်တင်နိုင်ရေးအတွက် ခေတ်မီ မီးသတ်ယာဉ်များ၊ လေယာဉ်ဆီ မီးငြိမ်းသတ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် Aircraft Rescue and Fire Fighting ဆိုင်ရာ Category သတ်မှတ်ချက်အတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာ ခရီးသည်တင်လေယာဉ်ကြီးများ ဆင်းတက်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာလေဆိပ်များအတွက် Category 9 အဆင့်ပါ သတ်မှတ်ချက်များအတိုင်း ဖြည့်ဆည်းဆောင်ရွက်ထားရှိပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုသည်။

အဆိုနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးညဏ်လင်းက "အဆိုကို အပြည့်အဝထောက်ခံပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ရဲ့ ဟဲဟိုးလေဆိပ်ဟာ ခရီးသည် ဝင်ထွက်မှုများပြားလာပါတယ်။ တောင်ပေါ်ဒေသဖြစ်လို့ ရာသီဥတုမကောင်းတာအပြင်၊ တောင်များဝန်းရံနေပါတယ်၊ အရင်ကတော့ လုပ်ငန်းဖြစ်ရုံအတွက် စဉ်းစားပြီး ဆောင်ရွက်ခဲ့ကြပါတယ်။ ဒါကလဲ နိုင်ငံရဲ့ငွေရေးကြေးရေး အခြေအနေကြောင့်လည်း ဖြစ်ပါတယ်။ အခုအချိန်မှာ ခရီးသည်တွေ လုံခြုံစိတ်ချစွာ

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချစ်လွင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

သွားလာနိုင်ရေးအတွက် နိုင်ငံတကာအဆင့်ရှိတဲ့ အန္တရာယ်ကင်းရှင်းရေးစနစ်များကို စံချိန် စံနှုန်းနဲ့အညီ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီခရီးသွား လုပ်ငန်းဟာ အရှိန်အဟုန်နဲ့ တိုးတက်နေတာမို့လို့ လုံခြုံရေး၊ ကယ်ဆယ်ရေးပစ္စည်းများ၊ လေယာဉ်ပြေးလမ်းများ၊ လေယာဉ်ကွင်းအဆောက် အအုံများကို စနစ်တကျစီစဉ်ဆောင်ရွက်သွားဖို့လိုမှာ ဖြစ်ပါတယ်"ဟု ပြောပြသည်။

အစည်းအဝေးကို ညနေ ၃ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

(၅) ကြိမ်မြောက် ဧရာဝတီ – ကျောက်ဖရား – မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ ထိပ်သီးအစည်းအဝေးသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ဆွေးနွေး

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း (၅) ကြိမ်မြောက် ဧရာဝတီ- ကျောက်ဖရား- မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မတ် ၁၃ ရက် နံနက် ၉ နာရီခွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဒုန်ချမ်းပဲလေ့စ်ဟိုတယ် Grand Ballroom ၌ ကျင်းပသည့် (၅)ကြိမ်မြောက် ဧရာဝတီ -ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။

ရှေးဦးစွာ (၅) ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး သဘာပတိ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ဆွေးနွေးပြောကြားရာတွင် ယနေ့အစည်းအဝေးကြီးက ပြီးခဲ့သည့် ထိပ်သီးအစည်းအဝေးတွင် အတည်ပြုခဲ့သော လုပ်ငန်းအစီအစဉ်များအပေါ် မိမိတို့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြန်လည်ဆန်းစစ်လေ့လာ သုံးသပ်သွားမည်ဖြစ်ပြီး အောင်မြင်မှုများအပေါ် မျှဝေခံစားသွားကြမည် ဖြစ်သကဲ့သို့ ဆောင်ရွက်ဆဲ လုပ်ငန်းစဉ်များကိုလည်း အရှိန်အဟုန်မြှင့်တင်ကာ ဆက်လက် ဆောင်ရွက်သွားရေး ညှိနှိုင်းသွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ ACMECS နိုင်ငံများအကြား ကဏ္ဍ (၈) ရပ်ဖြစ်သော ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု၊ လယ်ယာစိုက်ပျိုးရေး၊ စက်မှုနှင့်စွမ်းအင်၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ကဏ္ဍအသီးသီးမှ တိုးတက်မှုများ ရရှိနေသည်ကို တွေ့မြင်ရပါကြောင်း၊ ACMECS အဖွဲ့ဝင် နိုင်ငံများအကြားပို့ဆောင်ရေးပူးပေါင်းမှုကဏ္ဍတွင် ACMECS အဖွဲ့ဝင်နိုင်ငံ စီးပွားရေးစင်္ကြံများ၊ အထူးသဖြင့် တောင်မြောက် စီးပွားရေးစင်္ကြံ၊ အရှေ့အနောက် စီးပွားရေးစင်္ကြံ၊ မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်ရေးအောက်ရှိ တောင်ပိုင်းစီးပွားရေးစင်္ကြံစသည်တို့ကို အကောင်းဆုံး အသုံးချနိုင်ရန်အတွက် အလေးအနက်ညှိနှိုင်းရန် သဘောတူပါကြောင်း။

အက်မက်စ်မှ ချမှတ်ထားသော ရည်မှန်းချက်များ၊ အောင်မြင်မှုရစေရန်အတွက် အစိုးရပိုင်းသာမက ပုဂ္ဂလိကပိုင်းကိုလည်း အားဖြည့်ပေးရန်လိုအပ်ပါကြောင်း၊ အလားတူ ပုဂ္ဂလိကပိုင်းကလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ ယခုဆိုရင် တတိယအကြိမ် ACMECS ထိပ်သီးအစည်းအဝေးကစတင်ပြီး ACMECS အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို များစွာ အထောက်အကူ ဖြစ်စေပါကြောင်း၊ အလားတူ ACMECS စီးပွားရေးကောင်စီ အစည်းအဝေးများကို ပုံမှန်ပြုလုပ်ခြင်းဖြင့်လည်း ကောင်းမွန်သော စီးပွားရေးဝန်းကျင်ကို ဖန်တီးရာတွင်များစွာအထောက်အကူ ဖြစ်စေမည်ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းမှာပင် မိမိတို့၏ စီမံကိန်းများတွင် နည်းပညာနှင့် ငွေကြေးလိုအပ်ချက်များကို ဖြေရှင်းနိုင်ရန်အတွက် ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားရန်လည်း လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ACMECS ၏ ရည်မှန်းချက်များနှင့်အညီ လုပ်ငန်းစီမံချက်များ အပြည့်အဝ အောင်မြင်စေရေးအတွက် ACMECS နိုင်ငံအားလုံးနှင့် အတူတကွ တက်ညီလက်ညီ ပူးပေါင်းကာ ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း၊ လာမည့်ဆဋ္ဌမအကြိမ် ဧရာဝတီ- ကျောက်ဖရား- မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် (၅) ကြိမ်မြောက် ဧရာဝတီ- ကျောက်ဖရား- မဲခေါင် စီးပွားရေးမဟာဗျူဟာ ထိပ်သီးအစည်းအဝေး၏ ကြေညာချက်စာတမ်းရှေ့လုပ်ငန်းစဉ် ၂၀၁၃-၂၀၁၅နှင့် (၆) ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး ကျင်းပမည့်နေရာတို့ကို အတည်ပြုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက (၆) ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အထိမ်းအမှတ် မိန့်ခွန်းပြောကြားရာတွင် လာမည့် (၆)ကြိမ်မြောက် ACMECS ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် တာဝန်ယူမည့် မြန်မာနိုင်ငံ၏ ကိုယ်စားစကားပြောကြားခွင့်ရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

ယနေ့ကျင်းပသည့် (၅) ကြိမ်မြောက် ACMECS ထိပ်သီးအစည်းအဝေးတွင် ပြီးခဲ့သောထိပ်သီးအစည်းအဝေးအတွင်းက အတည်ပြုခဲ့သည့် ACMECS ငါးနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်နိုင်ခဲ့ပြီး ၂၀၁၃-၂၀၁၅ လုပ်ငန်းအစီအစဉ်ကို အတည်ပြုနိုင်ခဲ့သည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

မြန်မာနိုင်ငံတွင် ကျင်းပခွင့်ရမည့် (၆) ကြိမ်မြောက် ACMECS ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ရန် မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံး ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ ကျန်အဖွဲ့ဝင်နိုင်ငံများလည်း ACMECS စိတ်ဓာတ်ဖြင့် ပူးပေါင်းကူညီပေးကြပါရန် မေတ္တာရပ်ခံလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လာအိုနိုင်ငံဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး (၅)ကြိမ်မြောက်အက်မက်စ်ထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(၅) ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးတွင် အက်မက်စ်လုပ်ငန်းအစီအစဉ် (၂၀၁၃-၂၀၁၅) ကို အတည်ပြုကြပြီး ပုဂံကြေညာစာတမ်းနှင့် အခြားအက်မက်စ် ထိပ်သီးအစည်းအဝေးကြေညာချက်အားလုံးတွင် ချမှတ်ထားသည့် အဖွဲ့ဝင်နိုင်ငံများအကြား တည်ရှိသည့် အိမ်နီးချင်းကောင်းပီသမှု၊ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဦးတည်ချက်နှင့် ရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရန် ကတိကဝတ်ကို ထပ်မံဖော်ထုတ်ခဲ့ကြသည်။

အလားတူ ဧရာဝတီ- ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်)ဆိုင်ရာ ဖနောင်ပင်ကြေညာချက်နှင့် အက်မက်စ်လုပ်ငန်းအစီအစဉ် (၂၀၁၀-၂၀၁၂) ကို ပြန်လည်သုံးသပ်ကြပြီး ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများဖြစ်သည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့အဆင်ပြေရေး၊ လယ်ယာစိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်၊ ကျန်းမာရေး၊ ခရီးသွားလုပ်ငန်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင်အကောင်အထည်ဖော်မှုအခြေအနေကိုလည်း ကျေနပ်အသိအမှတ်ပြုခဲ့ကြသည်။

ထို့အပြင် အက်မက်စ်နိုင်ငံများနှင့် ပြည်သူများအကျိုးအတွက် ပိုမိုထိရောက်မှုရှိစွာ ဆောင်ရွက်နိုင်သည့် အက်မက်စ်ဖြစ်လာစေရန် တစ်နိုင်ငံချင်း၊ နှစ်နိုင်ငံနှင့်နိုင်ငံများစုပေါင်းကြိုးပမ်းမှုကို နှစ်ဆတိုးမြှင့်ရန် လိုအပ်သည်ကိုလည်း သဘောတူညီခဲ့ကြသည်။ **(သတင်းစဉ်)**

နေပြည်တော် မတ် ၁၄

သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

စွမ်းအင် ဝန်ကြီးဌာနသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပြည်တွင်းစွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးနှင့် နည်းပညာဖလှယ်ရေးကိစ္စများအား နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာနနှင့် Norwegian Developing Cooperation တို့၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

အထောက်အကူပြု

အဆိုပါဆွေးနွေးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားရာတွင် နော်ဝေနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရေ၊ မြေနှင့် သဘာဝသယံဇာတ အရင်းအမြစ်များပေါကြွယ်ဝမှုတူညီသဖြင့် နော်ဝေနိုင်ငံ၏ သဘာဝအရင်းအမြစ် သယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှုများ၊ ကြုံတွေ့ခဲ့ရသောအခက်အခဲများနှင့် အတွေ့အကြုံများ သည် မိမိတို့အတွက် အလွန်တန်ဖိုးရှိကြောင်း၊ ထို့အပြင် ၎င်းအချက်အလက်များသည် မိမိတို့၏ဝန်ထမ်းများ အရည်အသွေးမြှင့်တင်ရေး အတွက် များစွာအကျိုးရှိနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါဆွေးနွေးပွဲတွင် မိမိတို့ကြုံတွေ့နေရသော အခက်အခဲများကို နှီးနှောဖလှယ်ခွင့် ရရှိသဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင်လည်းကောင်း၊ စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ပိုမိုအကျိုးရှိလာနိုင်မည်ဖြစ်ပြီးများစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထင်အောင်၊ ဦးအောင်ထူး၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး H.E.Ms. Katja Nordgaard နှင့် တာဝန်ရှိသူများ၊ Norwegian Agency for Development Cooperation (Norad) မှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

နှီးနှောဖလှယ်ဆွေးနွေး

ဆွေးနွေးပွဲတွင် စွမ်းအင်ဝန်ကြီးဌာန ကိုယ်စားလှယ်က ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရာတွင်ကြုံတွေ့နေရသော အခက်အခဲများကို လည်းကောင်း၊ Norad ၏ ကျွမ်းကျင်ပညာရှင်များက နော်ဝေနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့နှင့် အခြားသဘာဝသယံဇာတ စီမံခန့်ခွဲခြင်းဆိုင်ရာ အချက်အလက်များ၊ နော်ဝေနိုင်ငံတွင် ကျင့်သုံးနေသော ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာမူဝါဒ၊ ဥပဒေ၊နည်းဥပဒေများ၊ အခွန်အခ ကောက်ခံမှုစနစ်များ၊နိုင်ငံပိုင်ဌာနများ၏ အရေးပါမှု အခန်းကဏ္ဍနှင့် လုပ်ငန်းလုပ်ကိုင်မည့်ကုမ္ပဏီများသို့ လုပ်ကွက်များ ငှားရမ်းလုပ်ကိုင်ခွင့်ပြုရာတွင် နိုင်ငံတော်အပိုင်းက အာမခံပေးမှုများ၊ နိုင်ငံ့ဝန်ထမ်းများ အဆင့်မြင့်နည်းပညာများ သင်ယူလေ့လာနိုင်ရေးနှင့် အရည်အသွေးမြှင့်တင်ရေးအတွက် လိုက်နာဆောင်ရွက်ရန် အချက်များ၊ သဘာဝအရင်းအမြစ်များ၊ ငှားရမ်းဆောင်ရွက်ရာတွင် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုက်နာဆောင်ရွက်ရန်အချက်များ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့နှင့် အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ၎င်းတို့ကြုံတွေ့ခဲ့ရသော အခက်အခဲများနှင့် အတွေ့အကြုံများအား ဆွေးနွေးကြရာ အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာသူများက အပြန်အလှန်နှီးနှောဖလှယ် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အက်မက်စ်အဖွဲ့ဝင် နိုင်ငံ
ဒုတိယသမ္မတ

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မတ် ၁၃ ရက် နံနက် ၁၁နာရီခွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဒုန်ချမ်းပဲလေ့စ်ဟိုတယ် Convention Hall ၌ ကျင်းပသည့် အက်မက်စ်အဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များနှင့်စီးပွားရေးလုပ်ငန်းရှင်များ အစည်းအဝေးသို့တက်ရောက် မိန့်ခွန်းပြောကြားသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ လာအိုနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ အက်မက်စ်

ပြည်တွင်းသတင်း

င်းမောက်ခမ်း
ကျာက်ဖရား-
ရှက်မှု မဟာ
စည်းအဝေးသို့
(သတင်းစဉ်)



အကျိုးအတွက်
ဆောင်ရွက်နိုင်
ဖြစ်လာစေရန်
ငံနှင့်နိုင်ငံများ
နှစ်ဆတိုးမြှင့်
လည်း သဘော
(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဗီယင်ကျန်းမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် မတ် ၁၄

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မတ် ၁၃ရက် ညနေ ၅ နာရီခွဲတွင် ခေတ္တတည်းခိုသည့် ဗီယင်ကျန်းမြို့ရှိ အေဆမ်ဗီလာ၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်း၊ မိသားစုဝင်များအား တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ဒုတိယသမ္မတက မြန်မာသံရုံးနှင့်စစ်သံရုံး ဝန်ထမ်း၊ မိသားစုများ၏ကျန်းမာရေး၊ ပညာရေးနှင့် နေထိုင်စားသောက်မှုကိစ္စရပ်များကိုမေးမြန်းပြီး နိုင်ငံတော်အနေဖြင့် စနစ်သစ်သို့ ကူးပြောင်းကာ နိုင်ငံတကာအဆင့်သို့ သွားနေခြင်းဖြစ်၍ မိမိတို့နိုင်ငံနောက်ကျမကျန်စေရေးအတွက်လေ့လာကြိုးပမ်းသင်ယူသွားကြရန် မှာကြားသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား သံအမတ်ကြီး၊ စစ်သံမှူးနှင့် မြန်မာသံရုံး၊ စစ်သံရုံး မိသားစုများက ဗီယင်ကျန်းမြို့ရှိ Mercure ဟိုတယ်၌ ဂုဏ်ပြုညစာ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ခေတ္တတည်းခိုသည့် ဗီယင်ကျန်းမြို့ရှိ အေဆမ်ဗီလာ၌ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်း၊ မိသားစုဝင်များအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် မတ် ၁၄ရက် နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် အေဆမ်ဗီလာမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ဝပ်တေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိ၍ ဒေသစံတော်ချိန်နံနက် ၇နာရီခွဲတွင် လာအိုလေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ဗန်ကောက်လေဆိပ်မှ ထိုင်းလေကြောင်းခရီးစဉ်ဖြင့် ဆက်လက် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

ဒုတိယသမ္မတအား ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းမှူးဗိုလ်ချုပ်ဆန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

...အဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအစည်းအဝေးသို့ ...ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်မိန့်ခွန်းပြောကြား

...မတ် ၁၄

...မှတ မြန်မာ ...မှတ ဒေါက်တာ ... မတ် ၁၃ ရက် ... လာအိုပြည်သူ့ ...တနိုင်ငံ ဗီယင် ...လေ့စ်ဟိုတယ် ...၌ ကျင်းပသည့် ... နိုင်ငံခေါင်း ...ရေးလုပ်ငန်းရှင် ...သို့တက်ရောက် ...သည်။ **(အပေါ်ပုံ)** ...နိုင်ငံကုန်သည် ...မှုလုပ်ငန်းရှင် ...၌ အက်မက်စ်

စီးပွားရေးကောင်စီ သဘာပတိ Mr.Kissana Vongsay က အက်မက်စ် စီးပွားရေးလုပ်ငန်းရှင်များ အစည်းအဝေး၏ သဘောထားကြေညာချက်နှင့် ရှေ့လုပ်ငန်းစဉ်တို့ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် လာအိုနိုင်ငံဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်တို့ကမိန့်ခွန်းပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မိန့်ခွန်းပြောကြားရာတွင် ACMECS စက်မှု လုပ်ငန်းရှင်များအသင်းကြီး၏ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် တင်ပြသောအချက် (၇) ချက်အားလုံးကို မြန်မာနိုင်ငံမှ ထောက်ခံပါကြောင်း ပြောကြားလိုပါသည်။ ယခုကဲ့သို့ အခွင့်ကြုံခိုက် မြန်မာနိုင်ငံရှိ စီးပွားရေးအခွင့်အလမ်းများကို အားလုံးသိရှိကြသည့်အတိုင်း ပြီးခဲ့သောနှစ်နှစ်အတွင်း မြန်မာနိုင်ငံအစိုးရသည် ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းများကိုထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ကမ္ဘာ့နိုင်ငံများအားလုံးစောင့်ကြည့်နေသည့်အောက်မှတည်ငြိမ်အေးချမ်းစွာဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အခြားနိုင်ငံများနည်းတူ ၂၁ ရာစုနှစ်တွင် မြန်မာနိုင်ငံပြည်သူများသည်လည်း တည်ငြိမ်အေးချမ်းမှုနှင့် သာယာဝပြောမှုကို လိုလားကြပါကြောင်း၊ ယင်းမျှော်လင့်ချက်များသည် မိမိတို့၏ပြုပြင်ပြောင်းလဲရေးဖော်ဆောင်မှုမှတစ်ဆင့် ရရှိလာမည်ဖြစ်ပါကြောင်း။

နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရေးအတွက် လိုအပ်သော ဥပဒေများပြုပြင်ပြောင်းလဲပေးခြင်းဖြင့် နိုင်ငံရေးဖော်ဆောင်မှုတွင် နိုင်ငံရေးပါတီများအားလုံး ပါဝင်လာနိုင်ပြီး လွှတ်တော်အတွင်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ အကျဉ်းသားပေါင်းများစွာကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ မီဒီယာကန့်သတ်မှုကို လျှော့ပေးခဲ့ခြင်း၊ လွတ်လပ်စွာ ပြောဆိုနိုင်မှုရှိလာသည့်အပြင် သမဂ္ဂများလည်း တည်ထောင်ခွင့်ပြုခဲ့ပါကြောင်း။

တစ်ချိန်တည်းမှာပင်၊ ထာဝရငြိမ်းချမ်းရေးရရှိရန် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုများပြုလုပ်ခဲ့ပြီး၊ ယခုအခါတည်ငြိမ်အေးချမ်းမှုကို ခံစားနိုင်ကြပြီဖြစ်ပါကြောင်း။

ပြုပြင်ပြောင်းလဲရေး ဖော်ဆောင်မှု၌ အခက်အခဲဆုံးအရာမှာ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ လူဦးရေသန်းပေါင်း ၆၀ ခန့်ရှိသော မြန်မာနိုင်ငံသည် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကမ်းလွန်နှင့် ကုန်းတွင်းထွက်ပစ္စည်း၊ ကျောက်သံပတ္တမြား၊ ရွှေနှင့်ငွေ၊ ကျောက်မီးသွေးနှင့် ကျောက်စိမ်းများအပါအဝင် သဘာဝအရင်းအမြစ် လွန်စွာကြွယ်ဝချမ်းသာသော နိုင်ငံဖြစ်ပါကြောင်း။

ပထဝီအနေအထားအရ မြန်မာနိုင်ငံသည် လူဦးရေများပြားသော အိမ်နီးချင်းနိုင်ငံ နှစ်နိုင်ငံအကြားမှာတည်ရှိပါကြောင်း၊ACMECS ၏ အရှေ့အနောက် စီးပွားရေးစင်္ကြံနှင့် တောင်-မြောက် စီးပွားရေးစင်္ကြံတို့ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ပါက ACMECSအဖွဲ့ဝင် နိုင်ငံများသာမက အာဆီယံအဖွဲ့ဝင်နိုင်ငံများပါအိန္ဒိယနှင့် တရုတ်ဈေးကွက်ထဲသို့ ဝင်ရောက်နိုင်မည်ဖြစ်ပါကြောင်း။

ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုပြုရေးသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုယန္တရားအဖြစ်တည်ရှိရာ မြန်မာနိုင်ငံအစိုးရအနေဖြင့် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာနိုင်ရေးအတွက် စီးပွားရေးနိုင်ငံများအတွက် ကုန်သွယ်မှုလွတ်လပ်ခြင်း၊ ကုန်သွယ်စီးဆင်းမှု လွယ်ကူစေခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ပြပွဲများ အားပေးခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာပညာရပ်များဆိုင်ရာများကို ဖော်ဆောင်ပေးခြင်းဖြင့် မြန်မာနိုင်ငံသည် ACMECS၊ အာဆီယံနှင့် အခြားသော မိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါကြောင်း။

ခရီးသွားလာရေး လုပ်ငန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ခရီးသွားလာရေး လုပ်ငန်းအတွက် အင်မတန်သာယာလှပသော နေရာများရှိပါကြောင်း၊ ရွှေရောင်တောက်ပလျက်ရှိသည့် စေတီပုထိုးကျောင်းကန်များသည် နိုင်ငံတစ်ဝန်းရှိပါကြောင်း၊ စွန့်စားသွားလာမှုကို နှစ်သက်သော ကမ္ဘာလှည့်ခရီးသွားများအတွက် ကျေးလက်တိရစ္ဆာန်မျိုးစုံ၊ သဘာဝအလှနှင့် ပြည့်နှက်လျက်ရှိသော သစ်တောများရှိပါကြောင်း၊ တောင်တက်ဝါသနာရှင်များအတွက် တောင်ထိပ်တွင် ဆီးနှင်းဖုံးနေသော ခါကာဘိုရာဇီတောင်သည် အရှေ့တောင်အာရှ၏ တစ်ခုတည်းသော ဆီးနှင်းတောင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံမှာ ထားဝယ်၊ ကျောက်ဖြူနှင့် သီလဝါဒေသတို့တွင် အထူးစီးပွားရေးဇုန်နှင့်အတူ ပင်လယ်ရေနက်ဆိပ်ကမ်းများ တည်ထောင်လျက်ရှိပါကြောင်း၊ ထားဝယ်ပင်လယ်ရေနက်ဆိပ်ကမ်းသည် ဗန်ကောက်မြို့မှ မိုင် ၁၈၀ သာ ကွာဝေးသည့်အတွက် မလက္ကာရေလက်ကြားကို ဖြတ်သန်းသွားရမည့် မိုင် ၁၄၀၀ သက်သာစေမည် ဖြစ်ပါကြောင်း။

ကျောက်ဖြူ ပင်လယ်ရေနက်ဆိပ်ကမ်းသည် ကုန်ပစ္စည်းများအတွက် transit trade center အဖြစ် တည်ရှိမှာဖြစ်ပြီး ကုန်ပစ္စည်းတွေကို တရုတ်နိုင်ငံအနောက်တောင်ပိုင်းအထိပေးပို့နိုင်မှာဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံကြမည့်သူများသည် ထိုအားသာချက်များကို အကျိုးစီးစားရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် အက်မက်စ်အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

(၆၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) နိုင်ငံတော်၏အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းမှူးဗိုလ်ချုပ်ဆန်းဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဧည့်ခန်းမဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က မြန်မာနိုင်ငံ မြို့ပြလေကြောင်းကဏ္ဍအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ၊ အပြည်ပြည်ဆိုင်ရာမြို့ပြ လေကြောင်းအဖွဲ့ချုပ်လုပ်ငန်းတာဝန်များနှင့် Arinexes (၁၈) ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံအပေါ် ဖြတ်ကျော်ပျံသန်းလျက်ရှိသော နိုင်ငံတကာလေကြောင်းလိုင်းများ၊ လေကြောင်းထိန်းသိမ်းရေး ကြီးကြပ်မှုအတွက် အသုံးပြုသည့် နည်းစနစ်များ၊ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းတက်နေသော နိုင်ငံတကာ လေကြောင်းလိုင်းများနှင့်ခရီးသည် သယ်ဆောင်မှု၊ ပြည်တွင်းလေကြောင်းပို့ဆောင်ရေးနိုင်ငံတော်ပိုင်၊ နိုင်ငံသားပိုင်နှင့် ဖက်စပ်လေကြောင်းလိုင်းများ၊ အနာဂတ်မျှော်မှန်းချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ရန်ကုန်၊ မန္တလေးနှင့် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၏ လုပ်ငန်းဆောင်ရွက်မှုများကိုမြှင့်တင်လုပ်ဆောင်သွားရန် လိုအပ်သလို နေပြည်တော်လေဆိပ်ကို အခြေပြု၍လည်း ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်းများတိုးတက်စည်ကားလာစေရန် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန် ဦးစားပေးလုပ်ဆောင်သွားရန်လိုအပ်ကြောင်း၊ လိုအပ်ချက်များရှိပါက နိုင်ငံတော်အနေနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်းမှာကြား သည်။

ယင်းနောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် နေ့စဉ်ပြည်တွင်းလေကြောင်းလိုင်း ခုနစ်လိုင်း၊ လေယာဉ် ၂၉ စီးနှင့် နိုင်ငံတကာလေကြောင်းလိုင်း ၂၂ လိုင်းမှ လေယာဉ်များနှင့် စင်းလုံးငှား လေယာဉ်များပျံသန်းဆင်းတက်လျက်ရှိပြီး ၂၀၁၂ ခုနှစ်တွင် ပြည်တွင်းခရီးသည် တစ်သန်းကျော်နှင့် ပြည်ပခရီးသည် နှစ်သန်းခန့်ခရီးသည်စုစုပေါင်း သုံးသန်းကျော်ဝင်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

လယ်ယာသုံးကိရိယာ ပစ္စည်းများ ပြပွဲကျင်းပ

ကျောက်ဆည် မတ် ၁၄

မြန်မာနိုင်ငံ၏ အဓိကနိုင်ငံခြားငွေရှာဖွေပေးနေသော စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်နှင့် တောင်သူများ စီးပွားရေးအဆင်ပြေစေရေးတို့အတွက် နိုင်ငံတော်မှ အဆင့်မြင့်လယ်ယာမြေများ ဖော်ထုတ်ခြင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်အတွက် ကြိုးစားဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် လယ်ယာသုံး ကိရိယာများကို တောင်သူများတွင်ကျယ်စွာ အသုံးပြုနိုင်ရေး စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံး စက်ကိရိယာများ ပြပွဲများကို ကျင်းပလျက်ရှိရာ မတ် ၁၀ ရက်က တံတားဦးမြို့ စက်မှုလယ်ယာဦးစီးဌာန၌ ကျင်းပခဲ့သည်။

စက်မှုလယ်ယာ ဦးစီးဌာနအနေဖြင့် လယ်ယာသုံး စက်ကိရိယာပစ္စည်းများကို တောင်သူလယ်သမားများ လက်ဝယ်တွင် အသုံးပြုနိုင်ရေးအတွက် တောင်သူများအနေဖြင့် ငွေကြေးတတ်နိုင်၍ လက်ငင်းစနစ်ဖြင့် ဝယ်ယူနိုင်သကဲ့သို့ ငွေကြေးမတတ်နိုင်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုပါကလည်း ရောင်းချပေးလျက်ရှိသည်။ ထို့အပြင် စက်ကိရိယာ ပစ္စည်းများ လက်တွေ့အသုံးပြုပုံ တို့ကိုလည်း အသေးစိတ်ရှင်းလင်း ပြသပေးသည်။ ယခုကဲ့သို့ လယ်ယာသုံး စက်ကိရိယာကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးသည့်အတွက် တောင်သူများ လွယ်ကူစွာ အသုံးပြုနိုင်သဖြင့် အဆင်ပြေကြောင်း ပစ္စည်းအရည်အသွေးကိုမူ မသုံးဖူးသေး၍ မသိကြောင်း၊ အရည်အသွေး ကောင်းမွန်သည်ဆိုပါက တောင်သူများအနေဖြင့် ဝယ်ယူအသုံးပြုကြမှာ ဖြစ်ကြောင်း တက်ရောက်လာသော တောင်သူတစ်ဦးက ပြောကြားသည်။

(ထွန်းထွန်းနိုင်)

ပြည်ကြီး-မန္တလာ အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းဖွင့်

မန္တလေး မတ် ၁၄

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်သော ပြည်ကြီး-မန္တလာ အဝေးပြေး ကုန်တင်ယာဉ်ရပ်နားစခန်းဖွင့်ပွဲကို မတ် ၁၃ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။ အဆိုပါ ယာဉ်ရပ်နားစခန်းသည် အမရပူရမြို့နယ် ကနောင်မင်းသားကြီးလမ်းနှင့် ထုံးဘိုဖြတ်လမ်းကြား ၆၃ လမ်းနှင့် ၆၆ လမ်းကြားရှိ မြေ ၆၂ ဒသမ ဝ၈ ဧက အကျယ်အဝန်းဖြင့် တည်ဆောက် အကောင်အထည်ဖော်ထားခြင်းဖြစ်သည်။ ကုန်တင်ဂိတ်များအတွက် အုပ်ချုပ်ရေးမှူး ရုံး၊ ရဲစခန်း၊ ဂိုဒေါင်များနှင့် စင်မြင့် ရေလှောင်ကန်၊ ရေအောက် ရေလှောင်ကန်များ၊ ရေတွန်းစက်ရုံများ၊ အဆောက်အအုံတွင် အခန်းပေါင်း ၃၄၉ ခန်း ပါဝင်သည်။ ကားဝင်းအတွင်း ၄၈ ပေ အကျယ် ကွန်ကရစ်လမ်း ၈၃၃၁ ပေနှင့် ၃၆ ပေ အကျယ် ကွန်ကရစ်လမ်း ၂၈၇၉ ပေ ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

ကားဝင်းတွင် လာရောက်လုပ်ကိုင်ကြမည့် ဂိတ်များအတွက် ဝယ်ယူရန်အခက်အခဲရှိပါက အဆင်ပြေစေရန် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ အခန်းငှားရမ်းသုံးစွဲခွင့်လည်း ပြုထားကြောင်း သိရသည်။ “ အဝေးပြေးကားတွေက ပေ ၄၀ လောက်အထိ ရှည်တာမို့ အရင်ကကွဲဆည်ကန် ကားဝင်းမှာ အဝင်အထွက်၊ ကုန်တင်ကုန်ချလုပ်ရတာ နည်းနည်းကျပ်ပါတယ်။ ဒီမှာက နေရာ ကျယ်ဝန်းတော့ ပိုပြီးအဆင်ပြေပါတယ်။ ကားကြီးတွေမြို့ထဲမဝင်ရတော့ အန္တရာယ်လည်းကင်းတာပေါ့။ အစဆိုတော့ အဆင်မပြေတာတွေ ရှိနိုင်ပေမယ့် မကြာမီမှာ အဆင်ပြေသွားမှာပါ။ မန္တလေးမြို့တော်စည်ပင်သာယာကလည်း လိုအပ်တာတွေဖြည့်ဆည်းပံ့ပိုးပေးပါတယ်”ဟု ဖွင့်လှစ်ထားသည့် ကုန်စည်ပို့ဆောင်ရေး မြိုင်ဟသ်ာဂိတ်မှူး ကိုသက်နိုင်ဦးက ပြောကြားသည်။

အေးမြ
ကိုယ်ပွား(မန္တလေး)

ဥပ္ပါတသန္တိစေတီတော်ဘုရားပွဲ၌ ဇာတ်ပွဲနှင့် အငြိမ့်ပွဲ အခမဲ့ ဖျော်ဖြေတင်ဆက်မည်

နေပြည်တော် မတ် ၁၄

နေပြည်တော်ရှိ တန်ခိုးကြီးဘုရားဖြစ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပဉ္စမအကြိမ်မြောက် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို မတ် ၁၈ ရက်မှ ၂၇ ရက် အထိ ဇာတ်ပွဲများ၊ အငြိမ့်ပွဲများနှင့်အတူ ကုန်စည်ပြပွဲ၊ ဈေးရောင်းပြပွဲများနှင့်ပါ အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ ဥပ္ပါတသန္တိ စေတီတော်ဘုရားတပေါင်းပွဲကြီး၌ ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ အနုပညာဦးစီးဌာနနှင့် နေပြည်တော်သီရိဂါမြို့နယ်သတင်းအစည်းအရုံးမှ ဦးဆောင်စီစဉ်ကာ ပွဲတော်ညများ၌ အဆင့်မြင့်မဟာရန်ကုန်မိုးဆန်းပန်းဇာတ်ပွဲ၊ ရွှေမန်းသဘင် ဗိုလ်ညီအစ်ကိုအဖွဲ့၊ မဟာရန်ကုန်အောင်ကျော်ဆန်းကတဲ့ပွဲ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရွှေမြန်မာအငြိမ့်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ရွှေမြင့်မိုရ်အငြိမ့်၊ ဂီတရုပ်ရှင်ဇာတ်သဘင် အောင်မျိုးချစ်ကတဲ့ဇာတ်ပွဲနှင့် ရွှေဖလားပထမဆုရ လူရွှင်တော်များဖြင့် ပွဲတော်ညများ၌ ရွှေပွဲလာရဟန်းရှင်လူပြည်သူအပေါင်းအား အခမဲ့ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း မြို့နယ်သတင်းအစည်းအရုံးမှ သိရှိရသည်။ **(၁၃၉)**

ပထမဦးဆုံးပုဂ္ဂလိကဘောလုံး သင်တန်းကျောင်း မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၌ ဖွင့်လှစ်

မန္တလေး မတ် ၁၄

မြန်မာနိုင်ငံမှ လူငယ်ဘောလုံး ဝါသနာရှင် ရွက်ပုန်းသီးဘောလုံးသမားများ မြန်မာနေရှင်နယ်လိဂ်လူငယ်အသင်းများကို ပရော်ဖက်ရှင်နယ်ဘောလုံးကစားသမား ဖြစ်လာစေရန်အတွက် ရည်ရွယ်၍ မန္တလေးမြို့ ချမ်းမြသာစည် ဘောလုံးအားကစားကွင်း၌ မတ် ၅ ရက်မှ စတင်ကာ မန္တလေးမြို့၏ ပထမဦးဆုံးပုဂ္ဂလိကဘောလုံးသင်တန်းကျောင်းကို ဖွင့်လှစ်ခဲ့ရာ အသက် ၁၆ နှစ်မှ ၂၀ သင်တန်းနှင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်သင်တန်းသား လူငယ်ဘောလုံး ပါရမီရှင် ၅၂ ဦး တက်ရောက်လျက်ရှိပြီး အထက်မြန်မာပြည် လက်ရွေးစင်ဘောလုံးသမားဟောင်းများအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း ဦးခင်မောင်လွင်လေးတို့ အုပ်ချုပ်ကြီးကြပ်လျက် ဘရာဇီးနည်းစနစ်မှူး၏ လမ်းညွှန်အကြံပေးမှုနှင့်အတူ Super Star Professional Football Training Centre မှနည်းပြဆရာများအဖြစ် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းများဖြစ်သော ဦးခင်မောင်လေး၊ ဦးပေါက်စီ၊ ဦးဟန်ထွန်း၊ ဦးဇော်ဇော်မျိုးနှင့် ဦးစိုးမြတ်မင်းတို့က သင်ကြားပို့ချပေးလျက်ရှိသည်။ နည်းပြဆရာများ၏ သင်ကြားမှု၊ ကစားသမားများ၏ ကြိုးစားမှုတို့ကြောင့် ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့သည့် ပထမအကြိမ် သင်တန်းသားများထဲမှ အသက် ၁၆ နှစ်အောက် ပဏာမမြန်မာ့လူငယ်လက်ရွေးစင်တစ်ဦး ရွေးချယ်ခံရသည့်အပြင် အမာခံလူငယ်ဘောလုံးတစ်သင်းစာ ထွက်ပေါ်လာခဲ့ကြောင်း သိရသည်။

ဝါသနာရှင် ပါရမီရှင် လူငယ်ဘောလုံးသမားများအနေဖြင့် ပရော်ဖက်ရှင်နယ်ဘောလုံးသမားအဖြစ် ဝင်ရောက်လိုသော်လည်း မိမိခြေစွမ်း ခြေစများကို ပြသခွင့်မရဘဲ ကလပ်အသင်းများနှင့် အဆက်အသွယ်အချိတ်အဆက်မရှိသောသူများအတွက် ဤသင်တန်းမှ ဘောလုံးပညာအရည်အသွေးကို ပိုမိုတောက်ပြောင်အောင် သင်တန်းမှ နည်းစနစ်ကျွမ်းကျင်ပြီး အတွေ့အကြုံရှိသည့် နည်းပြများက သင်တန်းသားဘောလုံးသမား၏ ခြေစွမ်းခြေစလိုအပ်ချက်များကို စနစ်တကျစိစစ်၍ ပရော်ဖက်ရှင်နယ်ဘောလုံးသမားတစ်ဦး ဖြစ်လာစေရန်နှင့် ဘောလုံးအခြေခံမှအစ ကျွမ်းကျင်ထက်မြက်လာစေရန်အတွက် လေ့ကျင့်သင်ကြားပေးကာ ကျောင်းပညာဆက်လက်မသင်ကြားလိုတော့သော ဘောလုံးဝါသနာထုံသူ လူငယ်များအတွက်လည်း အထူးသီးသန့်သင်ကြားပေး၍ ဤသင်တန်းမှ ဆင်းသက်လာသော သင်တန်းသားများအနေဖြင့် လူမှုရေးနားလည် တတ်စေရန်နှင့် လိမ္မာရေးခြားရှိလာစေရန် သွန်သင်ညွှန်ပြပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသွားပြီး အဆိုပါ သင်တန်းတက်လိုသူများအနေဖြင့် မန္တလေးမြို့ ဖုန်း-၀၉-၄၂၈၁၉၄၁၂၉၊ ၀၉-၉၁၀၄၆၃၆၁၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၀၂၇၀၀၄၀၁၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(အောက်ပုံ)**

တင်မောင် (မန်းကိုယ်ပွား)

နွေအတွက်ရေမခက်စေဖို့ ကျေးရွာများတွင်စက်ရေတွင်းများတူးဖော်

ကျောက်ပန်းတောင်း မတ် ၁၄

အညာဒေသတွင် နွေရောက်လာပြီဖြစ်သည်။ ယခုနှစ်တွင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ ဖြစ်သော မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ယမန်နှစ်ကထက် မိုးရွာသွန်းမှုနည်းပါးခဲ့သည်။ ရာသီဥတုမမှန်သောမုတ်သုံမိုးကြောင့် အလယ်ပိုင်းဒေသ မန္တလေးတိုင်းဒေသကြီးတွင် သာမန်နှစ်စဉ် ရွာသွန်းမြဲ မိုးရေချိန် ၁၃ လက်မအောက် လျော့နည်းရွာသွန်းခဲ့သည်။ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မိုးရွာသွန်းမှု နည်းပါးခဲ့သဖြင့် သောက်သုံးကန်များတွင် ရေခန်းခြောက်သွားသဖြင့် လူနှင့်တိရစ္ဆာန်များသောက်သုံးရေ အခက်အခဲနှင့် ကြုံတွေ့လာခဲ့ကြသည်။

အညာဒေသ မန္တလေးတိုင်းဒေသကြီးအတွင်း နွေအတွက်ရေမခက်စေရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကန်ပေါက်ကျေးရွာ၊ ပေါက်သစ်ကျေးရွာ၊ နဘဲတန်းကျေးရွာများတွင် ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနပိုင် (RG) အမျိုးအစား တွင်းတူးစက်ကြီးများဖြင့် စက်ရေတွင်းများ တူးဖော်ပေးခဲ့သည်။ **(အပေါ်ပုံ)** ဤကဲ့သို့ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက အညာကျေးလက်ဒေသများတွင် တွင်းတူးစက်ကြီးများဖြင့် သောက်သုံးရေများ တူးဖော်ပေးနေရာ ကျောက်ပန်းတောင်းမြို့နယ် ကန်ပေါက်ရွာတွင် လေးလက်မ၊ ပေ ၅၀၀ အနက် စက်ရေတွင်း တစ်တွင်း တူးဖော်ခဲ့ရာ ရေထွက်နှုန်း တစ်နာရီ ဂါလန် ၅၀၀၀ သန့်ရှင်းသော သောက်သုံးရေ ရရှိကြသဖြင့် အိမ်ထောင်စု ၂၁၃ အိမ်ထောင်မှ လူ ၁၀၈၆ ဦးတို့သည် ဝမ်းသာမဆုံးရှိနေကြသည်။ ထိုနည်းတူ နဘဲတန်းရွာတွင်လည်း လေးလက်မ ပေ ၅၀၀ အနက် စက်ရေတွင်းမှ သန့်ရှင်းသော သောက်သုံးရေ တစ်နာရီ ဂါလန် ၅၀၀၀ ထွက်ရှိနေသဖြင့် နဘဲတန်းရွာရှိ အိမ်ထောင်စု ၈၈ စုမှ လူဦးရေ ၅၆၀ တို့မှာ ဝမ်းသာပျော်ရွှင်မဆုံးရှိနေကြသည်။ ဆက်လက်၍ ကျောက်ပန်းတောင်းမြို့နယ် ရွာလုအုပ်စု ပေါက်သင်ကျေးရွာတွင်လည်း စက်ရေတွင်းတစ်တွင်း တူးဖော်ပေးနေသည်။ ကန်ပေါက်ကျေးရွာနှင့် နဘဲတန်းကျေးရွာများမှ တောင်သူလယ်သမားများသည် နွေအတွက် ရေမခက်တော့ဘဲ သန့်ရှင်းသော သောက်သုံးရေကို တိရစ္ဆာန်များအတွက်ပါ ဖူလုံစွာရရှိနေသည့်အတွက် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနကို ကျေးဇူးတင်မဆုံးရှိနေကြကြောင်း သိရသည်။

တင်လှိုင်(မိတ္ထီလာ)

ခြင်ဆေးခွေနှင့် ဖယောင်းတိုင်မီးထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားခြင်းသတိပြု

မီးလောင်လွယ်သော ပစ္စည်းများအနီးတွင် ဖယောင်းတိုင်မီးထွန်းခြင်း၊ ဘုရားမီး ပူဇော်ခြင်းကို မေ့လျော့ပေါ့လျော့စွာထားရှိခြင်း၊ ဖယောင်းတိုင်မီးထွန်း၍ စာကြည့်ခြင်း၊ အိပ်ပျော်သွားခြင်း၊ ဖယောင်းတိုင်မီးဖြင့် မော်တော်ကား ဓာတ်ဆီဖြည့်ခြင်း၊ အိပ်ရာ၊ ခုတင်အနီးတွင် ဖယောင်းတိုင်နှင့် ခြင်ဆေးခွေထွန်းခြင်း၊ မော်တော်ကား ခေါင်းခန်းကူရှင်ပေါ်တွင် ခြင်ဆေးခွေထွန်းခြင်း၊ မီးလောင်လွယ်သော ပစ္စည်းများအနီးတွင် ထားရှိခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားလျက်ရှိသကဲ့သို့ မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ခြင်ဆေးခွေနှင့် ဖယောင်းတိုင်မီးများ သုံးစွဲပါက လူစောင့်ထားရှိကြရန်၊ လူစောင့်မရှိပါက မီးငြိမ်းထားကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

တောင်သူများ အတုယူဖွယ်ရာ ဘက်စုံပေါင်းစည်းလယ်ယာ

စစ်ကိုင်း မတ် ၁၄

စစ်ကိုင်းမြို့နယ် ကုန်းကျေးရွာနေ တောင်သူ ဦးဇော်လင်းသည် ၎င်းပိုင် လယ်မြေ ၈ ဒသမ ၃၂ ဧကတွင် စိုက်ပျိုးရေးနည်းစနစ် မှန်ကန်စွာဖြင့် ပုလဲသွယ်စပ်မျိုးစပါး ၁ ဒသမ ၈၇ ဧက စိုက်ပျိုးထားပြီး ဂျုံနှင့် ကုလားပဲ ၃ ဧက စိုက်ပျိုးထားသည်။ အပိုဝင်ငွေရရှိရေးအတွက် ထိုင်ဝမ်ပြောင်းဖူး တစ်ဧက၊ ပင်ထောင် ခရမ်းချဉ်သီး တစ်ဧက၊ ငှက်ပျောပင် တစ်ဧက၊ သဘော်ပင် ၅၀၀၊ စိန်တစ်လုံးသရက် အပင် ၁၀၀ စိုက်ပျိုးထားသည်။

မွေးမြူရေးအနေဖြင့် ငါးမွေးမြူရေးကန်ကြီး သုံးကန်၊ ငါးသားပေါက်ကန် တစ်ကန်တို့တွင် ငါးကြင်း ကောင်ရေ ၅၀၀၀ နှင့် ငါးတန် ကောင်ရေ ၅၀၀၀၊ အသားတိုးကြက်ခြံ လေးခြံတွင် ကြက်ကောင်ရေ ၄၀၀၀ မွေးမြူထားသည်။ အကျိုးအမြတ်အနေဖြင့် ပုလဲသွယ်စပ်မျိုးစပါး နွေစပါး တစ်ဧကလျှင် တင်း ၂၀၀ထွက်ရှိသဖြင့် မနှစ်က စပါးဈေး ၄၀၀၀ ရှိ၍ ကုန်ကျစရိတ် ၅၅၀၀၀၀ ကိုနုတ်လျှင် တစ်ဧက ၄၀၀၀၀ ကျော် အကျိုးအမြတ်ရရှိသည်။ အသားတိုးကြက်ကိုလည်း ၄၅ ရက်တစ်ကြိမ် ထုတ်ရောင်းသည့်အတွက် တစ်နှစ်လျှင် ကြက်ခြံတစ်ခြံလျှင် ၁၂၅၀၀၀၀ စီ အကျိုးအမြတ်များ ရရှိသည်။ ငါးကန်မှ ငါးများကို တစ်နှစ်လျှင်တစ်ကြိမ်ထုတ်ရောင်းပါက ပေါက်ဈေးအရအကျိုးအမြတ်များစွာရရှိခဲ့ကြောင်း၊ တောင်သူ ဦးဇော်လင်းက ပြောကြားသည်။

ဝက်မွေးမြူနိုင်ရေးအတွက်လည်း မျိုးကောင်းမျိုးသန့်ဝက်များ မွေးမြူရန် မွေးကုဌာနနှင့် စီစဉ်နေကြောင်း၊ ငှက်ပျောနှင့်သရက်များမှလည်း ဝင်ငွေများ ရရှိလာတော့မည်ဖြစ်၍ မိသားစု စားဝတ်နေရေး ပြေလည်ပြီဖြစ်ကြောင်း၊ မိသားစုနှင့် လုပ်ငန်းများ မနိုင်မနင်းဖြစ်နေ၍ လုပ်သား လေးဦးခေါ်ယူကာ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နေကြောင်း သိရသည်။ **(၁၃၇)**

ပြည်တွင်းသတင်း

အရင်ဥပဒေထက် ပိုပြီးအားသာချက်များပါတယ်

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ကြီးမှူးကျင်းပသည့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကြမ်းနှင့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ နှိုင်းယှဉ်သုံးသပ်တင်ပြခြင်း အခမ်းအနားကို မတ် ၁၂ ရက်က ရန်ကုန်မြို့၌ ကျင်းပခဲ့ပြီး ၎င်းဥပဒေများနှင့်ပတ်သက်၍ တာဝန်ရှိပုဂ္ဂိုလ်များ၏ အမြင်များကို စုစည်းဖော်ပြလိုက်ပါသည်။

ဒေါ်နန်းအိအိဇာ (ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း)

ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းဥပဒေကြမ်းနဲ့ပတ်သက်ပြီးအမြင်ကို ပြောရရင် ပုံနှိပ်နှင့် ထုတ်ဝေလုပ်ငန်းရှင်များအတွက် ပိုပြီးကောင်းတဲ့ စည်းကမ်းဘောင်လေးနဲ့ရှိအောင် လုပ်ပေးထားတယ်လို့ အန်တီမြင်ပါတယ်။ ဘယ်အရာမဆို စည်းနဲ့ ကမ်းနဲ့ ဘောင်နဲ့ ဥပဒေရှိတော့ ကောင်းတာပေါ့။ အားလုံးအတွက် လုံခြုံတာပေါ့။ အရင်ဥပဒေထက် ပိုပြီးအားသာချက်များပါတယ်။ ဒါကြောင့် ထုတ်ဝေသူလုပ်ငန်းရှင်များရဲ့ အမြင်လည်းပါအောင် အမှုဆောင်အဖွဲ့ရဲ့ ဆုံးဖြတ်ချက်ချည်းပဲ မဟုတ်ဘဲနဲ့ ဒီအသင်းမှာပါဝင်တဲ့ အသင်းသားအားလုံးလည်းဖြစ်အောင် သူတို့ရဲ့ သဘောထားတွေလည်း ခံယူထားပါတယ်။ တချို့ကတော့ ကန့်ကွက်တာတွေရှိတာပေါ့။ လူအများကြီးနဲ့ အလုပ်လုပ်ရတာဆိုတော့ သဘောတူတဲ့သူလည်းရှိတယ်။ သဘောမတူတဲ့သူလည်းရှိတယ်။ ဒီဥပဒေအပေါ်မှာ နားလည်မှု လွဲတာလေးတွေလည်း ရှိချင်ရှိမယ်။ သဘောမပေါက်တာလည်းရှိချင်ရှိမယ်။ အားလုံးကတော့ ကောင်းဖို့အတွက် လုပ်နေကြတာပေါ့။ ကိုယ့်ရဲ့ ပုံနှိပ်ထုတ်ဝေခြင်းကို ကာကွယ်ပေးတဲ့ ဥပဒေလို့ယူဆပါတယ်။

ဒီဥပဒေကြမ်းဟာ ဖိနှိပ်/ချုပ်ချယ်ပြီး ကန့်သတ်တယ်လို့ပြောကြတာဟာ ဥပဒေကြမ်းအပေါ်မှာ နားလည်မှုလွဲနေတာ။ အဓိကက ဒီဟာက ပုံနှိပ်နှင့်ထုတ်ဝေသမားတွေ အတွက် အများဆုံးရည်ရွယ်တာ။ စာရေးတဲ့သူတွေအနေနဲ့ကတော့ အမျိုးဘာသာ သာသနာ ထိခိုက်နစ်နာမယ့်သဘောနဲ့ စကားလုံးတွေ ဖြစ်ရပ်တွေကိုတော့ ရှောင်ရှားရမှာပေါ့။ ညစ်ညမ်းတဲ့ စာပေတွေကတော့ မထုတ်သင့်ဘူး။ မဖြစ်သင့်ဘူးဆိုတာကတော့ ကိုယ့်ဟာကို သိရမှာပေါ့။ ဒီဥပဒေပြဋ္ဌာန်းမှုရယ် မဟုတ်ဘူး။ ကိုယ့်အသိစိတ်နဲ့ကာကွယ်ရမယ်၊ ထိန်းသိမ်းရမယ်။ အခုဒဏ်ကြေးသိန်း ၁၀၀ ကနေ ၅၀ ကို လျှော့တယ်ကြားတယ်။ နောက်ဆုံးသုံးသိန်းလို့ပြောတယ်။ အများကြီးလျှော့ပေးပါတယ်။ အရင်တုန်းက ဒဏ်ကြေးရယ်၊ လူရောထောင်ချမယ်ရော၊ အခုကင်းလွတ်သွားပြီဆိုတော့ ကောင်းပါတယ်။ အခုတော့ ပထမဒါတွေမလုပ်သင့်ဘူးဆိုပြီး ခေါ်ပြောမှာ။ အဲဒါမှ မလိုက်နာဘူးဆိုမှ နောက်တစ်ခါမှာ ဒဏ်ကြေးဆောင်ရမယ်။ တရားဥပဒေဘောင်အတွင်းက သန့်သန့်ရှင်းရှင်းလုပ်ရမှာပေါ့။ ထုတ်ဝေခွင့်တွေ အလွယ်တကူချထားပေးတာကောင်းပါတယ်။ စာရေးချင်တဲ့သူတွေအတွက် ကောင်းတာပေါ့။

ဦးသိန်းစိုး(တွဲဖက်အတွင်းရေးမှူး -၁၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း)

ဒီနေ့လုပ်တဲ့ပွဲဟာ အခြေခံအချက်အလက်တွေနဲ့ ဒီဥပဒေမူကြမ်းအပေါ်မှာ ကျွန်တော်တို့အဖွဲ့က အသေးစိတ်လေ့လာတွေ့ရှိထားသမျှကို ကျွန်တော်တို့အသင်းသားတွေကို ပြန်ပြီး မျှဝေပေးထားပါတယ်။ ကျွန်တော်တို့တာဝန်က ထုတ်ဝေသူအလွှာ၊ ထုတ်ဝေသူအသင်းအဖွဲ့ဝင်တွေကိုသိအောင် ရှင်းလင်းပွဲလေးလုပ်ပေးတာပါ။ ကျန်တဲ့သူတွေအားလုံးလည်း လေ့လာပြီးတော့ ဒီအပေါ်မှာ ထပ်ဆင့်ပြီးတော့ ကျွန်တော်တို့ မမြင်လိုက်တဲ့အချက်တွေ၊ ကျွန်တော်တို့ မသိသေးတဲ့အချက်တွေရှိတယ်ဆိုရင်လည်း ပိုပြီးပြည့်စုံစေချင်လို့ တင်ပြတာပါ။ ကျွန်တော်တို့က ငယ်ငယ်ကတည်းက ဒီလုပ်ငန်းမှာ တကယ်လက်တွေ့လုပ်နေတဲ့သူတွေ ဖြစ်တဲ့အတွက် ဒီဥပဒေကို လက်မခံနိုင်တာမရှိပါဘူး။ ဒီထက်ကောင်းမွန်ပြည့်စုံတဲ့ ဥပဒေ လာမလား။ ကောင်းရင်လက်ခံမယ်။ ဒီဥပဒေကို အတင်းလက်ခံနေတာမဟုတ်ဘူး။ ကျွန်တော်တို့ကြည့်တဲ့အခါမှာ မျှတတဲ့အတွက် လက်ခံတာ။ သံသယရှိတယ်ဆိုရင် ပြန်ပြီးထောက်ပြပါ။ ကျွန်တော်တို့ ပြင်ဆင်လို့ ရပါသေးတယ်။ မှန်မှန်ကန်ကန် လုပ်မယ့်သူတွေအတွက် အေးအေးချမ်းချမ်း လုပ်နိုင်မယ်ဆိုရင်ရပါပြီ။

စာနယ်ဇင်းကောင်စီ (ယာယီ) ကနေ ဒီလိုဥပဒေမျိုးချမှတ်ပေးမယ်ဆိုရင်လည်း လက်မခံနိုင်စရာမရှိပါဘူး။ တစ်ဖက်က ဒီဥပဒေနဲ့ပတ်သက်ပြီး ဘာမှတိတိကျကျမသိရသေးတဲ့ အခြေအနေမှာ ပြန်ကြားရေးဝန်ကြီးဌာနကနေပြီး ထုတ်ဝေသူများနဲ့ ပုံနှိပ်သူများဥပဒေမူကြမ်း ထွက်လာတယ်။ မထွက်ခင်မှာလည်း ကျွန်တော်တို့ကို ဝန်ကြီးရုံး နေပြည်တော်မှာပဲ ခေါ်ယူတွေ့ဆုံရှင်းပြတယ်။ ရှင်းပြပြီး ဒီဥပဒေဟာ အခြေခံအားဖြင့် လက်မခံနိုင်စရာ မရှိတဲ့အတွက် လက်ခံခဲ့ပါတယ်။ လက်မခံနိုင်တဲ့အချက်တချို့ကို အဲဒီမှာပါ ပြုပြင်ပြောင်းလဲသင့်ကြောင်း တစ်ခါတည်း အကြံပြု ဆွေးနွေးခဲ့ပါတယ်။ ပြန်ရောက်တဲ့အခါမှာလည်းအမှုဆောင်အဖွဲ့ကို အစည်းအဝေးခေါ်ပြီး အခြေအနေအရပ်ရပ်ကို ပြန်တင်ပြတယ်။ အားလုံးက

ပြင်ဆင်သင့်တာတွေကို ပြင်ဆင်ပြီးတော့ တညီတညွတ်တည်း ဝန်ကြီးဌာနကို အတည်ပြုချက်ပြန်ပြီး အကြောင်းပြန်ခဲ့ပါတယ်။ အဲဒီအပေါ်မှာ ကျွန်တော်တို့နေပြည်တော်မှာ တွေ့ခဲ့တဲ့မူကြမ်းနဲ့ သတင်းစာမှာပါလာတဲ့ မူကြမ်းမှာ ကျွန်တော်တို့ အကြံပြုချက်တွေကို ပြန်ပြီး ပြုပြင်ပြောင်းလဲပေးထား တာတွေကိုလည်း တွေ့ခဲ့ရပါတယ်။ ကျွန်တော် အကြံပြုချင်တာက ဒီထက်ပိုကောင်းတဲ့ ဥပဒေတစ်ခုပေါ်လာဦးမယ်ဆိုရင် ဒီထက်ပိုကောင်းမယ်။ ကျွန်တော်တို့ လောကသားတွေအတွက် အကျိုးကျေးဇူးရှိမယ်။ သူ့စည်း၊ သူ့ဘောင်၊ သူ့ဥပဒေအောက်မှာ ရှိမယ်ဆိုရင် ဘယ်လိုလူတွေက ဆွဲဆွဲ၊ ဘာမှပြောစရာ မရှိပါဘူး။ ကန့်ကွက်စရာမရှိဘူး။ ကောင်းတယ်ဆိုရင်၊ မှန်ကန်တယ်၊ မျှတတယ်ဆိုရင် အားလုံးကိုလက်ခံသွားမှာပါ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံစာရေးဆရာအသင်းကပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းအတွက် သဘောထားထုတ်ပြန်

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် အရေးပေါ်အစည်းအဝေးကျင်းပပြီး သဘောထားထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းအတွက် မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက် (၁/၂၀၁၃)

၁။ မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် ပါဝင်သောအသင်းဝင်များသည် စာပေရေးသားခြင်းကို တစိုက်မတ်မတ် လုပ်ကိုင်နေသူများဖြစ်ကြပြီး ပုံနှိပ်သူများ၊ ထုတ်ဝေသူများနှင့်လည်း ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အပြန်အလှန် ဆက်စပ်ယှဉ်တွဲ လုပ်ကိုင်နေကြသူများ ဖြစ်ပါသည်။

၂။ အများပြည်သူလေ့လာအကြံပြုနိုင်ရန် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြပါရှိသော ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းသည် တည်ဆဲဥပဒေများဖြစ်သည့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေနှင့် ၁၉၃၁ ခုနှစ် ပုံနှိပ်သူများ(အရေးပေါ်အာဏာ) ဥပဒေများနှင့် နှိုင်းယှဉ်ကြည့်ပါက ပုံနှိပ်သူများနှင့် ထုတ်ဝေသူများအတွက် ပိုမိုလွတ်လပ်ပျော့ပျောင်းစွာ လုပ်ကိုင်နိုင်ခွင့်များရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းပါ ပြင်ဆင်သင့်သည်ဟု ယူဆသောအချက်အလက်အချို့နှင့် ပတ်သက်၍ သက်ဆိုင်ရာသို့ အကြံပြုတင်ပြပြီး ကျန်အချက်အများစုနှင့် ပတ်သက်၍ မြန်မာနိုင်ငံစာရေးဆရာ အသင်း ဗဟိုအမှုဆောင်ကော်မတီအနေဖြင့် ကန့်ကွက်ရန်မရှိကြောင်း သဘောထားထုတ်ပြန်ပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများမပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများမပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသော ရေကစားမှုများမပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆိုမှု၊ ကြိုးပမ်းမှုများမပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

မြန်မာ့ရိုးရာမဟာသင်္ကြန်သီချင်း၊ သံချပ်စာသားများ ကြိုတင်တင်ပြရန်

ရန်ကုန်တိုင်းဒေသကြီး ၁၃၇၄ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် သင်္ကြန်သီချင်းစပ်ဆိုခြင်း၊ သံချပ်ထိုးခြင်း၏ စာသားများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မဟာသင်္ကြန်သီချင်း၊ သံချပ်စိစစ်ရေးဆပ်ကော်မတီသို့ ၂၂-၃-၂၀၁၃ ရက်နေ့ နောက်ဆုံးတင်ပြရန်နှင့် ကော်မတီ၏ခွင့်ပြုချက်ဖြင့်သာ သီချင်းစပ်ဆိုခြင်း၊ သံချပ်ထိုးခြင်းများ ဆောင်ရွက်ရန်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မဟာသင်္ကြန်သီချင်း၊ သံချပ်စိစစ်ရေးဆပ်ကော်မတီ
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- အမျိုးသား ယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- သရုပ်ပျက် ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်း တိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝ မပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

[illegible]

[illegible]

ပွဲတော်ကျင်းပရေးဦးစီးကော်မတီ

ယာဉ်မှတ်ပုံတင်လျှောက်ထားခြင်း

ယာဉ်အမှတ် အ/၈၂၄၈၊ Dai hatsu SL 4x2 ယာဉ်လက်ဝယ်ရှိသူ ဒုရဲမှူးကြီးရဲလင်း ၁၂/ဗဟန(နိုင်)၀၃၉၉၆၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့နယ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄ စီ၊ မြေကွက်အမှတ် ၈ ဂျီ၊ ၈ ဘီ/စီ၊ မြေကွက်တည်နေရာ အမှတ် ၂၅၀၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ် ဒေါ်သန်းအေး အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်သန်းအေး(မိခင်)နှင့် ဦးထင်ကျော်(ဖခင်)တို့ အသီးသီးကွယ်လွန်သဖြင့် (၁)ဒေါ်ကြည်စမ်းနွယ် ၁၂/ဥကတ(နိုင်)၀၁၃၄၉၇၊ (၂) ဦးတင်အောင်ကြီး ၁၂/တမန(နိုင်)၀၉၁၉၇၀၊ (၃) ဒေါ်မြတ်မြတ်ဦး ၁၂/တမန(နိုင်) ၀၈၄၁၃၅၊(၄)ဦးထင်အောင်ကျော် ၁၂/တမန(နိုင်)၀၈၈၂၄၃၊ (၅)ဒေါ်ဇင်နီ ၁၂/တမန(နိုင်)၀၈၄၁၃၆၊ (၆)ဦးတင်ဝင်းနိုင် ၁၂/ဥကတ(နိုင်)၀၂၇၆၂၅၊ (၇)ဦးထင်ကျော်ဖြိုး ၁၂/တမန(နိုင်)၀၇၁၆၃၂တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Green Luck Trading Co., Ltd

[illegible]

(၁) [illegible] (BE/AGTI) [illegible]

(၂) [illegible] (BE/AGTI) နှင့် B.[illegible]

(၃) [illegible] (Any graduate) [illegible]

(၄) [illegible] (Office နှင့် Internet [illegible])

(၅) [illegible]

(၆) [illegible]

[illegible]

Green Luck Trading Co., Ltd, [illegible] Bldg .No [illegible]

ပြည်တွင်းသတင်း

လူကုန်ကူးမှု တားဆီးကာကွယ်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေ

အမေး၊အရေး - သတင်းအဖွဲ့

မြန်မာနိုင်ငံသည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုနှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အစိုးရဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုဝန်ထမ်းအဖွဲ့အစည်းများဖြင့် အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ၂၀၁၂ မှ ၂၀၁၆ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးဆိုင်ရာ ဒုတိယအကြိမ် ငါးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၀ မှ ယခုအချိန်အထိ နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူကုန်ကူးမှု ၄၄၂ မှုမှ တရားခံ ၁၂၀၃ ဦးကိုဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး လူကုန်ကူးခံရသူ ၈၆၂ ဦးအား ကယ်တင်နိုင်ခဲ့ပြီ ဖြစ်သည်။

ကျွမ်းကျင်သူများ၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် လူဦးရေ ၂၇ သန်းခန့် ကျွန်ပြုခြင်းခံနေရပြီး လူသားချင်းအမြတ်ထုတ်မှုသည် အနောက်နိုင်ငံများတွင်သာမက မဖွံ့ဖြိုးသေးသောနိုင်ငံများတွင် ဖြစ်ပွားနေသည်။

လူလူချင်းခေါင်းပုံဖြတ် အမြတ်ထုတ်ခံနေရမှုများ လျော့နည်းပပျောက်ရေးအတွက် လူကုန်ကူးမှုနှိမ်နင်းရေးနှင့် မှုခင်းပညာပေးဟောပြောမှုများ ပြုလုပ်ပေးနေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲမှူးကြီးဝင်းခေါင်အား ကျွန်တော်တို့ သတင်းနှင့်စာနယ်ဇင်းမှ သတင်းအဖွဲ့သည် ပြည်သူများ ဗဟုသုတရစေရန် သိရှိလိုသည်များကို သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

မေး - မဲခေါင်ဒေသနိုင်ငံတွေထဲမှာ မြန်မာနိုင်ငံက လူကုန်ကူးမှုအများဆုံးခံရတဲ့ ဒေသထဲမှာပါဝင်တယ်လို့ သိရပါတယ်။ ဘာကြောင့်လဲဆိုတာ ရှင်းပြပေးပါခင်ဗျား။

ဖြေ - မဲခေါင်ဒေသမှာ မြန်မာ၊ တရုတ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် ခြောက်နိုင်ငံရှိပါတယ်။ အဲဒီဒေသတွင်း နိုင်ငံတွေထဲမှာ လာအို၊ ကမ္ဘောဒီးယားနဲ့ မြန်မာနိုင်ငံတို့ဟာ စီးပွားရေးနိမ့်ကျနေသေးတဲ့နိုင်ငံတွေထဲ မှာပါပါတယ်။ ဗီယက်နမ်လည်း အလားတူပါပဲ။ ဒီနိုင်ငံတွေထဲကမှ တရုတ်နိုင်ငံဘက်ကို အဓမ္မ ထိမ်းမြားလက်ထပ်ခြင်းအတွက် ရောင်းစားခံရတာနဲ့ ထိုင်းနိုင်ငံဘက်ကို ပြည့်တန်ဆာလုပ်ငန်းတွေမှာ ပြုလုပ်လိုမှုအတွက် ရောင်းစားခံရတာတွေ တော်တော်များပါတယ်။ ဒီအထဲမှာမှ လူကုန်ကူးခံရမှုရဲ့ ခရီးအဆုံးက တရုတ်နဲ့ထိုင်းဖြစ်နေပြီး မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတာကြောင့် လူကုန်ကူးခံရမှုနှုန်း မြင့်မားတဲ့အထဲမှာ အလိုလိုပါဝင်နေတာပါ။

မေး - မြန်မာနိုင်ငံမှာ လူကုန်ကူးမှုအများဆုံးခံရတဲ့ နေရာဒေသတွေနဲ့ ဘယ်လိုပုံစံမျိုးနဲ့ ရောင်းချခံရတယ်ဆိုတာပြောပြပေးပါဦး။

ရဲမှူးကြီး ဝင်းခေါင်

ဖြေ - ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကချင်၊ မန္တလေး၊ရန်ကုန်နဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွေကတော့ အများဆုံးလူကုန်ကူးခံရတာပေါ့။ တနင်္သာရီနဲ့မွန်လည်းပါတယ်။ တခြားလက်လှမ်းမမီတာတွေရှိသေးတယ်။ လူကုန်ကူးခံရတဲ့ပုံစံတွေက မျိုးစုံပါပဲ။ အဓမ္မထိမ်းမြားလက်ထပ်မှုက အများဆုံးပါပဲ။ နောက်ပိုင်းအဓမ္မထိမ်းမြားမှုအပြင် ပြည့်တန်ဆာပြုမှုတွေ၊ ကျွန်ပြုစေခိုင်းမှုတွေပါများလာတယ်။ နောက် တောင်းစားခိုင်းတာ၊ ကလေးသူတောင်းစားဂိုဏ်းပေါ့၊ တရုတ်မှာ မတွေ့သေးပေမယ့် မလေးရှားမှာတွေ့တယ်၊ မိလည်းမိတယ်။ ပြီးတော့ ကလေးမွေးစားတာတွေလည်းရှိတယ်။ ပုံစံအမျိုးမျိုးပဲ။

မေး - ဘယ်အသက်အရွယ်အပိုင်းအခြားတွေ လူကုန်ကူးခံရပါသလဲ။ လူကုန်ကူးခံရတဲ့ အကြောင်းအရင်းကို သိလိုပါတယ်။

ဖြေ - အသက်အရွယ်ကတော့ ၂၅ နှစ်ကနေ ၃၀ အထိ အရွယ်ရှိတဲ့ အမျိုးသမီးတွေအများဆုံးပါပဲ။ အခြေခံအကြောင်းရင်းကတော့ ယုံကြည်မှုလွန်ကဲခြင်းက အဓိကပါဝင်နေတယ်။

မေး - မြန်မာနိုင်ငံမှာ လူကုန်ကူးမှုပပျောက်ရေးအတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးမှာ ဘယ်ဌာန၊ ဘယ်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါသလဲ။

ဖြေ - မြန်မာနိုင်ငံမှာ လူကုန်ကူးမှုကာကွယ်ရေးအဖွဲ့ (ဗဟို) ကို နိုင်ငံတော်က ဖွဲ့စည်းထားပြီး ပြည်ထဲရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဝန်ထမ်းနှင့် ပြန်လည်နေရာချထားရေး၊ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြန်ကြားရေးဝန်ကြီးဌာနတွေက အစိုးရအရာရှိကြီးတွေပါဝင်ပါတယ်။ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့ ၂၆ ဖွဲ့ရှိပြီး အထူးအဖွဲ့ဝင် ၁၁၈ ဦးနဲ့ ပါဝင်ဖွဲ့စည်းထားပါတယ်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနဲ့လည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံက လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးဆိုင်ရာ ဒုတိယ ငါးနှစ်စီမံကိန်း ၂၀၁၂-၂၀၁၆ ကို ဩစတြေးလျနိုင်ငံအခြေစိုက် Walk Free အဖွဲ့ (ခေတ်သစ်လူကျွန်ပြုမှု အဆုံးသတ်ရေးလှုပ်ရှားမှုအဖွဲ့)နဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေး(ဗဟို) အဖွဲ့တို့ လက်မှတ်ရေးထိုးထားပြီး Walk Free ရဲ့ ကူညီပံ့ပိုးမှုနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာပါ။ Walk Free အဖွဲ့က တခြားနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းမရှိသေးဘဲ မြန်မာနိုင်ငံနဲ့ ပထမဆုံးပူးပေါင်းဆောင်ရွက်တာပါ။ အခြား NGO နဲ့ INGO တွေလည်း အများကြီးပါပါတယ်။

မေး - လူကုန်ကူးမှုတိုက်ဖျက်ရေးလှုပ်ရှားမှုတွေကို ဘယ်လိုပုံစံမျိုးတွေနဲ့ ဆောင်ရွက်သွားဖို့ ရှိပါသလဲ။ လှုပ်ရှားမှုအစီအစဉ် သိချင်ပါတယ်။

ဖြေ - ပြည်သူလူထုနဲ့ ဆက်သွယ်ပူးပေါင်းချိတ်ကမယ်။ Media Campaign တွေလုပ်ပြီး ဆောင်ရွက်မယ်။ ဒီနှစ်ထဲမှာပဲ အခြေခံပညာကျောင်းသုံးစာအုပ်တွေမှာ ထည့်သွင်းဖို့ စီစဉ်နေပါတယ်။ ရုပ်ရှင်လုပ်ငန်းကိုလည်း လူကုန်ကူးမှုနဲ့ပတ်သက်ပြီး လိုအပ်တဲ့ဇာတ်လမ်းတွေ ရေးပေးနေတယ်။ ကျေးလက်နေပြည်သူတွေဆီကို အများဆုံးပျံ့နှံ့တဲ့ ဇာတ်သဘင်တွေ၊ ကွက်စိပ်ဆရာတွေကိုလည်း လူကုန်ကူးမှုနဲ့ပတ်သက်ပြီး အသိပညာပေးနိုင်ဖို့ ဆောင်ရွက်နေတယ်။ ၂၀၁၂ကနေ ၂၀၁၆ အထိ ဒုတိယငါးနှစ်စီမံကိန်းကို အနုပညာရှင်တွေ၊ သတင်းမီဒီယာတွေနဲ့ ပူးပေါင်းမယ်။

မေး - ၂၀၁၁ စက်တင်ဘာလအတွင်းက တပ်ဆင်ပေးခဲ့တဲ့ ဆက်သွယ်တိုင်ကြားနိုင်ရန် ဖုန်းနံပါတ် Hot Line ခြောက်ခုကကော ထိရောက်မှုရှိပါသလား။

ဖြေ - အခု ၂၀၁၂ မှာ Hot Line ခြောက်ခုကနေ သတင်း ၂၂၁ ခု ဝင်တယ်။ လူကုန်ကူးမှု ကိုးမှုဖော်ထုတ်နိုင်ပြီး လူပျောက် ၅၂ မှုကို ရှာပေးနိုင်ခဲ့ပါတယ်။ ဖုန်းဆက်လာရင် နေရာ၊ အချိန်နဲ့ ဘယ်လိုကြုံတွေ့နေရတယ်ဆိုတာ ပြည့်ပြည့်စုံစုံ တိတိကျကျပြောနိုင်မှ အချိန်မီကယ်တင်နိုင်မှာဖြစ်ပါတယ်။ အချက်အလက်တွေ ပြည့်ပြည့်စုံစုံနဲ့ ဆက်သွယ်တိုင်ကြားဖို့ လိုအပ်ပါတယ်။

မေး - လူကုန်ကူးခံရသူတွေရဲ့ ဘဝကို မြှင့်တင်ပေးဖို့နဲ့ သူတို့ရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာတွေ ပြန်လည်မြင့်မားစေဖို့ ဘာတွေများလုပ်ဆောင်ပေးပါသလဲ။

ဖြေ - လူကုန်ကူးခံရသူတွေကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေးနဲ့ ပြန်လည်ထူထောင်ရေးဆိုပြီး အပိုင်းလေးပိုင်းခွဲလုပ်ဆောင်ပေးပါတယ်။ အဓိကကတော့ သူတို့တစ်တွေ လူမှုအသိုင်းအဝိုင်းထဲပြန်လည်ဝင်ရောက်နိုင်အောင် ကူညီပေးပါတယ်။

မေး - အခုနောက်ဆုံးမေးခွန်းပါ။ ဆရာ့အနေနဲ့ လူကုန်ကူးမှု တိုက်ဖျက်ရေးအဖွဲ့ကိုယ်စား ပြည်သူတွေကို ဘာများအသိပေးချင်ပါသေးသလဲ။

ဖြေ - အဓမ္မထိမ်းမြားလက်ထပ်ခြင်းခံရတာ၊ ပြည့်တန်ဆာပြုမူခြင်း ခံရတာတွေဟာ ကျွန်တော်တို့ရဲ့ နှမတွေ၊ အစ်မတွေပါပဲ။ လုပ်အားခေါင်းပုံဖြတ်ခံရတာ၊ ကျွန်ပြုစေခိုင်းခံရတာ၊ သူတောင်းစားအဖြစ် တောင်းစားခိုင်းခံရတာတွေဟာလည်း ကျွန်တော်တို့ နိုင်ငံသားတွေပါပဲ၊ အမျိုးကိုစောင့်ရှောက်ကာကွယ်တဲ့အနေနဲ့ မိမိတို့ သိသမျှ ပြန်လည်ဝေငှပေးဖို့နဲ့ ဖြစ်ပျက်မြင်တွေ့ကြားသိရတာတွေကို အကြောင်းကြားပေးဖို့ တိုက်တွန်းချင်ပါတယ်။

သတင်းအဖွဲ့ - အခုလိုဖြေကြားပေးတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ညွှန်ကြားရေးမှူးရဲမှူးကြီး ဝင်းခေါင်နဲ့လိုအပ်တဲ့အချက်အလက်တွေ ပံ့ပိုးပေးတဲ့ မြန်မာနိုင်ငံလူကုန်ကူးမှုနှိမ်နင်းရေးအဖွဲ့မှ ဒုတိယရဲမှူးကြီး ဥမ္မာရင်မိနဲ့ရဲမှူးခင်မောင်လှတို့ကို ကျွန်တော်တို့သတင်းအဖွဲ့က ကျေးဇူးတင်ရှိပါတယ်။

ပြည်တွင်းသတင်းနှင့် မှုခင်း

စမ်းသပ်သန်းခေါင်စာရင်းဆိုင်ရာ စာရင်းစစ်သင်တန်းဖွင့်

နေပြည်တော် မတ် ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန ၂၀၁၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်းဆိုင်ရာ စာရင်းစစ်သင်တန်းဖွင့်ပွဲကို မတ် ၁၁ ရက် နံနက် ၁၀ နာရီက အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရုပ်သိမ်း

ဗဟိုသန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် သန်းခေါင်စာရင်းကောက်ယူခဲ့မှုအခြေအနေ၊ ၁၉၈၃ ခုနှစ်နောက်ပိုင်း နှစ်ပေါင်း ၃၀ ကြာ မကောက်ယူနိုင်ခဲ့သည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်တွင် ကောက်ယူဆောင်ရွက်မည့်အခြေအနေ၊ ၂၀၁၄ ခုနှစ် အကြိုအဖြစ် ၂၀၁၃ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမည့်မြို့နယ် ၂၀ မှ ဆရာဆရာမများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား စာရင်းစစ်၊ စာရင်းကောက်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မှုအခြေအနေ၊ ယခု စမ်းသပ် သန်းခေါင်စာရင်းအတွက် ဆောင်ရွက်သည့် စာရင်းစစ်သင်တန်းဖွင့်လှစ်ပို့ချမည့် အစီအစဉ်များ၊ ယင်းသင်တန်းမှ ဆွေးနွေးပို့ချမှုများအပေါ် လက်တွေ့နယ်ပယ်၌ အသုံးပြု၍ တွေ့ကြုံရသည့် လုပ်ငန်းအခက်အခဲများကို ပြန်လည်သုံးသပ်၍ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ ၂၀၁၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူရန် ရွေးချယ်သတ်မှတ်ထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၂၀ မှ အလယ်တန်းနှင့် အထက်တန်းပြ ဆရာ ဆရာမ ၂၀ နှင့် နေပြည်တော်ရှိ အဖွဲ့အစည်းများမှ စာရင်းစစ်၊ စာရင်းကောက်ဆောင်ရွက်မည့် တာဝန်ခံများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သိန်းနီမြို့၌ ယာဉ်မတော်တဆမှု ဖြစ်ပွား

သိန်းနီ မတ် ၁၄

မူဆယ်-လားရှိုးသွား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၂၀၆/၃ နှင့် ၂၀၆/၄ ကြား ကွတ်ခိုင်-ကွမ်းလုံသွား လမ်းဆုံတွင် မတ် ၁၁ ရက် ည ၉ နာရီခွဲက မူဆယ်ဘက်မှ လားရှိုးဘက်သို့ ယာဉ်မောင်း သန့်ဇင်ဦး ၄၃ နှစ် ထောက်ကြန့်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူ မောင်းနှင်လာသည့် ၈၅/... ကွန်ဒါဖြူပြာ ကြားခြောက်ဘီးယာဉ်သည် လိမ္မော်သီး၊ ပန်းသီးများတင်ဆောင်၍ မောင်းနှင်လာစဉ် ယာဉ်နောက်လိုက်ဖြစ်သူ ဘိုဘိုကျော် ၃၃ နှစ် သိန်းနီမြို့ အေးရှောလ်ဝေါတိုးဂိတ်၌ ယာဉ်ကတ္တားခ ရှင်းပြီး လှည့်ကြည့်စဉ်ယာဉ်သည် ဘရိတ်ပေါက်၍ သိန်းနီမြို့တွင်းဘက်သို့ လိမ့်ဆင်းသွားရာ သိန်းနီမြို့ ရပ်ကွက်(၄) ဦးလှမောင်၏ နေအိမ်ခြံဝင်းအတွင်း၌ တိုက်မိပြီးနောက် တိမ်းမှောက်သွားခဲ့သည်။ **(အောက်ပုံ)**

ယာဉ်မောင်း သန့်ဇင်ဦးမှာ နေရာတွင် သေဆုံးခဲ့ပြီး ယာဉ်တိမ်းမှောက်မှုကြောင့် ရွှေသိန်းနီဂိတ် အဆောက်အအုံနှင့် ဦးလှမောင်၏ နေအိမ်အုတ်တိုက်အဖီ ပျက်စီးကာ ဆက်သွယ်ရေး ကွန်ကရစ်တိုင်တစ်တိုင် ကျိုးပြီး ဖုန်းလိုင်းများ ပြတ်တောက်သွားခဲ့ကြောင်း သိရှိရသည်။

ဦးချစ်လှ(ပြန်/ဆက်)

ယာဉ်တိမ်းမှောက်မှုဖြစ်ပွား ခရီးသည် ၁၀ ဦးဒဏ်ရာရရှိ

တောင်တွင်းကြီး မတ် ၁၄

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ဆတ်သွားရဲစခန်းပိုင် ရဲစခန်းအရှေ့ဘက် ၁၂ မိုင်ခန့်အကွာတွင် မတ် ၁၃ ရက် နံနက် ၈ နာရီခွဲခန့်က တောင်တွင်းကြီးမြို့ ဆတ်သွားရဲစခန်းပိုင်နယ်မြေ နေပြည်တော်- ချောင်းနက်- တောင်တွင်းကြီး ကားလမ်းမိုင်တိုင်အမှတ် (၆၁/၇)သဲကောကျေးရွာအနီးတွင် ကြမ်းကြားရွာမှ တောင်တွင်းကြီးမြို့သို့ ယာဉ်မောင်း မျိုးသန့်ဇော် ၂၅ နှစ် ခြေဆေးအိုင်ကျေးရွာနေသူ မောင်းနှင်သည့် ကြံသကာအိတ်များ တင်ဆောင်လာသော ၉၄/... ဖောအပြာရောင်ယာဉ်သည် တစ်ဖက်ယာဉ်ကြောမှမောင်းနှင်လာသည့် ဆိုင်ကယ်ကို တိမ်းရှောင်စဉ် လမ်းဘေးတွင် စုပုံထားသည့် သဲပုံကို ကျော်တက်ပြီး အရှိန်လွန် တိမ်းမှောက်သွားခဲ့ရာမှ ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသူ ၁၀ ဦးမှာ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရလူနာများအား တောင်တွင်းကြီးပြည်သူ့ဆေးရုံကြီးသို့ အချိန်မီ ဆေးကုသမှုခံယူနိုင်ရန် ဒုရဲအုပ် အေးမင်းထွန်းက ပို့ဆောင်ပေးခဲ့ပြီး အဆိုပါဖြစ်စဉ်ကို ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရှိရသည်။

ဟသ်ာ(တောင်တွင်းကြီး)

ဥပဒေဘောင်တွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
စိတ်ချမ်းသာ

ရော်ဘာပင် ၃၃၀၀၀ ခန့် မီးလောင်ကျွမ်း

မော်လမြိုင် မတ် ၁၄

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာ မော်လမြိုင်ထင်းကြီးဝိုင်းအတွင်း မြို့အဝင်ပေါက် တောင်ခြေခန့်မှန်းမြေပုံညွှန်း ယ-၆၅၄၀၅၅ နေရာ၌ မတ် ၉ ရက် နံနက် ၁၀ နာရီခွဲခန့်က ဦးတရုတ် (ဘ)ဦးကျင်ဇော်ထူး မုဒုံမြို့နေသူ၏ ရော်ဘာခြံအနီး ဆေးလိပ်တိုမီးမှ စတင်၍ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် ဦးတရုတ်၏ ရော်ဘာခြံဧက ၁၀၀ ခန့်ရှိသော ရော်ဘာစိုက်ပျိုးပြီး ငါးနှစ်သားခန့် သက်တမ်းရှိ ရော်ဘာပင် ၃၃၀၀၀ ခန့် မီးလောင်ကျွမ်းခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ တစ်ပင်လျှင် ဒေသပေါက်ဈေး ကျပ် ၁၀၀၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ်သိန်း ၃၃၀၀ ခန့်ဆုံးရှုံးခဲ့ကြောင်း အဆိုပါ မီးလောင်ရာသို့ ဒေသခံ ရော်ဘာ ခြံပိုင်ရှင်များနှင့် ခြံအလုပ်သမား ၇၃ ဦးတို့ပူးပေါင်း၍ မီးငြိမ်းသတ်ခဲ့ရာ ယင်းနေ့ည ၁၀ နာရီခွဲခန့်တွင် မီးငြိမ်းသွားကြောင်း သိရှိရသည်။

တင်ထွဋ်(မော်လမြိုင်)

ဇရပ်လှကျေးရွာတွင် တရားမဝင် နွားများသယ်ဆောင်မှု ဖမ်းဆီးရမိ

ရေကြည် မတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဇရပ်လှကျေးရွာ၌ မတ် ၈ ရက် နံနက် ၅ နာရီက ရေကြည်ရဲစခန်းမှ ဒုရဲအုပ်မောင်မောင်တာ၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်ကျော်မိုးနှင့်ရပ်မိရပ်ဖ ပူးပေါင်းအဖွဲ့တို့သည် ရေကြည်မြို့ ဇရပ်လှကျေးရွာနှင့် ကျုံးပျော်မြို့နယ်ချင်းဆက်တံတားသို့ သွားရောက်စစ်ဆေးခဲ့ရာ ဦးစိုးဝင်း ၅၀ နှစ် ကျွန်းကြီးရွာ ရေလဲအုပ်စု ဇလွန်မြို့နေသူအပါအဝင် ရှစ်ဦးအဖွဲ့သည် တရားမဝင် နွားထီး ၁၆ ကောင် ကာလတန်ဖိုးကျပ် ၃၂ သိန်းခန့်ကို တရားမဝင်သယ်ဆောင်သည့်အတွက် ဖမ်းဆီးခဲ့ပြီး ရေကြည်ရဲစခန်းမှ သက်သေခံပစ္စည်းများနှင့်အတူ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။

(၁၈၁)

ဈေးရှူး ဆစ်ဖါမည်

ကျွန်တော် မောင်အောင်မင်းခန့် ၁၂/စခန(နိုင်)၀၇၂၃၈၉ ၏ Pass Port No.MA-၀၀၀၁၇၂ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၀၇၆၄၁၊ ၀၉-၅၄၀၅၁၀၀

အများသိစေရန်

ကျွန်တော်၏သားဖြစ်သူ မောင်နိုင်အောင်လင်း ၁၂/ကမရ(နိုင်) ၀၅၁၃၈၇နှင့် ဇနီး မခိုင်ဇာဦးတို့နှင့်ပတ်သက်သည့် ငွေကြေး အရှုပ်အရှင်းကိစ္စများအပြင် ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးငွေသန်း ၁၂/ရကန(နိုင်)၀၂၂၂၂၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ မြေကွက်အမှတ် ၄၈၆၊ ဧရိယာ ၁ဒသမ ၆၃၀ဧကရှိ ပါမစ်မြေကွက်နှင့် မြေကွက်အမှတ်၄၈၇၊ ဧရိယာ ၁ဒသမ ၆၇၈ဧကရှိ ပါမစ်မြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အားလုံးအား ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်တည်ရှိပြီး၊ လက်ရှိပိုင်ဆိုင်စီမံရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်မျိုးခိုင် ၁၂/လမတ(နိုင်)၀၀၁၄၃၉ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်း ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို LL.B (စဉ်-၂၃၂၉၉) အထက်တန်းရှေ့နေ
ဒေါ်အိမ့်ဖြူနိုင် LL.B, DBL, DML (စဉ်-၂၉၇၄၆) အထက်တန်းရှေ့နေ

အာရှမြေ အိမ်-ခြံ-မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ်-၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၉၃၁၂၈၊ ၃၉၃၁၇၃



သံထည်ပစ္စည်းများ လေလံတင်ရောင်းချမည်ဖြစ်၍ ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် ၂၁ အကြီးစားစက်ရုံ (သထုံ)ရှိ Renovation လုပ်ငန်းစဉ်မှ ပေါ်ထွက်လာသော သံထည်ပစ္စည်းများ ရောင်းချမည်ဖြစ်၍ ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ကြည့်ရှုရမည့်နေရာ	- အမှတ် ၂၁၊ အကြီးစားစက်ရုံ (သထုံ)
လေလံပိတ်ရက်	- ၂၁-၃-၂၀၁၃ ရက် ၁၂း၃၀ နာရီ
တင်သွင်းရမည့်နေရာ	- စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် ၃၀၊ နေပြည်တော်

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၅၁၅၁၊ ၀၆၇-၄၀၅၀၅၈၊ ၀၆၇-၄၀၅၁၃၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ သုဝဏ္ဏဘုရားအနီး မြေကွက်အမှတ် ၁၇၀၊ မြေကွက်တည်နေရာအမှတ် ၁၇၀၊ ခရေမြိုင်လမ်း၃၀၊ သုဝဏ္ဏဘုရားအနီး၊ သဃ်ာန်းကျွန်းမြို့နယ် ဦးဝင်းလွင်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဦးဝင်းလွင် ကွယ်လွန်သဖြင့် ဒေါ်ခင်အေးအေးရီ ၁၄/ပသန(နိုင်)၀၁၀၃၄၀က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ သေစာရင်း၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းမြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေကွက်အမှတ် ၉၁/၄၆၈၊ ဧရိယာ ပေ၄၀×ပေ၆၀ အကျယ်အဝန်းရှိ ဒေါ်ခင်ခင်စု ၁၂/ဥကတ(နိုင်)၁၀၂၁၈၃ အမည်ပေါက် ပါမစ်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် ၄လမ်း၊ အမှတ် ၅၃၀ဟုခေါ်တွင်သော နှစ်ခန်းတွဲ ၃½ထပ်တိုက်မှ မြေညီထပ် (ခြေရင်းခန်း)(လျှပ်စစ်မီတာအပါအဝင်) တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဦးသုမောင်ကျော် ၁၂/ကမရ(နိုင်)၀၅၂၉၇၉နှင့် ဒေါ်ထုဘူ ၁၃/ကခန(နိုင်)၀၂၉၃၃၂တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးရှုမ ၉/မမန(နိုင်)၀၂၀၉၅၅၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှလွင် (LL.B) **တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၇၃)**
ဒေါ်လွင်မာ (စဉ်-၂၅၆၃၈)၊ ဦးအောင်ကျော်ကျော်မြတ် (စဉ်-၂၇၀၀၉)၊ ဦးထွန်းထွန်းနိုင် (စဉ်-၃၅၅၃၄)၊
ဒေါ်သန္တာမော် (စဉ်-၃၉၂၄၂)၊ ဒေါ်လဲ့လဲ့ဝင်း (စဉ်-၃၉၈၈၀)
အထက်တန်းရှေ့နေများ
အမှတ် ၅၅၊ ဒုတိယထပ်၊ အခန်း ၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ နတ်စင်တစ်ရာလမ်း၊ ဘုရားကုန်းကျေးရွာနေ ဦးဝင်းမြင့် ၁၂/သဃက(နိုင်)၀၄၄၉၂၄ ပိုင်ဆိုင်သော မြေကွက်အမှတ် (H /၁၁၀)၊ ဗဟို ၁၃လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့ အမည်တွင်သည့် ခြံမြေကို ဒေါ်အေးအေးမော် ၆/ထဝန(နိုင်)၀၈၃၁၇၈က အရောင်းအဝယ် ကတိစာချုပ် အဆက်အစပ်ဖြင့် စာချုပ်ချုပ်ဆိုရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မအေးအေးမော်
၆/ထဝန(နိုင်)၀၈၃၁၇၈
ဖုန်း-၀၉-၅၁၆၂၅၀၈

ကန့်ကွက်နိုင်ပါသည်

တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြတ်လေးရုံလမ်း၊ တိုက် ၄၆၈-၄၇၀၊ အခန်း ၂၀၃သည် ဒု-ဗိုလ်မှူးကြီးခင်မောင်အေး (ငြိမ်း)အမည်ဖြင့် တည်ရှိသော တိုက်ခန်းဖြစ်ပါသည်။ ဒု-ဗိုလ်မှူးကြီးခင်မောင်အေး (ငြိမ်း)မှ တိုက်ခန်းအိမ်ပေါ် တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာမူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ပါက စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

နိုင်ငံတကာအားကစားသတင်း



ပရီမီယာလိဂ်ပွဲစဉ် (၂၉) ကို လာမယ့် မတ် ၁၆ ရက်နဲ့ ၁၇ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲစဉ်တွေမှာ မန်ယူရော မန်စီးတီးတို့ပါ ပါဝင်ကစားကြမှာမို့ ပရိသတ်အကြိုက် ပွဲစဉ်တွေအဖြစ် တွေ့ကြရဦးမှာဖြစ်ပါတယ်။ တန်းစီဇယားမှာ ရပ်တည်မှုကောင်းဖို့အတွက် ယှဉ်ပြိုင်ရမယ့်ပွဲတွေပါဝင်သလို တန်းဆင်းဇုန်ကလွတ်မြောက်ရေးအတွက် ရုန်းကန်ကြမယ့် ပွဲတွေလည်း ပါဝင်နေတာမို့ရင်ခုန်စရာပွဲတွေအဖြစ်အားပေးကြရဦးမှာဖြစ်ပါတယ်။

မန်ယူနှင့် ရက်ဒင်း

ချန်ပီယံလိဂ်က ထွက်ခဲ့ရပြီး အက်ဖ်အေဖလားမှာလည်း သရေပွဲဖြစ်သွားတဲ့ မန်ယူဟာ ကျားနာလိုဖြစ်နေတာမို့ ဒီပွဲမှာတော့ ရက်ဒင်းကို သက်ညှာမှာမဟုတ်ပါဘူး။ ပြီးခဲ့တဲ့ပွဲတွေမှာ နည်းပြဖာဂူဆန်ရဲ့ အခင်းအကျင်းအားနည်းခဲ့လို့ဆိုတဲ့ ဝေဖန်မှုတွေကို ချေဖျက်ဖို့အတွက် ဒီပွဲမှာ ရက်ဒင်းကိုအနိုင်ရအောင် ကစားပါလိမ့်မယ်။ အခုအချိန်အထိ ဒီနှစ်ဘောလုံးရာသီမှာ အဝေးကွင်းတစ်ပွဲသာ အနိုင်ရထားတဲ့ ရက်ဒင်းရဲ့ ခြေစွမ်းကလည်း အားရစရာမရှိတာမို့ မန်ယူပရိသတ်တွေ စိတ်အေးချမ်းစွာနဲ့ နိုင်ပွဲအရသာကို ခံစားနိုင်မှာပါ။

အဲဗာတန်နှင့် မန်စီးတီး

ခြေစွမ်းအကျဘက်ယိမ်းယိုင်လာတဲ့ အဲဗာတန်တို့ ဒီပွဲဟာ အိမ်ကွင်းမှာကစားရပေမယ့် ပြိုင်ဘက်က မန်စီးတီးဖြစ်နေတာမို့ ခက်ခဲမှုနဲ့ ကြုံတွေ့ရဖို့ရှိနေပါတယ်။ အမှတ်ကွာဟမှုကျဉ်းမြောင်းဖို့အတွက် အားမလျှော့ဘဲကြိုးစားနေတဲ့ မန်စီးတီးတို့ကတော့ အဝေးကွင်းဆိုပေမယ့် အမှတ်ပြည့်ယူပြီး အိမ်ပြန်ဖို့အတွက် ကြိုးစားမှာဖြစ်ပါတယ်။ မန်စီးတီးမှာ တီဗက်ဇ်လည်း ခြေစွမ်းပြနိုင်နေတာမို့ မန်ချီနီရဲ့ ပွဲထွက်တိုက်စစ်မှူးအဖြစ် ပါဝင်လာဖွယ်ရှိနေပါတယ်။ အိမ်ရှင်တို့ အပြင်းအထန် ခုခံရမယ့်ပွဲပါပဲ။

ချယ်လ်ဆီးနှင့် ဝက်စ်ဟမ်း

စတန်းဖို့ဘရစ်ချ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့် ဝက်စ်ဟမ်းကိုချယ်လ်ဆီးတို့ လျှော့မတွက်မှ ရပါလိမ့်မယ်။ ဝက်စ်ဟမ်းဟာခြေပေါ်ရင် ကစားရခက်တဲ့အသင်းဖြစ်ပြီး အနိုင်ရဖို့ ခက်ခဲတာမို့ ချယ်လ်ဆီးတို့ အမာခံပွဲထွက်ကစားသမားတွေထုတ်သုံးမှ ရပါလိမ့်မယ်။ချယ်လ်ဆီးတို့ဖိဖိစီးစီးနဲ့ကစားရင် အိမ်ကွင်းမှာအခြေအနေကောင်းနိုင်ပြီး ပွဲရလဒ်ကောင်းကို ပုံဖော်နိုင်ပါလိမ့်မယ်။

စပါးနှင့် ဖူလ်ဟမ်

အိမ်ကွင်း၊ အဝေးကွင်းတွေမှာ ရလဒ်ကောင်းအောင် ကစားနိုင်နေတဲ့ စပါးဟာ ဒီပွဲကို ခြေကုန်ထုတ်ပြီး အနိုင်ရအောင် ကစားပါလိမ့်မယ်။ တစ်ဦးချင်းရော အသင်းလိုက်ပါ ကစားအားကောင်းတဲ့စပါးဟာ တစ်ခါတစ်ရံ တိုက်စစ်မှူးတွေ နားလည်မှုလွဲမှားပြီး ဆုံးရှုံးမှုတွေရှိတတ်တာကို ပြုပြင်နိုင်ရင် ဒီပွဲအတွက်တော့ အိမ်ရှင်စပါးတို့ကို ယုံကြည်မှုပေးရမှာဖြစ်ပါတယ်။

မိုးမြင့်လင်းလက် - ရေးသားသည်

မာရေးနှင့် ဂျိုကိုဗစ် စတုတ္ထအဆင့်တက်

ဗြိတိသျှနံပါတ်တစ်တင်းနစ်ကစားသမား အင်ဒီမာရေးသည် အမေရိကန်နိုင်ငံ ဘီအင်န်ပီပါရီဘတ်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် တရုတ်(တိုင်ပေ)မှ ယန်ရှန်ပုကိုအနိုင်ရပြီး စတုတ္ထအကျော့ပြိုင်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ အမေရိကန်အိုးပင်းနှင့် အိုလံပစ်ချန်ပီယံ အင်ဒီမာရေးသည် အချိန် ၁ နာရီနှင့် ၂၈ မိနစ်ကြာ ကစားပြီး ၆-၁၊၆-၂ ဖြင့် အနိုင်ရကာ နောက်တစ်ဆင့်တက်ရောက်သွားခဲ့ခြင်းဖြစ်သည်။ မာရေး **(အောက်ပုံ)**သည် အကြိုဗိုလ်လုပွဲတွင် ကမ္ဘာ့နံပါတ်တစ် ဂျိုကိုဗစ်နှင့်တွေ့နိုင်သည်။ ဂျိုကိုဗစ်က ဘူလ်ဂေးရီးယားတင်းနစ်ကစားသမား ဒီမီထရောက်စ်အား ၇-၆(၇-၄)၊၆-၁ဖြင့်နိုင်ပြီး စတုတ္ထအကျော့ တက်လာသည်။

ဝေလအသင်း၌ ဂျိုးအောလင်း ကစားမည်

လီဗာပူးကွင်းလယ်ကစားသမား ဂျိုးအောလင်းသည် ၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ဝေလအသင်းမှ ပါဝင်ကစားမည်ဖြစ်သည်။ အောလင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဝေလအသင်းမှ ပါဝင်ကစားပေးမည်ဖြစ်ရာ မတ် ၂၂ ရက်တွင် စကော့တလန်အသင်းနှင့်လည်းကောင်း၊ မတ် ၂၆ ရက်တွင် ခရိုအေးရှားနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဝေလအသင်းတွင် စပါးတောင်ပံကစားသမားဂါရက်ဘေးလ်လည်း ပါဝင်ကစားပေးမည်ဖြစ်သည်။

လီဗာပူး ချန်ပီယံလိဂ်ဝင်ခွင့်ရနိုင်

လီဗာပူးအသင်းသည် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရေးအဆုံးသတ်ကောင်းရန်လိုကြောင်း အသင်းခေါင်းဆောင် စတီဗင်ဂျရတ်က ပြောသည်။ လီဗာပူးအသင်းသည် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ဆဋ္ဌမနေရာ၌ ရှိနေသည်။ ချယ်လ်ဆီးနောက်မှ ခုနစ်မှတ်အကွာတွင် ရပ်တည်နေသည်။ လက်ရှိ ပွဲစဉ်တွင် အနည်းဆုံးသုံးပွဲထက်မနည်း အနိုင်ကစားနိုင်မည်ဆိုလျှင် စတုတ္ထနေရာသို့ရောက်ရှိရန် မျှော်လင့်ထားသည်။ ရာသီပိတ်ပြိုင်ပွဲများ အနိုင်ကစားသွားနိုင်မည်ဆိုလျှင် ချန်ပီယံလိဂ်ဝင်ခွင့်ရနိုင်သည်။

ကောင်းမြတ်သူ - ရေးသားသည်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- ပီအက်စ်ဂျီအသင်းက မန်ယူတိုက်စစ်မှူး ရွန်းနေကို ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- မန်စီးတီးကစားသမားများဖြစ်သည့် တီဗက်ဇ်၊ ဘာရီ၊ ဒီဇီကိုနှင့် နာဆရီတို့သည် လာမည့်နွေရာသီ၌ အသင်းမှထွက်ခွာကြမည်ဖြစ်ကြောင်း မီဒီယာများက ဖော်ပြသည်။
- ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး ကီဗင်ဂါမီရိုအား လီဗာပူးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။
- အသက် ၂၂ နှစ်အရွယ်ရှိ ကင်မရွန်းနောက်ခံလူ နီကိုလပ်စ်အင်ကူလူကို လာမည့်နွေရာသီ၌ မာဆေးလ်အသင်းက ခေါ်ယူရန်ဆွေးနွေးနေပြီဖြစ်သည်။
- လာမည့် နွေရာသီ၌ အသက် ၁၈ နှစ်အရွယ်ရှိ လီဗာပူးတောင်ပံကစားသမား ရာဟင်းစတားလင်းကို ကာဒစ် သို့မဟုတ် ဘော်လ်တန်အသင်းသို့ အငှားချထားမည်ဖြစ်သည်။
- ဘာစီလိုနာနည်းပြ တီတိုဗီလန်နိုဗာသည် ကင်ဆာရောဂါကုသမှုခံယူမှုများပြီးဆုံးပါက လာမည့်ဘောလုံးရာသီ၌ နည်းပြအဖြစ်ဆက်လက်တာဝန်ယူမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်း ဘောလုံးဒါရိုက်တာတစ်ဦးဖြစ်သည့် အင်ဒိုနီဇူဘီစာရီတာက အတည်ပြုပြောကြားသည်။
- ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက ၂၀၂၀ ဥရောပချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် နိုင်ငံအချို့၌ကျင်းပရန် ဆုံးဖြတ်သင့်ကြောင်း အကြံပြု ပြောကြားသည်။
- ရီးရဲမက်ဒရစ်အသင်းဂိုးသမား ကာဆီးလက်စ်သည် ဒဏ်ရာသက်သာလာပြီဖြစ်သဖြင့် လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်နေပြီဖြစ်သည်။

(၁၀၁)နှစ်မြောက် မွေးနေ့ဆုတောင်းလွှာ

ကျေးဇူးရှင်ဖခင်ကြီး **ဖူးဖူး-စောဂျွန်ဘွယ်လား**

(သစ်လုပ်ငန်း၊ တောင်ငူ)အား ယနေ့ ၁၅-၃-၂၀၁၃ရက်အထိ

(၁၀၁)နှစ်တိုင်အောင် အသက်ရှင်ခွင့်ပေး၍ ခံစားရသော

ကောင်းချီးမင်္ဂလာအပေါင်းကို ရေတွက်ချီးမွမ်းလျက်

ထာဝရဘုရားရှင်၏ ကောင်းချီးမင်္ဂလာအပေါင်း

ကြွယ်ဝစွာ ဆက်လက်ခံစားရပါစေကြောင်း

သားသမီးမြေးမြစ်များမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ကိုယ်စားလှယ်လွှဲစာအားရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်မ ဒေါ်လှမြင့်(ဘ ဦးထွန်းစိန်)၁၂/ရကန(နိုင်)၀၄၉၈၄၉ကိုင်ဆောင်သူက မောင်ဖြစ်သူ ဦးကျော်မြင့် J/RGN-၀၅၁၃၁၄ နှင့် ၁၂/တမန(နိုင်)၀၂၃၆၅၈ (ဘ ဦးထွန်းစိန်) အား ကျန်းမာရေးမကောင်းသည့်အတွက် ၂၀၁၁ခုနှစ် မေ ၁၆ ရက်စွဲဖြင့် ကိုယ်စားလှယ်လွှဲစာအမှတ် ၈၃၅၅ကို ရုပ်သိမ်းလိုက်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်လှမြင့် CG-၀၀၈၈၅၅
၁၂/ရကန(နိုင်)၀၄၉၈၄၉
အမှတ် ၁၈၊ ကျောက်ကုန်းလမ်း၊
(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အထည်စက်ရုံများနှင့် ပုဂ္ဂလိကများသို့ လွှဲပြောင်းငှားရမ်းမည့် အမှတ်(၂)အထည်စက်ရုံ(ပလိပ်)၊ ယခင် အထည်စက်ရုံအမှတ်(၁၁) (အင်းစိန်)စက်ရုံများရှိ ကုန်ချောလက်ကျန်ပစ္စည်းများကို ဈေးကွက်ပေါက်ဈေးဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ရောင်းချမည့်ပစ္စည်းများ	- ချည်အမျိုးမျိုး၊ ပိတ်ကြမ်း၊ အဖြူချွတ်ဆေးဆိုး၊ ပန်းရိုက်ပိတ်အမျိုးမျိုး၊ထိုးထည်များ၊ချုပ်ထည်များ
၃။ တင်ဒါပုံစံရောင်းချမည့်ရက်	- ၁၄-၃-၂၀၁၃ရက်မှ ၂၂-၃-၂၀၁၃ရက်ထိ (ရုံးချိန်အတွင်း)
၄။ တင်ဒါပုံစံရောင်းချမည့်နေရာ	- (က) ရုံးအမှတ်(၃၇)၊ အထည်အလိပ်လုပ်ငန်း၊ ရောင်းချဖြန့်ဖြူးရေးဌာန၊ နေပြည်တော်။ (ခ) အမှတ်(၁)အထည်စက်ရုံခွဲ၊ မရမ်းကုန်း (၇)မိုင်(၇)ဖာလုံ ရန်ကုန်-အင်းစိန်လမ်း (ဈေးကွက်ရှာဖွေရေးရုံး)
၅။ တင်ဒါပေးသွင်းရမည့် နောက်ဆုံးရက်၊ အချိန်၊ နေရာ	- ၂၅-၃-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီ၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်။

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၅၆၊ ၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၂၁၃၊ ၀၆၇-၄၀၈၃၆၉၊ ၀၁-၆၆၁၃၀၅၊ ၀၉-၅၀၃၄၀၂၄တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အထည်အလိပ်လုပ်ငန်း

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဇော်ဝင်းနိုင်၏ ပထမတန်းစက်ခန်းအုပ်လက်မှတ် စမပ ၇/၂၀၁၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၁၆၄၆၉၀၂

အဆိုပြုငွေပေးသွင်းရန် အသိပေးအကြောင်းကြားခြင်း

သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးကော်မတီ၏ စာအမှတ်-ဖ-၂/၅-၂၂၇/၂၀၁၃ခုနှစ်မတ် ၄ရက်နေ့စွဲပါဖြင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ **ဦးအဒီး(ခ)ဒီးရိ ၁/မကန(နိုင်)၀၉၅၉၄၆** အား အဆိုပြုငွေပေးသွင်းရေးကိစ္စနှင့်ပတ်သက်၍ သတင်းစာများဖြင့်ထပ်မံထည့်သွင်း အသိပေးကြေညာရေးဆောင်ရွက်သွားရန် အပြုသဘောဆောင် အသိပေးအကြောင်းကြားချက်အရ ၂၀၁၂ခုနှစ် မတ် ၂ရက်မှစ၍ အဆိုပြုငွေ ပေးသွင်းခွင့်ရရှိခဲ့သော ဦးအဒီး၏ ဆိုင်ခွန် ဖော်ထုတ်လုပ်ကွက်အမှတ်(၃၂၀၊ ၃၂၃၊ ၃၂၆၊ ၃၂၉၊ ၃၃၂)လုပ်ကွက် (၅)ကွက်အတွက် အဆိုပြုငွေများကို သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)သို့ အမြန်ဆုံးဆက်သွယ်ဆောင်ရွက်၍ ကိုယ်တိုင်ပေးသွင်းသွားရန်နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းဌာန၏ ညွှန်ကြားချက်များအားဆက်လက်ပြီး တိုက်ရိုက်ခံယူဆက်သွယ်လိုက်နာဆောင်ရွက်သွားရန် ထပ်မံ၍ အသိပေးအကြောင်းကြားပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးကော်မတီ၏ညွှန်ကြားချက်အရ-

Board of Directors, Shwe Myaing Yadanar Jade & Gems Co., Ltd.



အမြန်ဆက်သွယ်ပါ

ယာဉ်မောင်းတစ်ဦး (ဆိုင်ကားမောင်းရန်)၊လစာကျပ် ၁၈၀၀၀၀။

ဖုန်း-၀၉-၇၃၂၀၅၈၁၃

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

အမေရိကန်နိုင်ငံ၊ No.2146, 71St Street, Brooklyn N.Y-11204 U.S.A နေ

Mr.Benjamin Fong Chen နှင့် Mrs.Meken Chi Hom တို့၏သား

Mr.Jorge Fong
Software Developer
For The City of New York (DOITT)

နှင့်

ရန်ကုန်မြို့၊ အမှတ် (၆၆/ D)၊ ကမ်းနားလမ်း၊ အလုံမြို့နယ်နေ
ဦးမောင်အေး-ဒေါ်လေးနွယ်တို့၏သမီး

မအေးသန္တာ(ခ)ဂျူလီယာကြည်
B.A (History)
Chinese Language Teacher

တို့သည် ၆-၃-၂၀၁၃ရက်တွင် Western Park Restaurant ၌ ဂုဏ်သရေရှိ လူကြီးမိဘဆွေမျိုးများ နှစ်ဖက်ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

Mr.Jorge Fong - **မအေးသန္တာ(ခ)ဂျူလီယာကြည်**

ခရမ်းလွန်ရောင်ခြည်တွေ လွန်ကဲနေတယ်ဆိုပါလား

တစ်ခုသော နံနက်ခင်းတွင် မောင်ပျာယာတစ်ယောက် ပျာယီး ပျာယာနှင့် ရောက်ချလာလေသည်။ သူ ဝတ်ဆင်ထားပုံမှာလည်း ကြည့်ပါဦး။ နံနက်ခင်း ၈ နာရီမှာပင် နေကာမျက် မှန်တပ်ထားရုံသာမက ဦးထုပ်ဝိုင်းကြီးကိုလည်း ဆောင်း ထားသေးသည်။ လက်တစ်ဖက်က လည်း ခေါက်ထီးကြီးကိုင်လျက် အခြားတစ်ဖက်က ဂျာနယ်များကိုင် ထားလေသည်။

"ဘယ့်နှယ့်လဲ မောင်ပျာယာရဲ့၊ စောစောစီးစီး ဘာသတင်းများ ထူး လို့ တုံး"

"ဒေါက်တာ မသိသေးဘူး ထင်တယ်။ ဟောသည်မှာ ဂျာနယ် တွေထဲ ရေးကုန်ပြီဗျ"။

ပြောရင်းဆိုရင်း ဘုန်းခနဲမြည် အောင် ဂျာနယ်တစ်ထပ်ကြီးကို ပစ်ချလိုက်သည်။

"ဘာတွေများလဲ မောင်ပျာ ယာရယ်၊ ဆိုပါဦး" ဟုမေးသော အခါ သူက "အဲ့ . ဒေါက်တာမသိ သေးဘူးကိုး၊ ကျွန်တော်က ဆရာဝန်ဖြစ်တဲ့သူဆိုတော့ သည် သတင်းမျိုး သိပြီးသား ဖြစ်မယ် ထင်တာ။ မသိတော့လည်း ပြောရ သေးတာပေ့ါ"ဟု မထိတထိ ကလိ လေသည်။

"သည်လိုလေ ဒေါက်တာမြတ် ရဲ့။ အခုရက်ပိုင်းမှာ နေရောင်ခြည် ကနေ ခရမ်းလွန်ရောင်ခြည်တွေ လွန်ကဲမယ်တဲ့ဗျ။ သည်ဂျာနယ် တွေမှာ ရေးထားကြတယ်။ အဲ့ဒါ အသေးစိတ် သိချင်လို့"

"ခရမ်းလွန် ရောင်ခြည်ဆိုတာ နေကနေတစ်ဆင့်ရလာတဲ့ ရောင် ခြည်တွေထဲက တစ်မျိုးပဲ။ ဘိုလို ခေါ်တော့ Ultra Violet Radiation အတိုကောက် UVခေါ်တာ ပေ့ါ။ Ultra ဆိုတာက လွန်ကဲတာ၊ Violet ဆိုတာက ခရမ်းရောင်ပေ့ါ၊ ဆိုတော့ ခရမ်းလွန်ရောင်ခြည်လို့ ခေါ်ကြတာပဲ"

"ဒါဖြင့် ခရမ်းလွန်ရောင်ခြည် ဆိုတာ ခရမ်းရောင်ကြီးပေ့ါ။ ဘယ့်နှယ့် ကြောင့် မမြင်ရတာတုံး"

"လူ့မျက်လုံးက မြင်နိုင်တဲ့ ပမာ ဏရှိတယ် မောင်ပျာယာရဲ့။ လူက မြင်နိုင်တဲ့ပမာဏထက် လျော့နည်း ရင်၊ ပိုများသွားရင် မမြင်နိုင်တော့ ဘူး။ ဒ့ါကြောင့် ခရမ်းလွန်ရောင်ခြည် ကို လူကမမြင်နိုင်ဘူး။ ခရမ်းလွန် ရောင်ခြည်မှာ အေ၊ ဘီ၊ စီ ဆိုပြီး တော့ သုံးမျိုးရှိပြန်တယ်"

"ခရမ်းလွန်ရောင်ခြည် အေက ပို ဆိုးတာလား"

"ခရမ်းလွန်ရောင်ခြည်တွေထဲမှာ တကယ်တမ်းအဆိုးဆုံးကတော့ စီပဲ။ ခရမ်းလွန်စီက လှိုင်းအလျား 100 ကနေ 280 nm အထိရှိတယ်။ ဒါပေမယ့် ခရမ်းလွန်စီ ရောင်ခြည်အားလုံး နီးပါးကို ကမ္ဘာ့လေထု၊ အိုဇုန်းလွှာက နေတားထားပေးတဲ့အတွက် မြေကြီး ပေါ်ရောက်တဲ့အထိဖြစ်တာ အလွန် နည်းတယ်။ လူတွေကြောက်ဖို့ကောင်း တာက ဘီအမျိုးအစားပဲ။ ခရမ်းလွန် ရောင်ခြည်ဘီက 280 ကနေ 315 nm အထိရှိတယ်။ ခရမ်းလွန်ရောင် ခြည် ဘီဟာ အရေပြားနက်နက်ထဲ ကိုတော့ ဝင်ရောက်လေ့မရှိဘူး။ အပေါ်ယံလွှာ (epidemic) ကိုတော့ ထိခိုက်စေနိုင်တယ်။ အဲဒီဘီ ရောင် ခြည်ကြောင့် နေပူလောင်တာတွေ ဖြစ်နိုင်ပြီး အရေပြားကင်ဆာကို ဖြစ်စေနိုင်တယ်။ အရေပြားကင်ဆာ ဆိုတာ ရောဂါဖြစ်မှန်းမသိဘဲ ကုသ တာနောက်ကျခဲ့ရင်အသက်အန္တရာယ် ရှိတဲ့ ကင်ဆာတစ်မျိုးပဲလေ မောင် ပျာယာရဲ့"

"ဒါဆို ခရမ်းလွန်အေက သိပ် မဆိုးဘူးပေ့ါ"

"အဲ့သလို ထင်ရင်မှားမှာပေ့ါ မောင်ပျာယာရဲ့။ လှိုင်းအလျား 315 ကနေ 400 nm အထိရှိတဲ့ ခရမ်း လွန်အေဆိုရင် အရေပြားနက်နက် ထဲအထိ ထိုးဖောက်ဝင်ရောက်နိုင် တယ်။ ဒ့ါကြောင့် အရေပြားပျက်စီး တာတွေ၊ အရေပြားအိုမင်းရင့်ရော် လွယ်တာတွေ၊ မျက်စိတိမ်ကျတာ တွေနဲ့ အရေပြားကင်ဆာဖြစ်တာတွေ ကိုလည်း ဖြစ်စေနိုင်တယ်"

"ဒါဖြင့် အခုကျွန်တော်တို့ကြား သိနေကြတဲ့ ခရမ်းလွန်ရောင်ခြည် ပမာဏမြင့်တယ်ဆိုတာ အေနဲ့ဘီကို ဆိုလိုတာပေ့ါနော်"

"မြေကမ္ဘာကို ကျရောက်လေ့ရှိ တဲ့ ခရမ်းလွန်ရောင်ခြည်တွေထဲမှာ ရောင်ခြည် 'အေ' က ၉၅ ရာခိုင်နှုန်း၊ ရောင်ခြည် 'ဘီ' က ငါးရာခိုင်နှုန်းဖြစ် ပြီး စီကတော့ အိုဇုန်းလွှာပါးတဲ့နေရာ တွေမှာလောက်ပဲ ကျရောက်တတ် တာ။ ဒီခရမ်းလွန် ရောင်ခြည် တွေကလည်း နံနက် ၁၀ နာရီကနေ မွန်းလွဲ ၂ နာရီအတွင်းမှာဆို ခရမ်း လွန် 'အေ' ၉၉ ရာခိုင်နှုန်း၊ 'ဘီ' က တစ်ရာခိုင်နှုန်းလောက် ကျရောက် တယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာ နဲ့ခြုံပြောရရင် ကမ္ဘာပေါ်ကျရောက် တဲ့ ခရမ်းလွန်ရောင်ခြည် စုစုပေါင်း ရဲ့ ၉၈ ဒသမ ၇ ရာခိုင်နှုန်းက ခရမ်း လွန်ရောင်ခြည် 'အေ'တွေပဲ"

"အခုပြောနေ ရေးနေကြတဲ့ ခရမ်းလွန်ရောင်ခြည်ပမာဏများတယ် ဆိုတာကရော"

"ဒါကတော့ ခရမ်းလွန်ရောင် ခြည်စံနှုန်း (UV Index) ဆိုတာနဲ့ တိုင်းပြီး ပြောကြတာလေ။ ၁ ကနေ ၁၁+ ဆိုပြီး အဆင့်ဆင့်ခွဲထားတယ်။ ဇယားမှာ ကြည့်ကွာ"

"သည်လိုဆို အန္တရာယ်မဖြစ် အောင် အထိုက်အလျောက် ကာ ကွယ်နိုင်တာပေ့ါ"

"ဒါပေ့ါ မောင်ပျာယာရဲ့။ ခရမ်း လွန်ရောင်ခြည်မြင့်မားတာက ဆန္ဒပြ ပြီး တောင်းဆိုလို့ ရတာလည်း

မြတ်ထွင့်ညွန့်(ဆေး-၂)

မဟုတ်၊ နတ်ဒေဝါတွေကို ပူဇော် ပသလို့လည်း အကြောင်းထူးမှာ မဟုတ်လေတော့။ ကိုယ့်ဒေသမှာ ခရမ်းလွန်ရောင်ခြည် ဘယ်နှနာရီမှာ ဘယ်လောက်အထိ မြင့်မယ်ဆိုတာ ဂျာနယ်တွေမှာ၊ သတင်းစာထဲမှာပါ တယ်။ ဒီထက်ပိုတိတိကျကျ သိ ချင်ရင် အင်တာနက်ထဲမှာ ရှာကြည့် ပေ့ါ။ ဒါဆိုရင် ဘယ်အချိန်မှာ ဘယ် လိုကာကွယ်ရမလဲသိနိုင်ပြီလေ"

"SPF ဆိုတာကရော ဘာကြီးတုံး ဒေါက်တာမြတ်ရဲ့"

"Sun Protection Factor ရဲ့ အတိုကောက်ပဲလေ။ SPF မြင့်လေ လေ ခရမ်းလွန်ရောင်ခြည် ဘီကို ကာ ကွယ်နိုင်လေလေပဲ။ "အေ"ကတော့ SPF နဲ့ မဆိုင်ဘူး။ SPF ၁၅ ရှိတဲ့ လိမ်းဆေးဆိုရင် ခရမ်းလွန်ဘီရောင် ခြည်ကို ၉၃ ရာခိုင်နှုန်း ကာကွယ်ပေး နိုင်တယ်"

"SPF ၃၀ ဆိုရင် ၁၅ ထက် နှစ်ဆပေ့ါ"

"မဟုတ်ဘူး မောင်ပျာယာရဲ့၊ ဂဏန်းသာ နှစ်ဆတက်သွားတာ။ ကာကွယ်ပေးနိုင်စွမ်းကျတော့ နှစ်ဆ မတက်ဘူး၊ SPF ၃၀ ဆိုရင် ခရမ်း လွန် ဘီရောင်ခြည်ကို ၉၇ ရာခိုင် နှုန်း ကာကွယ်နိုင်တယ်၊ SPF ၃၀ ထက်ပိုတယ်ဆိုတဲ့ပစ္စည်းတွေကတော့ တကယ်တမ်းမှာ SPF ၃၀ ထက် ပိုကာကွယ်နိုင်တာမျိုးမရှိဘူး"

"ဟုတ်ပြီဆရာရေ၊ ခရမ်းလွန် ရောင်ခြည်လွန်ကဲတာတွေ၊ ဘယ် လို ကာကွယ်ရမလဲဆိုတာတွေ သိ သွားပြီ။ ကျွန်တော်မှန်းဆပြီး တပ် လာတဲ့ နေကာမျက်မှန်တို့၊ ဦးထုပ် တို့၊ ထီးတို့က တကယ်ကာကွယ် နိုင်တယ်ဆိုတာ သိရလို့ ဝမ်းသာ တယ်။ ဒါပေမယ့် နေရိပ်ထဲ နေ တာက အကောင်းဆုံး မဟုတ် လား။ ဒီတော့ရုံးကို စောစောသွား လိုက်ဦးမယ်ဗျာ။ ခရမ်းလွန်ရောင် ခြည်လည်း ကာကွယ်ပြီးသား ဖြစ်၊ ကားကျပ်တာလည်းပြေလည်။ နေ တတ်ရင် ပျော်စရာကြီးပါဗျာ။ ကဲ- သွားပြီဆရာရေ"

ပြောပြောဆိုဆို မောင်ပျာ ယာ တစ်ယောက် တက်သစ်စနေ ရောင်အောက်တွင် ထီးဆောင်း လျက် ပြန်သွားလေတော့သည်။

ခရမ်းလွန်ရောင်ခြည်အဆင့်	အန္တရာယ်ပြအဆင့်	ကာကွယ်နည်း
၁၁+	အန္တရာယ်အလွန်အမင်းမြင့်မား	တာရှည်ထိတွေ့ပါက ကျန်းမာရေးအတွက် ပြင်းထန်စွာထိခိုက်နိုင်။ အရိပ်ရသော နေရာတွင်နေခြင်း၊ မျက်နှာပါလုံသော ဦးထုပ်၊ အင်္ကျီရှည်၊ လုံချည်၊ ဘောင်းဘီရှည်ဝတ်ခြင်း၊ နေကာမျက်မှန်တပ်ခြင်း၊ SPF 30+ ပါသော လိမ်းဆေးလိမ်းခြင်း။
၈ မှ ၁၀ ဒသမ ၉ အထိ	အန္တရာယ်အလွန်မြင့်မား	ဦးခေါင်းပိုင်း၊ မျက်နှာ၊ မျက်စိ၊ လည်ပင်း စသည်တို့ကို နေရောင်နှင့်တိုက်ရိုက်မတွေ့အောင် နေရောင်ကာ ဦးထုပ်၊ ထီးသုံးခြင်း၊ နေကာ မျက်မှန်သုံးခြင်း၊ နေရောင်ထိတွေ့နိုင်သော ခြေ၊ လက်များတွင် SPF 30+ ပါသော လိမ်းဆေးလိမ်းခြင်း။
၆ မှ ၇ ဒသမ ၉ အထိ	အန္တရာယ်အလွန်မြင့်မား	အရေပြားနှင့် မျက်စိကို ထိခိုက်နိုင်သော အဆင့် ဖြစ်သဖြင့် ထီး၊ ဦးထုပ်၊ နေကာမျက်မှန်သုံးခြင်း၊ SPF 15+ပါသော လိမ်းဆေးလိမ်းခြင်း။
၃ မှ ၅ ဒသမ ၉ အထိ	အန္တရာယ်အသင့်အတင့်	လိမ်းဆေးလိမ်းခြင်း။အန္တရာယ်အသင့်အတင့် ဖြစ်သော်လည်း ထီး၊ ဦးထုပ်၊ နေကာမျက်မှန်သုံးခြင်း၊ SPF 15+ ပါသောလိမ်းဆေးလိမ်းခြင်းဖြင့် ကြိုတင်ကာကွယ်သင့်။
၀ မှ ၂ ဒသမ ၉ အထိ	အန္တရာယ်နည်းပါး	ခရမ်းလွန်ပါဝင်မှု အနည်းငယ်သာဖြစ်သဖြင့် အကာအကွယ်အများအားဖြင့်မလို။

မြန်မာ့ရိုးရာ စစ်တုရင် အမျိုးသမီး တစ်ဦးချင်း ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၄

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာစစ်တုရင် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲကို မတ် ၂၄ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ပြိုင်ပွဲခန်းမ၌ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် မတ် ၂၃ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

၂၀၁၃ခုနှစ် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့ရိုးရာ စစ်တုရင်အားကစားနည်း ပါဝင်မည်ဖြစ်ရာ ၎င်းပြိုင်ပွဲမှ ပဏာမလက်ရွေးစင်များ ရွေးချယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

တင်တင်ဝင်း(မြန်မာ့အလင်း)

သဲအင်းဂူ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်း

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၃ခုနှစ် မတ် ၂၄ရက်မှ ၃၁ရက်အထိ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းကို မူလ သဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။ တရားစခန်းတွင် အဖွဲ့၏ ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနစရိယဆရာတော် ဦးမုနိန္ဒ(ကျိုက်ဝိုင်း)နှင့် ကမ္မဋ္ဌာနစရိယ ဒေါက်တာဦးစိန္တာမယ(ဖဝိုင်း) အရှင်သူမြတ်တို့က သမထဝိပဿနာ တရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ မတ် ၂၃ရက် (စနေနေ့) ညနေ ၅နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းလိုသူများနှင့် ဆွမ်းစားဆောင်ပြုပြင်ရန် အလှူရှင်များ ဖုန်း-၀၉-၈၆၂၃၉၉၇သို့ ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။

ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အလက(၂)၊ ပြည်စံအောင် စတုတ္ထတန်း(B)မှ မရည်မွန်ကျော်၏ ဖခင်အမည်မှန်မှာ ဦးသိန်းဟန်(ခ)ဦးသူရ ၁၂/မဘန(နိုင်)၀၀၈၁၃၃ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မြိတ်မြို့ အထက(၁) နဝမတန်း(အတွဲ-၁၊ F)မှ နော်အိဖြိုးသွယ်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစောဂျင်ရီ ဖြစ်ပါကြောင်း။

ဦးစောဂျင်ရီ ၆/မအရ(နိုင်)၀၉၈၆၆၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၉၇၀၁၃ Hibao 110 အမျိုးအစား MC ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ထိုက် ၉/တကန(နိုင်)၁၅၀၃၀၀၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ပျိုးပင်များ ဈေးလျှော့ရောင်းမည်

ရန်ကင်းစင်တာ ကျောဘက် စည်ပင်လမ်း ဘဏ်ဝင်းအတွင်းမှ ပြောင်းရွှေ့တော့မည်ဖြစ်၍ စိန်တစ်လုံး၊ ယိုးဒယားပိန္နဲ၊ ကျွဲကော၊ ကြက်မောက်၊ ဒူးရင်း၊ သစ်မွှေးနှင့် ဒန်ဒရိုဗီယမ်သစ်ခွပင်များ မတ်လကုန်အပြီး လျှော့ဈေးဖြင့် ရောင်းပါမည်။

ဖုန်း-၀၉-၇၃၀၅၆၈၃၁၊ ၀၉-၅၀၃၂၃၄၆၊ ၀၉-၄၂၀၁၀၃၅၁၃

တစ်ချက်တည်းကျင်းဝင်

ဗိုလ်ချုပ်သန်းဌေး (ငြိမ်း)သည် ဒေါက်တာတင်အောင်မိုး၊ ဦးထွန်းရီ၊ ဦးညီညီအောင်၊ ဦးကျော်မင်းတို့နှင့်အတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်း ငွေသော်တာတွင်း၌ ၉-၃-၂၀၁၃ရက် ညနေ ၂း၃၀နာရီ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် ၇ ၌ ၁၄၃ ကိုက်အကွာမှ Pro V1 Titleist ဘောလုံးကို Honma Iron No.6 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

မြို့တော်ဂေါက်ကွင်း

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကက/၃၄၅၀ Toyota Crown YS 130 အမျိုးအစား S/L (4×2) R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းသန်း ၉/မနတ(နိုင်)၁၀၄၀၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၃၄၃၈ Honda CB 400 ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းစစ်ထူး ၅/စကန(နိုင်)၂၂၁၅၄၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

အရောင်းအဝယ်မပြုလုပ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ၁၄လမ်း၊ အမှတ်(ဂ)၊ ဒုတိယထပ်၊ အခန်းအမှတ်(၂) (လက်ျာဘက်)အခန်းတွင် နေထိုင်သူ ကျွန်မ ဒေါ်နွဲ့နွဲ့ရီ ၁၂/လမတ(နိုင်)၀၀၄၁၄၉က အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂(ဇက်၁)၊ ယခင် Z[1]၊ မြေကွက်အမှတ် V ၉၄၊ အကျယ်အဝန်းပေ(၂၅×၅၀)မြေကွက်ပေါ်ရှိ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ၁၄လမ်း၊ အမှတ်(ဂ)၊ ဒုတိယထပ် အခန်း(၂) (လက်ျာဘက်) အခန်းကို မည်သူ့ကိုမျှ ရောင်းချခြင်းမရှိပါ၊ မည်သူ့ထံမှလည်း စရန်ငွေရယူခဲ့ခြင်းလည်း မရှိကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နွဲ့နွဲ့ရီ
၁၂/လမတ(နိုင်)၀၀၄၁၇၉

ကွန်ဒိုတိုက်ခန်းငှားမည်

ဗိုလ်မြတ်ထွန်းလမ်း၊ ပေ (၂၅×၆၀)၊ M.B (တစ်)ခန်း Single (တစ်)ခန်း ပြင်ဆင်ပြီး ကြိုးဖုန်းပါ၊ အဲယားကွန်းနှစ်လုံးပါ၊ ပွဲစားမလို။

ဖုန်း-၀၉-၅၃၉၃၃၆၀

ပျောက်ဆုံးကြောင်း

မိမိလွင်(ခ)အိလိရပ်(စ်) ၉/မနမ(နိုင်) ၀၉၄၀၁၅၏ နိုင်ငံကူးလက်မှတ်သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၁၃၁၈၆

ကြော်ငြာ

သာသနာရောင်ဝါထွန်းစေဖို့ သမ္မတ ရှင်ပြု ရဟန်းခံ သင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့

၁	အမှတ်-၁၁၀၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။	၀၁-၅၄၁၃၉၅၊ ၅၄၁၃၉၆	၈	အမှတ်-၅၁(ဘီ)၊ ရေတာရှည်လမ်းသစ်၊ ဗဟန်းမြို့နယ်။	၀၁-၈၆၀၃၈၉၅
၂	အမှတ်-၁၅၆၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်။	၀၁-၅၄၃၂၈၂၊ ၅၄၃၂၈၆	၉	တိုက်-A၊ အခန်း-၁၊ ပုဏ္ဏားအိမ်ရာ၊ အင်းစိန်ဈေးကြီးအနီး၊ လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်။	၀၁-၆၄၂၃၂၂
၃	အမှတ်-၂၃/ဘီ၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။	၀၁-၃၈၀၅၇၇	၁၀	၁၂၀၊ ရန်ကုန်-အင်းစိန်လမ်း၊ လက်ခုပ်ပင် ကမာရွတ်၊ စံရိပ်ငြိမ်နှင့် အင်းရေတွင်းမှတ်တိုင်ကြား။	၀၉-၇၃၀၆၅၂၃၇
၄	အမှတ်-၁၁၃၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်။	၀၉-၇၃၀၁၆၀၃၂	၁၁	အမှတ်-၂၆၊ သမိန်ဗရမ်းလမ်းမကြီး၊ တာမွေမြို့နယ်။	၀၉-၇၃၀၀၅၇၉၃
၅	အမှတ်-၉၆၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။	၀၉-၇၃၀၅၇၇၅၆	၁၂	ရန်ကုန်-မန္တလေးကားလမ်း၊ ဆင်ရတနာ မြင်းရတနာကြား၊ နေပြည်တော်၊ ပျဉ်းမနား။	၀၆၇-၂၂၅၉၇
၆	အမှတ်-၁၂၅၊ သံဈေးရှေ့၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။	၀၁-၂၂၅၅၀၆	၁၃	အမှတ်(၁၆၉)၊ မင်းဘားကြီးလမ်း၊ ဘောက်သီးစုရပ်ကွက်၊ စစ်တွေမြို့။	၀၄၃-၂၁၄၁၂
၇	အမှတ်-၃၇၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်။	၀၉-၇၃၀၀၅၉၂၆၊ ၀၁-၃၇၂၆၅၇			

သမ္မတ ဆိုင်များအားလုံးတွင် ဈေးနှုန်းတစ်ပြေးညီ လက်လီ / လက်ကား ဝယ်ယူရရှိနိုင်ပါသည်။

ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့
မြို့ကွင်းတံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော မြို့ကွင်းတံတား၏ ၁-၄-၂၀၁၃ ရက်မှ ၃၁-၃-၂၀၁၆ ရက်အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း (၃)နှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

(က) အိတ်ဖွင့်တင်ဒါခေါ်ယူမည့်တံတား
- မြို့ကွင်းတံတား

(ခ) ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များဝယ်ယူနိုင်သောနေရာ
- မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ မြန်မာ့မီးရထား၊ ဟင်္သာတမြို့

(ဂ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်
- ၂၀-၃-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) ၁၀ နာရီမှ ၁၂ နာရီအထိ

(ဃ) အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ
- ရောရွှေဝါခန်းမ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

(င) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်
- ၂၀-၃-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) ၁၂ နာရီ

(စ) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ
- ရောရွှေဝါခန်းမ၊ ပုသိမ်၊ ဧရာဝတီတိုင်းဒေသကြီး

မှတ်ချက်။ ။ အိတ်ဖွင့်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ၅၀၀၀ကျပ်နှုန်းဖြင့် ၁၅-၃-၂၀၁၃ ရက်မှစ၍ မန်နေဂျာ(သွားလာရေး/တိုင်း)ရုံးတွင် ဝယ်ယူနိုင်ပါသည်။

ဥက္ကဋ္ဌ
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဧရာဝတီတိုင်းဒေသကြီး

ပင်းတယမြို့၊ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဖိတ်ကြားလွှာ

ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို (၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်မှ တပေါင်းလပြည့်ကျော် ၁ရက်အထိ) ၂၀၁၃ ခုနှစ် မတ် ၂၂ ရက်မှ ၂၇ ရက်အထိ ဘုရားတပေါင်းပွဲကျင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး (တပေါင်းလဆန်း ၁၄ ရက်) ၂၀၁၃ ခုနှစ် မတ် ၂၅ရက် ဓနုတိုင်းရင်းသားများ ဆုံစည်းရာနေ့တွင် ဆွမ်းဆန်စိမ်းနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲကို ဓနုတိုင်းရင်းသားများ ဓလေ့ထုံးစံအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ရပ်ဝေး/ရပ်နီးမှ မိတ်ဆွေသဂ်ဟများ လာရောက်လည်ပတ်နိုင်ပါရန်နှင့် လာရောက်ဆက်သွယ်လိုပါက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး ဖုန်းနံပါတ်-၀၈၁-၆၆၀၀၂ နှင့် ၀၈၁-၆၆၀၀၃ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း။

ရွှေဥမင် ဘုရားတပေါင်းပွဲတော် ကျင်းပရေးဦးစီးကော်မတီ၊ ပင်းတယမြို့

ငွေဆောင်ကမ်းခြေ ဟိုတယ်ရောင်းမည်

လက်ရှိ ဟိုတယ်လုပ်ငန်းလုပ်ကိုင်နေသော ငွေဆောင်ကမ်းခြေရှိ မြေဧရိယာ (၅)ဧက ရောင်းချလိုပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၀၉၈၁၉၃
ရုံးဖွင့်ရက် ရုံးချိန်အတွင်း စုံစမ်းနိုင်သည်။
(နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀ နာရီအထိ)

အ.ထ.က(၂)ကမာရွတ် (ယခင် စိန့်ဩဂတ်စတင်း)
(၁၉၇၅-၂၀၁၃)ကျောင်းသား/သူဟောင်းများ၏ တွေ့ဆုံအကြိမ် အာစရိယပူဇော်ပွဲ

အ-ထ-က(၂)ကမာရွတ်တွင် ၁၉၇၅ မှ ၂၀၁၃ အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ တွေ့ဆုံအကြိမ် အာစရိယပူဇော်ပွဲကို ၂၆-၃-၂၀၁၃ရက်(အင်္ဂါနေ့) တပေါင်းလပြည့်နေ့ ညနေ ၆-နာရီတွင် M3 Food Centre ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသားကျောင်းသူဟောင်းများအမြန်ဆုံးဆက်သွယ်၍ အလှူငွေများလှူဒါန်းနိုင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ဆက်သွယ်ရန်-

- ဦးကျော်တင့်(နေပြည်တော်၊ပျဉ်းမနား)	၀၉-၄၉၂၀၀၅၄၁	(၁၉၇၆)
- ဒေါက်တာသန့်ဇင်စိုး	၀၉-၇၃၀၇၀၈၈၄	(၁၉၈၂)
- ဦးရဲကျော်သူ	၀၉-၇၃၀၈၆၁၃၇	(၁၉၈၃)
- ကိုသန့်ဇော်ဦး	၀၉-၅၁၃၃၁၅၆	(၁၉၈၄)
- ကိုရဲနိုင်အေး	၀၉-၅၁၀၃၅၂၉	(၁၉၈၅)
- နွန်ပြည့်အေး	၀၉-၅၁၆၉၇၂၈	(၁၉၉၀)
- အောင်နေ	၀၉-၅၁၆၀၉၀၅	(၁၉၉၀)
- နိုင်းစိုးထွန်းဦး	၀၉-၅၁၇၇၇၅၇	(၁၉၉၀)
- ကောင်းငြိမ်းစိုး	၀၉-၄၃၀၉၄၃၀၇	(၁၉၉၂)
- သက်မောင်မောင်လွင်	၀၉-၅၄၀၈၂၈၂	(၁၉၉၃)
- သက်လင်းဦး	၀၉-၅၁၅၀၈၈၅	(၁၉၉၃)
- မျိုးမင်းသူကျော်	၀၉-၇၃၀၈၆၈၆၁	(၁၉၉၅)
- သက်စုအေး	၀၉-၄၃၀၂၆၈၀၁	(၁၉၉၆)
- ဝင့်အောင်	၀၉-၅၁၄၄၉၅၈	(၁၉၉၇)
- နိုင်းအေးပျာလွင်	၀၉-၄၃၃၃၉၉၉၀	(၁၉၉၇)
- ဝေးဇာလိှုင်	၀၉-၅၀၆၀၁၆၆	(၁၉၉၈)
- အောင်ညီညီဇော်	၀၉-၅၀၃၆၆၇၅	(၁၉၉၉)
- အချိုး(သိန်းအောင်ဇော်)	၀၉-၄၃၀၂၃၉၁၇	(၂၀၀၃)
- ကျော်ဆုဝေ	၀၉-၅၀၇၈၂၃၂	(၂၀၀၄)
- ဘုန်းမြတ်ကျော်	၀၉-၅၁၈၂၁၇၇	(၂၀၀၅)
- နိုးမင်း	၀၉-၇၃၀၁၆၁၅၉	(၂၀၀၆)

ဖြူးမဟာစည် (ရန်ကုန်)
ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်မည်

ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး တည်ထောင်သာသနာပြု သီတင်းသုံးတော်မူခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကမာရွတ်ဘူတာနောက်ကျောဘက်၊ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ဆရာတော် စံလွန်တော်မမူခင် မိန့်မြွက်ထားရှိတော်မူခဲ့သော ဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်လျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော နဝမအကြိမ်မြောက် နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ဖြူးမဟာစည် သာသနာ့ရိပ်သာများ၏ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂဝရ ဓမ္မာစရိယ ကမ္မဋ္ဌာစရိယ MA, Ph.D (Thesis), INDIA နှင့် သင်တန်းပြ ဓမ္မကထိကသံဃာတော်များ၊ မြို့မိမြို့ဖများ၊ ဘာသာရေးအသင်းအဖွဲ့များမှ ကြီးမှူး၍ (၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်မှ တပေါင်းလပြည့်ကျော် ၅ ရက်)အထိ ၂၂-၃-၂၀၁၃ ရက် (သောကြာနေ့)မှ ၃၁-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့)အထိ (၁၀) ရက်တိုင်တိုင် သင်ကြားပို့ချမည်ဖြစ်ပါသည်။

ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးမှုသင်တန်းသို့ တက်ရောက်သင်ကြားလိုသော ကျောင်းသား ကျောင်းသူများနှင့် (၁၀)ရက်တာ သင်တန်းကာလအတွင်း ကလေးများအတွက် စာရေးကိရိယာများနှင့် အာဟာရဒါနအစုစုတို့ကို စာရင်းပေးသွင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း
ဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့
ဖုန်း-၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၉-၅၀၁၇၅၅၄၊ ၀၉-၅၃၉၀၄၁၇

ကျေးဇူး ဆပ်ပါမည်

ကျွန်တော်များ **“မြမျက်ခြယ် ကျောက်မျက်ရတနာကုမ္ပဏီ လီမိတက်”** ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် ၄၀၃/၁၁-၁၂ နှင့် ထသကကတ် ၂၅၇၃၂ တို့သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၀၆၁၈၉၉**

ကျေးဇူး ဆပ်ပါမည်

ကျွန်တော်များ **“မင်္ဂလာရွှေမိုး ကုမ္ပဏီလီမိတက်”**၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် ၇၅၄/၁၁-၁၂ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၉၂၈၉၄၇၈

အမည်ပြောင်း
ဦးထင်လင်း၏သား မြိတ်မြို့၊ နည်းပညာတက္ကသိုလ်ဒုတိယနှစ်၊ မြို့ပြဘာသာတွဲ၊ ခုံအမှတ် 2GC-47 မောင်ရေကြီး ၆/တသရ(နိုင်)၀၄၆၀၈၃ အား မောင်အောင်မြတ်ထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်မြတ်ထွဋ်**

သွေးသည် အသက်

မွန်မြတ်ဆေးခန်း
ဆေးခန်းသုံး တိုင်းရင်းဆေးများသာ

ရန်ကုန်မြို့ မော်လမြိုင်မြို့

လိပ်ခေါင်းရောဂါကုသခြင်း
- ဆေးကုသချိန် (၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြု ကုသမှုဖြစ်ပါသည်။

သွေးတိုးနှင့်ဆက်နွယ်သော နှလုံးရောဂါ၊ သွေးထဲအဆီများသူများကုသခြင်း
- (၁)ရက် တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက် သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့် ရောဂါလက္ခဏာများကို ပျောက်ကင်းပေးသည်။
- (၆)လ သောက်သုံးပါက နှလုံးနှင့် ဦးနှောက်သွေးကြောရောဂါပြဿနာများကို ဖြေရှင်းဆေးကုသကာကွယ်ပေးပါသည်။

ဆီးချို၊ သွေးချိုရောဂါကုသခြင်း
- တစ်ကြိမ်လျှင် (တစ်လုံးမှသုံးလုံး) တစ်နေ့တစ်ကြိမ်မှနှစ်ကြိမ်သာ သောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက် အထူးရှောင်ရန်မလို ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို(၆)လခန့်သောက်ပြီး၊ လိုအပ်လျှင် အနိမ့်ဆုံး ပမာဏကိုသာ သောက်၍ ဆီးချို သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကို ကာကွယ်နိုင်ပါသည်။

အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ Ph:01-225532,09 73171033
အမှတ်(၁၈၇၊ခအေ)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့ Ph : 09 401585945

“လျှင်မြန်စွာ ပျောက်ကင်းသက်သာချင်သူများအတွက်”
ကပ်းစေ်ဆီနှင့် ဆင်စီးဆီ တို့ဖြင့်
အချိုးကျ ဖော်စပ်ထားသော
ရွှေသမင်ကပ်းစေ်ဒင်္ကါခြောလိမ်းဆေး ရှိပါတယ်။
ဒူးနာ၊ ခါးနာ၊ အဆစ်အမြစ်နာ၊ အကြောတက်ဝေဒနာနှင့် ကိုက်ခဲလောင်ရောဂါများကို ပျောက်ကင်းစေပါသည်။
အမှတ်(၁၉)၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ၆ရပ်ကွက်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၆၆၀၅၉၃၊ ၆၆၁၁၁၉၊ ၆၆၇၆၀၅



အညောင်းထိုင်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။
လမ်းလျှောက်ပါ ဆန္ဒမွန် သောက်ပါ
ဆီးဝမ်းလေမှန် ပေါ့ပါးကျန်းမာမည်
တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် -2012(YR)004586 ကြော်ငြာခွင့်ပြုချက်အမှတ် -တဆဆက(စာနယ်ဇင်း)၁၄၃၀/၀၁၁၁၃

ကြော်ငြာ

ပညာရေးဝန်ကြီးဌာန
ရန်ကုန်အဝေးသင်တက္ကသိုလ်
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
Online ဖြင့် သင်ကြားပို့ချမည့်
ဥပဒေပညာဒီပလိုမာသင်တန်း (Diploma in Law)
အမှတ်စဉ်(၂/၂၀၁၃)
သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ဥပဒေပညာရပ်ကို လေ့လာသင်ယူလိုသူများအတွက် ရည်ရွယ်၍ ရန်ကုန်အဝေးသင်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနအစီအစဉ်ဖြင့် ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနကဦးစီး၍ ဥပဒေပညာဒီပလိုမာ (Diploma in Law-DL) သင်တန်းကို ခေတ်မီနည်းပညာတစ်ခုဖြစ်သော Web Based Teaching System (WBTS) ကို အသုံးပြုပြီး Online ဖြင့် သင်ကြားပို့ချပေးမည် ဖြစ်ပါသည်။

၂။ ဝင်ခွင့်လျှောက်လွှာတင်သွင်းရာတွင် www.yudeonline.com.mm website မှတစ်ဆင့် သာလျှင် မှတ်ပုံတင်စာရင်းတင်သွင်းရမည်ဖြစ်ပြီး တက်ရောက်ခွင့်ရရှိသော သင်တန်းသားများသည် ဘွဲ့လက်မှတ်မူရင်းနှင့်အတူ ရန်ကုန်အဝေးသင်တက္ကသိုလ် သင်တန်းရေးရာဌာနသို့ လာရောက်၍ ဘွဲ့လက်မှတ်မူရင်းပြသပြီး သတ်မှတ်ထားသော သင်တန်းကြေး၊ မှတ်ပုံတင်ကြေးနှင့် စာမေးပွဲကြေးများ ပေးသွင်းရမည်ဖြစ်ပါသည်။

၃။ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်းသောအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)	**ဝင်ခွင့်အရည်အချင်း**	- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ
(ခ)	**စတင်ဖွင့်လှစ်မည့်ရက်**	- ၂၀၁၃ခုနှစ် ဧပြီ (၁)ရက်
(ဂ)	**သင်တန်းကာလ**	- (၁၀)လ
(ဃ)	**လျှောက်လွှာလက်ခံမည့်နည်း**	- www.yudeonline.com.mm မှတစ်ဆင့် မှတ်ပုံတင်စာရင်းပေးသွင်းကြရန်
(င)	**လျှောက်လွှာပိတ်မည့်နေ့**	- ၂၅-၃-၂၀၁၃ရက် (တနင်္လာနေ့)

၄။ **သင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့် အမြန်ဆုံး စာရင်းပေးသွင်းကြပါရန်။** သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်ကို ရုံးချိန်အတွင်း အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၅၂၅၁၄၆၊ ၅၃၆၅၈၁
သင်တန်းကြီးကြပ်မှုကော်မတီ
ရန်ကုန်အဝေးသင်တက္ကသိုလ်
၄၇(က)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

ဆက်သွယ်ရေးနှင့်
သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
တယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများသို့
အသိပေးနှိုးဆော်ချက်

ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော တယ်လီဖုန်းများအားလုံး၏ **၂၀၁၃ခုနှစ် ဇန်နဝါရီလ သုံးစွဲကာလ**အတွက် တယ်လီဖုန်းအခွန်ငွေများအား အောက်ပါသတ်မှတ်ရက်များတွင် နောက်ဆုံးထားပေးဆောင်ပါရန်နှင့် သတ်မှတ်ရက်ကာလအတွင်း ပေးဆောင်ခြင်းမရှိသည့် တယ်လီဖုန်းများအား ဆက်သွယ်မှုယာယီဖြတ်တောက်ရမည်ဖြစ်ပါကြောင်း မိဘပြည်သူများသို့ ကြိုတင်အသိပေး နှိုးဆော်အပ်ပါသည်။

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	တယ်လီဖုန်းအမျိုးအစား	နောက်ဆုံးအခွန်ငွေ ပေးသွင်းရမည့်ရက်
၁။	နေပြည်တော်၊ရန်ကုန်၊မန္တလေး၊	Auto, CDMA	၂၂-၃-၂၀၁၃
	စစ်ကိုင်း၊မကွေး၊ကချင်၊ကရင်၊	GSM(Mobile)	
	ကယား၊ရောဝတီ၊မွန်၊	E-mail, ADSL	
	ပဲခူး(အရှေ့/အနောက်)	MPT Settlite	
၂။	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	Auto, CDMA	၂၉-၃-၂၀၁၃
	ရှမ်းပြည်နယ်(မြောက်ပိုင်း)	GSM(Mobile)	
	ရှမ်းပြည်နယ်(တောင်ပိုင်း)	E-mail, ADSL	
	ချင်း၊ရခိုင်၊တနင်္သာရီ	MPT Settlite	

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၏ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော ဘေးထွက်ပစ္စည်း(၇)မျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်လေလံပုံစံနှင့် လေလံစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၁၆-၃-၂၀၁၃ရက်မှ ၁၈-၃-၂၀၁၃ရက်ထိ နေ့စဉ် ၀၉:၃၀နာရီမှ ၁၆:၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်လေလံများကို ၁၉-၃-၂၀၁၃ရက် ၁၃:၀၀နာရီတွင် ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော လေလံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါ ဘေးထွက်ပစ္စည်းအမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၂-၇၃၂၁၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါလေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်
မန္တလေးမြို့

ငွေဆောင်ကမ်းခြေဟိုတယ် ရောင်းမည်

လက်ရှိဟိုတယ်လုပ်ငန်း လုပ်ကိုင်နေသော
ငွေဆောင်ကမ်းခြေရှိ
မြေဧရိယာ ၅ ဧက ရောင်းချလိုပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၃၀၉၈၁၉၃
ရုံးဖွင့်ရက်ရုံးချိန်အတွင်း စုံစမ်းနိုင်သည်
နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအထိ

သုခချမ်းသာမင်္ဂလာသာသနာ့ဗိမာန်တော်
တည်ဆောက်ရန်အတွက် ပါဝင်လှူဒါန်းနိုင်ပါပြီ။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအတွင်း၌ ဗုဒ္ဓမှုစာကြည့်တိုက်၊ ဆေးခန်းနှင့် သာသနာရေးကိစ္စ၊ ပရဟိတကိစ္စများဆောင်ရွက်နိုင်ရန်အတွက် ပေ(၈၀×၆၀)ရှိ (၁၀)ထပ် အဆောက်အအုံ ဆောက်လုပ်ရာတွင် ၁-စတုရန်းပေလျှင် (၃)သောင်းကျပ်နှုန်း ဖြင့် စေတနာရှင် မွေမိတ်ဆွေများ ဆက်သွယ်လှူဒါန်းနိုင်ရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်-

ဒေါက်တာမျိုးမြင့်	ဖုန်း-၀၁-၅၂၉၅၃၃၊ ၀၉ ၈၆ ၁၇၁၂၈
ဒေါက်တာခင်ဇော်လွင်	ဖုန်း-၀၁-၇၀၉၀၆၈၊ ၀၉ ၅၁ ၄၉၅၀၈
ဦးငွေအောင်	ဖုန်း-၀၁-၅၃၇၅၉၇၊ ၀၉ ၅၁ ၀၁၅၈၄

အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော စွန့်ပစ်ပစ္စည်းများအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၁၅-၃-၂၀၁၃ရက်မှ ၁၇-၃-၂၀၁၃ရက်အထိ နေ့စဉ် ၁၀နာရီမှ ၁၃:၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၇-၃-၂၀၁၃ရက် ၁၃:၀၀နာရီမှ ၁၄:၀၀နာရီအတွင်း ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါစွန့်ပစ်ပစ္စည်းအမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၈၄-၂၂၄၉၂ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
တာချီလိတ်လမ်း၊ ကျိုင်းတုံမြို့

SH မြင့်သူထက် YU

နိုင်ငံခြားရေး	အား/ကာ၊ ပညာရေး	စာရင်းစစ်ချုပ်
အလုပ်သမားရေးရာ	နယ်စပ်ရေးရာ	ဆောက်လုပ်ရေး
ရသုံးမှန်းခြေအာမခံ	ဗဟိုဘဏ်	ပို့ဆောင်ရေး
မြန်မာစာ ကျက်ရန်မလို	အင်္ဂလိပ် (Essay,for/ aganist)အမြဲကျပုဒ်	

ဗဟုသုတ - ပြည်တွင်း/ပ (၅)ပုဒ်စီ ၀၉ ၇၃၀၂၈၄၂ ၀၉ ၇၃၀၀၈၇၀၉

တိုက် (၂၃) ၅လွှာ လှည်းတန်းလမ်းမလှည်းတန်းမီးပွိုင့်အနီးကမာရွတ်မြို့နယ်ရန်ကုန်မြို့။

Hotel Apple (Nay Pyi Taw)
Room Rate - 18000 Kyats
ph:09-8636624

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်း/ရွာမရပ်ကွက်၊ ၁၅၃ လမ်း၊ တိုက်အမှတ် ၄၁၊ မြေညီထပ်(ဝဲ)၊ (၁၂ပေခွဲ×ပေ၅၀)အကျယ်အဝန်း၊ ကြိုးဖုန်း-၀၁-၅၅၇၇၅၆၈ အပါအဝင် မြေတိုင်းရပ်ကွက်အမှတ်(၃ အေ)၊ လူနေရပ်ကွက်အမှတ် ၁၉၊ မြေကွက်အမှတ် ၉၇ဟုခေါ်တွင်သော မြေကွက်နှင့်တိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိသူဟု ပြောလာသူ ဒေါ်နှင်းလဲ့မွန် ၁၂/တမန(နိုင်)၁၂၆၂၉၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘူမောင် LL.B(၂၂၇၄၇)
အထက်တန်းရှေ့နေနှင့် ဥပဒေအကြံပေး
လင်း ဥပဒေအကြံပေးနှင့်အိမ်၊ ခြံ၊ မြေ၊ ဖုန်းအထွေထွေဝန်ဆောင်မှုလုပ်ငန်း
အမှတ်(၅/၁၁)၊ C1၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၉၃၂၂၉၄၁

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်
ပထမအကြိမ်မြောက် နှစ်ပတ်လည်ညစာစားပွဲနှင့်
ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲ

ကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါသည်။ ညစာစားပွဲမတိုင်မီ **ပင်လယ်ကူးကုန်သွယ် သင်္ဘောများပေါ်တွင် အမျိုးသမီးများ တာဝန်ထမ်းဆောင်သင့်ကြောင်းအဆို**နှင့် စကားအချေအတင်ပြောပွဲကို ပြုလုပ်မည်ဖြစ်ပါ၍ ညနေ ၅:၃၀နာရီအရောက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	-	၂၀၁၃ခုနှစ် မတ် ၃၀ရက် (စနေနေ့)
အချိန်	-	ညနေ ၅:၃၀နာရီမှ ၉:၀၀နာရီအထိ
နေရာ	-	ဆီဒိုးနားဟိုတယ် (Pool Side Level-1)

ညစာစားပွဲအား ဖိတ်စာ(၁)စောင်လျှင် တစ်ဦးနှုန်း ကျပ်(၁၅၀၀၀ိ/)ဖြင့် ဝယ်ယူနိုင်ပြီး ဖိတ်စာနှင့်တကွ ကြွရောက်ပါရန်။

ဆက်သွယ်ရန် - ဖုန်း-၀၁-၃၉၂၀၇၆၊၃၇၅၈၂၀၊၀၉-၇၃၀၅၀၆၀၁၊ ၀၉-၇၃၀၅၀၆၀၂၊ (ဖက်စ်-၀၁-၃၈၁၅၉၂)

အီးမေးလ်/Facebook : com@myansf.com,
Face Book : www.MsfMyanmar Facebook.com

ASEAN Engineer (AE) နှင့် Associate ASEAN Engineer(AAE) လက်မှတ်များအတွက် အဆိုပြုလျှောက်လွှာများ ခေါ်ယူခြင်း

၂၀၁၃ခုနှစ်အတွက် ASEAN Engineer (AE) နှင့် Associate ASEAN Engineer(AAE) မှတ်ပုံတင် လက်မှတ်များကို ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် အာဆီယံအင်ဂျင်နီယာများအသင်းချုပ်ညီလာခံ (Cafeo-31) တွင် ချီးမြှင့်မည်ဖြစ်ရာ လျှောက်ထားလိုသော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဝင်များကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ စိစစ်၍ ထောက်ခံတင်ပြပေးမည်ဖြစ်ပါသဖြင့် လျှောက်ထားလိုသူများသည် ၂၀၁၃ခုနှစ်၊ ဧပြီလ၊ ၁၀ရက်နေ့ နောက်ဆုံးထား၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ သတ်မှတ်ပုံစံဖြင့် လျှောက်ထားနိုင်ပါသည်။

လျှောက်ထားလိုသူများ၏ အရည်အချင်းသတ်မှတ်ချက်များကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (ဖုန်း-၅၁၀၉၆၇၃-၆)တွင် စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်နာဂတ် ၁၃/ကလန(နိုင်)၀၀၇၁၇၇သည် တာချီလိတ်မြို့၊ ဆန်ဆိုင်း(ထက်)ရပ်ကွက်၊ ခတ္တာလမ်း (၄ $\frac{၁၅၃}{၁၅၄}$)ရှိ အလျားပေ(၈၀×၈၀) အနံပေ(၆၀×၆၀)ရှိ မြေကွက်အား ဦးအိုက်ဆိုက် ၁၃/တလန(နိုင်)၀၄၅၅၀၁ ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေငှားဂရန် လျှောက်ထားရန်အတွက် ပုံစံ ၁၀၅ ရေးကူးခွင့်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်နာဂတ်
၁၃/တလန(နိုင်)၀၀၇၁၇၇

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်းနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ပဲခူးမြို့၊ ဇိုင်းဂနိုင်းတောင်ပိုင်း၊ ဝင်္ကဘာလမ်း၊ အမှတ် ၃၃၂နေ ဒေါ်သိန်းသိန်း၏လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်သိန်းသိန်း(ခ)ဒေါ်စန်းနာစန်းမား၏သား ကိုဇော်မြင့်(ခ)ဂျိန်းသည် မိခင်အမွေရပိုင်ဆိုင်ခဲ့သော ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ နယ်မြေ(၈)(စက်ပိုင်း) ရာမဘုရားကျောင်းလမ်း၊ အမှတ် ၃၀၂တွင် နေထိုင်လျက်ရှိပြီး မိခင်၏ဆိုဆုံးမမှုကို နာခံမှုမရှိသည့်အပြင် မိခင်နှင့်ညီမများအား အိမ်ပေါ်မှနှင်ချခြင်း၊ တရားစွဲဆိုခြင်း၊ မိခင်အပေါ် ရန်သူသဖွယ် ပြုမူဆက်ဆံခြင်းများပြုခဲ့ပါသောကြောင့် ယနေ့မှစ၍ သွာနုတ္တသားအဖြစ်ကြေညာပြီး၊ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ကိုဇော်မြင့်(ခ)ဂျိန်း လက်ရှိနေထိုင်လျက်ရှိသော အထက်ပါနေအိမ်အား ဒေါ်သိန်းသိန်း၏ တရားဝင်ခွင့်ပြုချက်တစ်စုံတစ်ရာမရဘဲ၊ ပေးကမ်းခြင်း၊ရောင်းချခြင်း၊ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း ပြုလုပ်ခွင့်လုံးဝမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သိန်းသိန်း၏ ညွှန်ကြားချက်အရ-

ဦးသွင်အောင်	**ဒေါ်နွယ်နီဝင်း**	**ဒေါ်သင်းသင်းစိုး**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
စဉ်-၃၈၅၈	**စဉ်-၂၈၁၈၀**	**စဉ်-၃၇၈၃၈**

အမှတ် ၁၃၉၊ တပင်ရွှေထီးလမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၎/ခ ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၅)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှအေး ၁၂/ဒဂတ(နိုင်)၀၁၈၇၉၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှအေးသည် ဒေါ်ခင်မေစီ၊ ဦးထိန်လင်း၊ ဒေါ်ခင်စန်းရီ၊ ဒေါ်ခင်ဝင်းတို့ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၎/ကရပ်ကွက်၊ ပန်းရိုက်လမ်း၊ အမှတ်(၆)ဟုခေါ်တွင်သော မြေအကျယ်(၂၂ပေ×၃၈ပေ)မြေကွက်နှင့် ဒေါ်မမကြီးပိုင်ဆိုင်သော အထက်ပါမြေကွက်၏ ဘယ်ဘက်အခြမ်းမှ ၃ပေ၊ အနောက်ဘက်အခြမ်းမှ ၇ပေတို့ကို ၂၂-၅-၂၀၁၂ရက်၌လည်းကောင်း၊ ၇-၈-၂၀၁၂ရက်၌လည်းကောင်း အသီးသီးဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။ အထက်ပါမြေကွက်များနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများတင်ပြလျက် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှအေးထံသို့ဖြစ်စေ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(ရှေ့ကျွန်းဦးတင်ရီ)
အထက်တန်းရှေ့နေ (စဉ်-၆၁၇၁)
အမှတ်(၅၇)၊ ပြည်တော်အေးလမ်း၊
လေးဒေါင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၇၃၂၃၂၇၈၀

ကြော်ငြာ

ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၄၃)
(သီဟတပ်ခွဲ)

(၄၁)နှစ်မြောက် ဆရာကန်တော့ပွဲနှင့် မိသားစုမိတ်ဆုံစားပွဲအား အောက်ပါအစီအစဉ်အတိုင်းပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ရက်စွဲ - ၂၃-၃-၂၀၁၃ရက်(စနေနေ့)
အချိန် - ၁၈း၃၀ နာရီ
နေရာ - ရန်ကုန်ရွက်လှေအသင်း၊ အင်းလျားလမ်း
ဆက်သွယ်ရန်ဖုန်း - ၀၉-၂၀၀၀၃၀၃၊ ၀၁-၅၆၃၄၄၉၊ ၀၁-၅၀၃၀၇၂၊ ၀၁-၅၅၄၉၂၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၆၅

၁။ ဒေါ်ခင်ကြူ နှင့် ၁။ ဒေါ်မြမြသွယ်
၂။ ဒေါ်ရင်ရင်သိန်း
(၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးလှဦး(ခ)ဦးလှသောင်း)
၂။ ဦးဇော်ရှိန်ဝင်း
(၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးလှဦး(ခ)ဦးလှသောင်း)
၃။ ဦးမင်းအောင်
(၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးမိုးဇော်သွင်)
အမှတ် ၁၁၊ ကျားကွက်သစ်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

တရားလိုများ **တရားပြိုင်များ**

အထက်ပါအမှုမှ (၃)တရားပြိုင်ဦးမင်းအောင် ၁၂/စခန(နိုင်)၀၀၇၂၇၅ ၎င်း၏ အထွေထွေကိုယ်စားလှယ် ဦးမိုးဇော်သွင် ၁၂/တမန(နိုင်)၀၁၃၁၁၀ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

တရားလို ဒေါ်ခင်ကြူနှင့် ဒေါ်ရင်ရင်သိန်းတို့က တရားပြိုင်များအပေါ် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၁၂အရ ၁၈-၉-၂၀၁၀ရက်စွဲပါ အိမ်နှင့် မြေအရောင်းအဝယ်စာချုပ်ပါ ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သည့်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၂ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၇ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်ဖြစ်သည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်အတွင်း တင်သွင်းရမည်။

၂၀၁၃ ခုနှစ် မတ် ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဆွေဆွေ)
တွဲဖက်ခရိုင်တရားသူကြီး(၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံး
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄

ဒေါ်စန်းစန်းဦး နှင့် ၁။ ဦးမြင့်ကြည်
(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးမောင်မောင်) ၂။ ဦးစိုးသိန်း

တရားလို **တရားပြိုင်များ**

(ယခင်လိပ်စာ)မန္တလေးမြို့၊ တတ-၁၅၊ ဦးပိုင် ၈၊ သင်ပန်းကုန်းရပ်၊ ပြည်ကြီးတံခွန်မြို့နယ်နေ ဦးစိုးသိန်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန်းစန်းဦးက ကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံကို ဖျက်သိမ်း၍ မြေနှင့်တကွ မြေဂရန်ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းမူရင်းများ ပြန်လည်လက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၂၈ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် မတ် ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မြင့်မြင့်)
ဒုတိယခရိုင်တရားသူကြီး(၁)
မန္တလေးခရိုင်တရားရုံး

MBA ဘွဲ့ရသူများ၏ ၂၀၁၃ ခုနှစ် ဆွေမအကြိမ်မြောက်မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ၁၉၉၅-၂၀၀၀ အထိ အချိန်ပြည့်နေ့ ညသင်တန်းများနှင့် ညနေပိုင်းသင်တန်းများမှ MBA ဘွဲ့ရရှိခဲ့သူများ တက်ရောက်နေဆဲ ကျောင်းသားကျောင်းသူများ၏ ဆွေမအကြိမ် မိတ်ဆုံညစာစားပွဲကို ၂၀၁၃ ခုနှစ် မတ်လ ၁၇ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပင်းယမှုလမ်းရှိ Myanmar Convention Center ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားပါမည်။

အခမ်းအနားတွင် နှစ်ပတ်လည်မြိုင်ပွဲ ဆုချီးမြှင့်ပွဲများ၊ ဖျော်ဖြေမှုအစီအစဉ်များနှင့် ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ မြန်မာ့ရိုးရာအက၊ အလှတင်ဆက်မှုများ၊ Evening Star တေးဂီတအဖွဲ့မှ၍ နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေမှုအစီအစဉ်များ ပေါင်းပေါင်းစေးမည့် Dream Boat အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

တက်ရောက်သူများအား အထူးလက်ဆောင်များ ပေးအပ်သွားမည်ဖြစ်ပြီး တံဆိုးကြီးဆုမဲပေါင်း ၂၀၀ ကျော်အား ထီပေါက်မြှင့်ပေးသွားမည်ဖြစ်ပါသည်။ အောက်ပါဖုန်းနံပါတ်များသို့ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပြီး ညစာစားပွဲဖြစ်မြောက်ရေးအတွက် အထက်အတက်မှ ပိုင်းဝန်းကူညီပံ့ပိုးနိုင်ပါသည်။ Call Center ဖုန်းနံပါတ် 1876 သို့ ဆက်သွယ်၍ လက်မှတ်များ ဝယ်ယူနိုင်ပါသည်။

ညစာစားပွဲ ဖြစ်မြောက်ရေးကော်မတီဝင်များဖြစ်သည့် ကိုဝင်းထွဋ်အောင် ဖုန်း- ၀၉-၅၀၀၀၄၀၅၊ ကိုချစ်ထွန်း ဖုန်း- ၀၉-၅၀၄၆၈၀၉၊ ကိုအောင်မင်း ဖုန်း-၀၉-၅၀၇၅၁၈၀၊ ကိုမင်းဦး ဖုန်း- ၀၉-၅၀၀၇၁၆၆၊ ကိုသက်လွင်စန္ဒ ဖုန်း- ၀၉-၈၆၀၀ ၆၅၅ တို့သို့ ဆက်သွယ်၍ သိလိုသည်များကို မေးမြန်းစုံစမ်းနိုင်သည်။

မိတ်ဆုံစားပွဲကျင်းပရေးကော်မတီ

နွေ ၃လ ဘာသာစကားသင်တန်း

EVER TOP ဘာသာစကားသင်တန်း Ph: 0973040610, 098770096

ဂျပန်	အင်္ဂလိပ်	ကိုရီးယား
ဦးအောင်မြွေဦး၊ ဦးအေးသိန်း ဂျပန်စာအခြေခံ (၅၀၀၀/) အဆင့်မြင့် /စာမေးပွဲသင်တန်းများ	ဦးမိုးမြင့်မောင် (Top) @ SayaWilliam ဆရာချမ်းဇော်ထက် ဆရာအောင်အောင် 4-Skills (၅၀၀၀ကျပ်) Phonetics (၅၀၀၀ကျပ်) Practical English Grammar+Writing	ဒေါ်ခင်ယုယုစမ်း TOPIK (မေးခွန်း ၂၀၀၀+ သင်ရိုးသစ်စာအုပ်) 4-Skills
တရုတ်		**မလေး**
ဆရာစိုင်းဆိုင်ခမ်းဝ် စကားပြောအခြေခံ (၃၀၀၀)		ဦးစိုးသီဟ မလေးစကားပြောအခြေခံ

အင်္ဂလိပ် / တရုတ် / ဂျပန် (၅၀၀၀/ကျပ်)
- အင်္ဂလိပ်စကားပြော+VCD
- ဂျပန်စကားပြော+CD/VCD
- ကိုရီးယားစာမေးပွဲ TOPIK (၂၀၀၉) မေးခွန်း စာအုပ်များဝယ်ယူနိုင်ပါသည်။

ရောင်းရန်ကြော်ငြာစာ
(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၂ ခုနှစ် ဇာရီမှုအမှတ်-၁၀၆

၁။ ဦးအောင်သန်း နှင့် ၁။ ဒေါ်မူမူသန်း
၂။ ဦးရဲသန်း ၂။ ဒေါ်ကြည်ကြည်သန်း
၃။ ဒေါ်ဖြူဖြူသန်း ၃။ ဦးညဏ်ထွန်း

ဒီကရီရသူများ **တရားရုံးများ**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်က ၂၀၁၁ခုနှစ် တရားမမှုအမှတ် -၁၉၄တွင် အမွေပုံပစ္စည်းအတွက် ဒီကရီအတည်ဇာရီပြုရာစာရင်း၌ ဖော်ပြထားသောပစ္စည်းကို ၂၀၁၃ခုနှစ် ဧပြီ ၂၆ရက် (၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာ အရပ်မှာ လေလံတင်၍ ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကိုရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင် တင်ရှိသည့် ကြွေးမြီကစိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့်ဆိုင်ရာတည့်တည့် ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျအခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း၊ ဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း၊ ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက၊ ၎င်းတို့သို့ တစ်စုံတစ်ရာရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတည့်အလင်းမရမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ ရောင်းချရန်နောက်ထပ်စည်းကမ်းအချက်များမှာ အောက်၌ဖော်ပြထားသည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ မြေကွက်အမှတ် ၃၅၁၊ ပေ(၄၀×၆၀)၊ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၃)ရပ်ကွက်၊ ၁၂လမ်း၊ အမှတ် ၂၃၆ဟုခေါ်တွင်သည့် တစ်ထပ်ခွဲတိုက် (အဆင့်မြင့်ပြင်ဆင်ပြီး)

ကြမ်းခင်းဈေး ကျပ်သိန်း ၃၀၀၀(သုံးထောင်)။

ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ ရုံးတော်ကသတင်းစကားရရှိသိသာနိုင်သမျှ ဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင်မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကျန်ကြွင်းခြင်းတစ်ခုခုအတွက်ရုံးတော်က တာဝန်ခံမည်မဟုတ်။

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည့်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့်ပြည့်စုံသူဖြစ်စေရမည်ပြင် အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့်အဖိုးမှာ နည်းပါးကြောင်းထင်ရှား၍ လက်ခံရန်မသင့်မလျော်ကြောင်း လေလံရောင်းချသည့် အရာရှိက သို့တည်းမဟုတ်ရုံးတော်ကထင်မြင်လျှင် လက်မခံငြင်းပယ်ရန်ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်း ဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေ ၁၀၀လျှင် ၂၅ကျပ်ကျသည်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ သည်ကဲ့သို့ ပေးသွင်းမပြုပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၆။ ဆွဲဝယ်သည့် ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် ၁၅ရက်မြောက်နေ့တွင် ရုံးမဆင်းမီပေးဆောင်ရမည်။ ၁၅ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ အခြားရုံးပိတ်ရက်နေ့သော်လည်းကောင်းဖြစ်လျှင် ၎င်း ၁၅ ရက်မြောက်နေ့နောက် ရုံးပထမဖွင့်သည့်ရက်တွင် ပေးဆောင်ရမည်။

၇။ အထက်ခွင့်ပြုသည့် အချိန်ကာလအတွင်း ဆွဲဝယ်ရာ ကျန်ငွေကို မပေးမဆောင်ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်းကိုတစ်ဖန်ပြန်၍ ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်ခဲ့လျှင် အစိုးရသို့ ဆုံးရှုံးခံစေ၍ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ နောက်တစ်ဖန်ရောင်းချရာ ရရှိသည့်ငွေ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆိုင်ရာဆိုင်ခွင့် အရပ်ရပ်မှာ ဆုံးရှုံးစေရမည်။

၂၀၁၃ ခုနှစ် မတ် ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စိုးဟန်)
တွဲဖက်ခရိုင်တရားသူကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

GOLDEN RICH TRAVEL

- ★ တာချီလိတ်၊ ချင်းလိုင်း၊ ချင်းမိုင်း၊ ရွှေတြိဂံ၊ လော (Apr-12)
- ★ မြဝတီ၊ မဲဆောက်၊ ဖလော၊ မယ်လ၊ သာမညာ (Apr-13)
- ★ ထားဝယ်(ရှင်တိုးရှင်)၊ မောင်းမကန်၊ (Apr-12)
- ★ တောင်ကြီး၊ အင်းလေး၊ ရွှေဥင်တော၊ ထီးလွင့်တန် (Apr-12)
- ★ ပေလီ၊ သံတွဲ (Apr-12)

01-501518, 09-420032688

ဂရန်အမည်ပေါက်
ပိုင်ရှင်ကိုယ်တိုင်(ညှိနှိုင်း)ရောင်းမည်

ပုသိမ်မြို့၊ ရပ်တုအဝိုင်းကြီးအနီး RC နှစ်ထပ်တိုက်၊ ပျဉ်ထောင်အိမ်၊ ဆိုင်ခန်းနှစ်ခန်းနှင့် မြေပိုပါ၊ ၀ ဒသမ ၁၃၇ ဧက၊ အုတ်တံတိုင်းခတ်ပြီး။

ဖုန်း-၀၁-၅၈၁၁၁၈၊ ၀၉-၅၀၂၃၀၅၃

Interior Design သင်တန်း ဖွင့်မည်။

ပြည်တွင်း၊ ပြည်ပဆောက်လုပ်ရေးကုမ္ပဏီများ၊ Decoration အခန်းတွင်းဒီဇိုင်းအလှဆင်ဖန်တီးရေးဆွဲခြင်းကုမ္ပဏီများတွင် Interior Designer အဖြစ် သက်မွေးနိုင်စေရန်၊ ရည်ရွယ်၍ 3Dsmax ကို အသုံးပြုပြီး အိပ်ခန်း၊ ဧည့်ခန်း၊ သန့်စင်ခန်းသုံးပရိဘောဂ၊ လူ့အသုံးအဆောင်ပစ္စည်းများကို ကိုယ်တိုင်ရေးဆွဲပြီး Material ကပ်ခြင်း၊ lighting ထိုးခြင်း၊ နောက်ခံဒီဇိုင်းထည့်ခြင်း၊ Animation, Presentation နောက်ဆုံး ဒီဇိုင်း အချောသတ်ထုတ်နိုင်သည်အထိ ဝါရင့်ကျွမ်းကျင် ဆရာမျိုးကိုယ်တိုင် လုပ်ငန်းခွင်အသုံးချနိုင်သည်အထိအတတ်သင်ကြားပေးသည်။အဆောင်စီစဉ်ပေးသည်၊ဆက်သွယ်ရန်

PROMOTION Computer ☎ 389038 📱 0973184525

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၂ ခုနှစ် တရားမကြီးအမှုအမှတ်-၁၂၁

ဒေါ်နန်းခင်တင့်(ခ)ကျူမိတ်ကျဲ နှင့် ဒေါ်ရန်မိန်

တရားလို **တရားပြိုင်**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၄၆/၆)နေ ဒေါ်ရန်မိန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်း ၈၁၀ (ကျပ်သိန်းရှစ်ရာ့တစ်ဆယ်)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၂ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် မတ် ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စိုးယု)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈)၊ ကော့သောင်းလမ်း၊ အမှတ် ၁၂၁၅ ဟုခေါ်တွင်သောပေ(၄၁×၆၀)၊ ၀ဒသမ၀၅၆ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလအမည်ပေါက် ဦးအောင်တင့်၏ ကိုယ်စားလှယ်စာရသူ ဒေါ်တင်တင်အေး ၁၂/ရကန(နိုင်)၀၄၂၅၆၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ ဝယ်ယူပြီးနောက် ဝယ်ယူသူအမည်ပေါက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် အထက်ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ပြည့်မြောက်သည့်နောက်ပိုင်းတွင် ဝယ်ယူသူအမည်ပေါက်ရရှိရေးအတွက် ဥပဒေနှင့်အညီပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးထင်လင်းနိုင် LL.B,D.B.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၂)
ရုံး-တိုက်(၉/၁၁)၊ အခန်းအမှတ်(005-B)
၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၉၃၀၆

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက် ၂၊အခန်း ၁၀၅ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်မြင့်မြင့်(ခ)ဒေါ်မြင့်ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်ကေခိုင်ဝင်း ၁၂/ခရန(နိုင်)၀၉၀၈၆၉က ပိုင်ရှင်အမည်ပြောင်းလဲခွင့်လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် ၃၊ အမည်ပေါက် ဒေါ်အေးမြင့်ထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးနွဲ့ကြည်မှ မြေချပါမစ်မူရင်းတင်ပြလျက် မြေချပါမစ်မူရင်းနှင့် မြေငှားစာချုပ်မူရင်း လဲလှယ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထား(မူရင်း)များတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မှုမရှိပါက ဒေါ်အေးနွဲ့ကြည်အား မြေချပါမစ်မူရင်းနှင့် မြေငှားစာချုပ်မူရင်း လဲလှယ်ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကျော်ငြာ

ဦးမန်းသိန်းဟန် (ဆည်ကြီး၊ ပန်းတနော်)

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ဒုတိယသီရိရိပ်သာ၊ အမှတ် ၁၅၈/ဘီနေ (ဦးလှုန်းကျား-ဒေါ်မယ်ခင်)တို့၏သားကြီး၊ (ဒေါ်ကြည်ကြည်)၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်အေး၊ ဒေါက်တာဇေယျာ (မျက်စိအထူးကုဆရာဝန်ကြီး)-ဒေါ်စွဲ့စွဲ့ရီ၊ ဦးဇင်ညွန့်(C/E-NSSPL)-ဒေါ်နန်းကျင်မွေး၊ ဒေါက်တာကျော်ကျော်(ကထိက၊ ပထဝီဝင်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)-ဒေါက်တာနန့်မွေအေး(ပါမောက္ခ/ဌာနမှူး၊ ပထဝီဝင်၊ မြိတ်တက္ကသိုလ်)တို့၏ဖခင်၊ မောင်ကြွန်ဦး၊ မမေဟေမန်ဦး၊ နန့်သက်လှဝင်း၊ ဆောက်အောင်၊ နန့်အေးမြင့်မြတ်ကျော်၊ နန့်ဆုလှိုဏ်မြတ်တို့၏အဘိုးသည် ၁၄-၃-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃း၃၀နာရီတွင် အာရုတောင်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၆-၃-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ကင်းဖုံ (လားရှိုး)

အသက်(၁၀၇)နှစ်

လားရှိုးမြို့၊ ရပ်ကွက်(၂)၊ နှင်းဆီလမ်းသွယ်၊ အမှတ် ၂၆နေ (ကန်ထရိုက်တာကြီး မစ္စတာအာအင်)၏ဇနီး၊(Edward K Wu)-Mary(USA), Retired Lt.Col. Kenneth K Wu-Jenny(USA)၊ (ဦးချာလီဝူ၊ ဆလက(ငြိမ်း)-ဒေါ်ခင်ရီ၊ Colin Wu, Rev.Fr. Joseph Norman Wu (ကျိုင်းတုံ)၊ Terry Wu (ခ)ဒေါ်အောင်စမ်းတင်၊ ဦးကျော်ဦး(လဝက၊ ငြိမ်း)-Mary Wu (ခ)ဒေါ်ခင်မြင့်၊ Tom Wu-Pansi (USA), Mr.John Hellestoe-Lily Wu (USA), Annie Wu (ခ)ဒေါ်သွယ်သွယ်နိုင်(ဓမ္မဆရာ-USA)တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ် ၁၂ယောက်၊ တီသုံးယောက်တို့၏အဘွားကြီးသည် ၁၃-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၅၂နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၃ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် နေအိမ်မှ လားရှိုးကားတဲ့သုသာန်သို့ ပို့ဆောင်မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဆရာကြီးဦးထွန်းငွေ

ထဝက(၁)ပြည်၊ ထဝက(၃)ပြည် (ယခင် ABM - ပြည်)

ကန်တော့ခံဆရာကြီး

အသက်(၉၅)နှစ်

ပြည်မြို့ အမှတ် ၆၅၊ လမ်းရှည်လမ်းနေ (ဒေါ်မြကြည်)၏ခင်ပွန်း၊ ဒေါ်သန်းသန်းဝင်း(လ/ထမန်နေဂျာငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်)၊ ဦးဖုန်းမြင့်၊ ဒေါ်ချိုချိုဝင်း(လ/ထမန်နေဂျာ၊ မဘော၊ ပြည်)၊ ဒေါ်အမာလွင် (မဘော၊ ပြည်)၊ ဦးအေးသိန်း(မဘော၊ ပေါက်ခေါင်း)-ဒေါ်ယဉ်ယဉ်နွဲ့(မဘော၊ ပြည်)၊ ဒေါက်တာခင်စမ်းနိုင်(ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)တို့၏ဖခင်မစဓူဝင်းဆွေ(၃၀/၂၀၁၃၊ ဆရာမ)၏ဖခင်သံတမန်ရေးရာသင်တန်း)၊ မအေးချမ်းခင်၊ မဖူးဖူးတို့၏အဘိုးသည် ၁၃-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၁၂နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၃-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်ချိန် (မူ/အုပ်၊ ငြိမ်း)

ညောင်လေးပင်မြို့

အသက်(၇၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ အမှတ် ၁၀၃၊ မန္တလေးလမ်းနေ ဦးစိန်ထွန်း-ဒေါ်စိန်ခင်တို့၏သား၊ ဒေါ်သိန်းတင်၏မောင်၊ ဦးလှညွန့်-ဒေါ်တင်မေတို့၏အစ်ကို၊ ဒေါ်အေးကြည်၏ခင်ပွန်း၊ ဦးတင့်လွင်-ဒေါ်အေးသန့်နိုင်၊ ဦးလှမိုး-ဒေါ်ညွန့်ညွန့်ကြည်၊ ဒေါက်တာလှလှကြည် (ဆေးရုံအုပ်ကြီး၊ နေပြည်တော်၊ ပျဉ်းမနား၊ ခုတင်-၂၀၀၊ ပြည်သူ့ဆေးရုံကြီး)တို့၏ဖခင်၊ ကိုရဲလင်းချိန်-မယုဇနကျော်၊ ကိုဘိုဘိုစိုး-မလှမြတ်အေး(B.ED, JAT, ထဝက-၂၊ ညောင်လေးပင်)၊ ကိုစိုးထက်ဦး၊ ကိုထူးအောင်ဖြိုး-မစုဝေလွင်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၃-၃-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၃ရက် (သောကြာနေ့)တွင် ညောင်လေးပင်မြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးလှမြင့်(ခ)ဦးဘမြင့် (လက်ပံတန်း)

မန်နေဂျာ(ငြိမ်း)၊ က.က.ဝယ်

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ် ၁နေ (ဦးမောင်ကလေး-ဒေါ်ဖွားတင့်)တို့၏သားကြီး၊ (ဦးချန်ဟုတ်-ဒေါ်မြ)တို့၏သားသမက်၊ ဒေါ်အုန်းကြည်၊ ဒေါ်တင်ဝင်း၊ ဦးသိန်းယုတို့၏အစ်ကိုကြီး၊ ဒေါ်ကြည်ခင်၏ခင်ပွန်း၊ မရီရီအေး၊ ကိုအောင်ကျော်မြင့်-မဥမ္မာလွင်၊ ကိုသန်းအေး-မဖောဝင်း၊ ကိုမင်းမင်းကို-မမြတ်မြတ်စိုး၊ ကိုထွန်းထွန်းလင်း-မလှလှခိုင်(ခ)မစုတို့၏ဖခင်ကြီး၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၄-၃-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၈း၄၅နာရီတွင် ဗဟိုစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ကြည်ညွန့်(မြိတ်) (မိုးကုတ်ယောဂီ)

အသက်(၈၃)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ ဗဟိုလမ်း၊ အမှတ် ၄၆နေ့ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် ၈၇ (သုံးလွှာ)နေ (ဦးသော်စင်-ဒေါ်တင်)တို့၏သမီး၊ (ဦးထွန်းရွှေ-ဒေါ်ကျင်ဖွား)တို့၏သမီးချွေးမ၊ (ဦးကျင်ဝမ်)၏ဇနီး၊ (ဦးမြတ်ခိုင်)-ဒေါ်မြတ်မွန်၊ ဒေါ်ချိုချိုဝမ်၊ ဦးမြတ်ခိုင်-ဒေါ်ဝင်းဟန်၊ ဦးမြတ်သွေး-ဒေါ်ကြူကြူစိုး၊ ဦးညီညီ-ဒေါ်ရီရီမော်၊ ဒေါ်သင်းသင်းဝမ်တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၃-၃-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)ည ၆နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅-၃-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှဖြတ်အသင်းမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမြသွင် (ညွှန်ကြားရေးမှူး၊ ငြိမ်း)

စက်မှုကြီးကြပ်ရေးနှင့် လျှပ်စစ် စစ်ဆေးရေးဦးစီးဌာန၊ စက်မှု(၁)

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၃၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဝင်နေ (ဦးထွန်းရှိန်-ဒေါ်ကြည်ကြည်)တို့၏သား၊ (ဦးတင်ကြီး-ဒေါ်ကြွယ်)တို့၏သားသမက်၊ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ (ဦးလှမြင့်)-ဒေါ်မြမြတို့၏ညီ၊ ဦးလှထွန်း-ဒေါ်မြင့်မြင့်သန်း၊ ဦးဘုတ်ရှိန်-ဒေါ်ဝင်းဝင်းတို့၏အစ်ကို၊ ဦးတင့်ဆွေ(ညွှန်ကြားရေးမှူး၊ငြိမ်း)-ဒေါ်မြတ်သွယ် ကြယ်စင်ဝင်းလွင်တို့၏ဖခင်၊ မသီရိတင့်ဆွေ(Grade-11/B၊ ထဝက-၁၊ ဒဂုံ)၊ မောင်ရဲရင့်တင့်ဆွေ (Grade-7/A အလက-၁၊ ဒဂုံ)တို့၏အဘိုးသည် ၁၄-၃-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၁း၃၀နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၁၃ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအောင်ငြိမ်း (အင်ဂျင်နီယာ၊ ငြိမ်း)၊ ကပဂ(ရုံးချုပ်)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ပီမိုးနင်း ၂လမ်း၊ အမှတ် ၅၆၄နေ ဒေါ်တင်၏ခင်ပွန်း၊ ဦးခင်မောင်ဝေ-ဒေါ်တင်တင်၊ ဦးဝင်းညွန့်(လုပ်ငန်းနည်းပြဆရာ၊ စိတ်ကျန်းမာရေးဆေးရုံကြီး)-ဒေါ်မြင့်မြင့်သန်း၊ (ဦးသက်နိုင်)-ဒေါ်လှလှမြင့်၊ ဒုရဲမှူးမိုးအောင်[မူခင်းတပ်ဖွဲ့(CID)]-ဒေါ်လွင်လွင်အောင်၊ ဦးအေးကြူ-ဒေါ်သီတာအောင်(အထက၊ မင်းလှ)၊ ဦးမြတ်သူ-ဒေါ်ကြူကြူစန်း၊ ဒေါ်မြတ်မိုးခိုင်[Polo Club]ဦးကျော်စိုး-ဒေါ်စန္ဒာအောင်၊ ဦးကျော်သန့်ဝင်း-ဒေါ်ချိုချိုအောင်တို့၏ဖခင်၊ မြေး ၁၇ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၁၄-၃-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၁း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်မိုးငြိမ်း (ရေးမြို့)

ရေကျောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်း(ငြိမ်း)

အသက်(၆၇)နှစ်

ရေးမြို့နေ (ဦးခင်မင်း-ဒေါ်ခင်လှ)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖိုးစိန်လမ်း၊ အမှတ် ၅၂/၄၈ ဦးသက်ဝေ၏ဇနီး၊ မောင်နေသက်၊ မပပဖြိုးသက်ဝေတို့၏မိခင်၊ ဦးထွန်းနိုင်-ဒေါ်ရီရီသန်းတို့၏မမ၊ဦးဝင်းမိုး-ဒေါ်တာလှင်မေတို့၏အစ်မသည် ၁၃-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃း၃၀နာရီတွင် အာရုတောင်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၅-၃-၂၀၁၃ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစောခင်ဇံ

လ/ထ မန်နေဂျာ(ငြိမ်း)

မြန်မာ့စီးပွားရေးဘဏ်

အသက်(၈၀)

သာပေါင်းမြို့နယ်၊ သမင်ကန်ကျေးရွာနေ (ဦးစိန်ထွန်း-နော်ထူးညွန့်ဖော)တို့၏သား၊ (စောဝီလျံ-နော်ခုတ်ပေး)တို့၏ညီ၊ (နော်ပြုလာတူ သုနာပြုဆရာမ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးထွန်းထွန်းနိုင်-နော်ဘလှထုတ်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၃-၃-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၅-၃-၂၀၁၃ရက် နံနက် ၁၀နာရီတွင် အမှတ် ၅၀/၃၆၂၊ ကျော ၂၀၁၆၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်တွင် ဥဩင်း သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ဒါယကာကြီး

ဗိုလ်ကြီးမြင့်စန်း (ငြိမ်း)

D.S.A (15-Intake)

ဌာနခွဲမှူး(ငြိမ်း)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ (ဦးမြသိန်း-ဒေါ်စောလှ)တို့၏သား၊ မန္တလေးမြို့နေ (ဦးအေးမောင်-ဒေါ်ခင်ခင်မြ)တို့၏ သားသမက်၊ (ဗိုလ်မှူးဇော်ဝင်းအေး)-ဒေါ်ခင်တာတာတို့၏ညီ၊ ဒေါ်နီနီ (မြတ်မြင့်ဖိုရ်သက်န်းတိုက်၊ နေပြည်တော်)၏ခင်ပွန်း၊ (ဦးအောင်ကြည်)၊ ဦးစိုးမြင့်(အရာခံဗိုလ်၊ ငြိမ်း)၊ ဒေါ်စောသိန်း၊ ဒေါ်ခင်မြလှ (အထက-၄၊ မြောက်ဥက္ကလာ)တို့၏အစ်ကို၊ဗိုလ်ရဲလင်းထွေး-ဒေါ်ဝေဝေဖြိုးမြင့်၊ ဗိုလ်ကြီးအောင်ကျော်မြင့်၊ ဗိုလ်ကြီးအောင်နိုင်သန်း-ဒေါ်ချောစုစုညိမ်းတို့၏ဖခင်၊ မောင်အောင်ဇွဲမာန်၏အဘိုးသည် ၁၄-၃-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက်၀း၁၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၁၃ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးဂျိမ်းအက်ဘနေရှက်(စ်)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ပမြည်မြို့လမ်း၊ အမှတ် ၁၀နေ (ဦးဂျိုးဇက်အက်ဘနေရှက်(စ်)-ဒေါ်မေရီထရေဇာ)တို့၏သား၊ (ဒေါ်ဂျိုဇက်ပင်း)၏မောင်၊ ဦးအောင်ဒင်(E.P.C ငြိမ်း)၏အစ်ကို၊ ဒေါ်သန့်ရှေလာ(ခွဲမှူး၊ ငြိမ်း၊ ပုဝါစက်ရုံ)၏ခင်ပွန်း၊ ကိုမောရစ်(စ်)-Gaylia အေးအေးထက်(Australia)၊ Kevin စိုးဝေထက်(Petronas) တို့၏ဖခင်၊ Marilyn နိုင်သင်ထက်၊ Jasmine ဟေမာန်သန့်ဇင်ထက်၊Annabelle ပိုးသဉ္ဇာထက်(Australia)တို့၏အဘိုးသည် ၁၃-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၀၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဖာတီမာမယ်တော် ဘုရားရှိခိုးကျောင်း မြေနီကုန်းတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဥဩင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

ဦးအောင်သန်း အသက်(၇၂)နှစ်

(သစ်တောတက္ကသိုလ်၊ ပါမောက္ခချုပ်၊ ငြိမ်း၊ ထားဝယ်)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ အောက်သရက်ချောင်းကျေးရွာနေ (ဦးစစ်ရွှေ-ဒေါ်ဖြူရွှေ)တို့၏သား၊ ဦးစံမင်း၏ညီ၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်၂၂/၃၊ အခန်း၆၊ ၂၉လမ်းနေ ဦးဘခိုင်-ဒေါ်ဂင်ရီတို့၏သားသမက်၊ အမှတ် ၁၉၉/၀၁ အောက်မင်္ဂလာလမ်း၊ ရွာမအရှေ့၊ အင်းစိန်မြို့နယ်နေ ဒေါ်ညွန့်ဟို(ခ)ကေသွယ်နှင်းဝေ၏ခင်ပွန်း၊ မောင်အောင်ဖြိုးဟိန်း(EC., U.S.A)၊ ဒေါက်တာမင်းဇာအောင်တို့၏ဖခင်သည် ၁၃-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင်ဗဟိုစည်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၅-၃-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက်၁၁း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်မြင့်

B.E (Electronic), O.J.T (Elect)

Eelectrician Special Grade (Htoo/KA-7)

LM-ASEAN Engineer, M-M.E.S

(လျှပ်စစ်အင်ဂျင်နီယာ)

အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၃၃၄/၃၄၄၊ အနော်ရထာလမ်း၊ အမှတ် 1B101 ပုဂံအိမ်ရာနေ (ဦးအင်ဂွမ်း-ဒေါ်စောလှ)တို့၏သား၊ (ဦးကြည်လင်)-ဒေါ်ဘိချိုတို့၏သားသမက်၊ ဒေါ်လှဲလှဲဝင်း၏ခင်ပွန်း၊ (ဦးသိန်းမြင့်)-ဒေါ်သန်းသန်းမြင့်တို့၏တူ၊ ကျော်ပြင့်ချမ်း(တေးသံရှင်ချမ်းချမ်း)၏ဖခင်၊ ဦးကျော်သိန်း-ဒေါ်အေးခိုင်၊ (ဦးကျော်သန်း)-ဒေါ်ကြူကြူ၊ဦးကျော်ဝင်း-ဒေါ်လေးဝင်းတို့၏ညီ၊ ဦးလှမြင့်-ဒေါ်သန်းမြင့်တို့၏မောင်၊ (ဦးလှမြင့်)-ဒေါ်ခင်သန်းဝင်း(ဦးကျော်ဝင်း)-ဒေါ်အေးအေးသန်းတို့၏အစ်ကို၊ တူ/တူမ ၁၄ယောက်တို့၏ဦးလေးသည် ၁၄-၃-၂၀၁၃ရက် နံနက် ၂း၄၅နာရီတွင် အာရုတောင်ဝင်၌ ကွယ်လွန်သွားပါ၍ ၁၆-၃-၂၀၁၃ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဥဩင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစောထွန်း

GEWIN Maritime Limited

CDC- ၆၅၉၂၈ (EE)

GTI(EP) 1996 (အင်းစိန်)

အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရာဇာလမ်းသိလ်လမ်းအမှတ်၁၀နေ(ဦးနိုင်)-ဒေါ်ကြည်တို့၏မြေး၊ (ဦးသောင်း)-ဒေါ်အေးမြင့်တို့၏သား၊ သာယာဝတီမြို့၊ ကြည်ကြည်မြိုင်ရာရပ်ကွက်မြို့သစ်၊ မြတ်လေးလမ်းနေ ဦးကျင် - ဒေါ်စောကြည်တို့၏ သားသမက်၊ ဦးမြင့်ဇော်-ဒေါ်အေးအေးဆင့်၊ဦးမောင်သိန်း-ဒေါ်ခိုင်ခိုင်ဦးအောင်နေဝင်း၊ မမအေးတို့၏အစ်ကို၊ ဦးသိန်းကြိုင်-ဒေါ်သန်းလှ၊ ဦးတင်အောင်မိုး(MPE)-ဒေါ်ကြည်မြအေးတို့၏ညီ/မောင်၊ ဦးဇော်ထိုက်-ဒေါ်သီတာရွှေဇင်(YCDC မြောက်ပိုင်းခရိုင်)၊ ကိုကျော်မင်းထွန်း(MPE)တို့၏အစ်ကို၊ မောင်နေမျိုးထွန်း၊ မချောကလျာဦး၊ မောင်မျိုးကိုထွန်းတို့၏ဖခင်ဒေါ်အေးအေးမြင့်၏ခင်ပွန်းသည် ၁၃-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၆နာရီတွင်ကွယ်လွန်သွား၍ ၁၅-၃-၂၀၁၃ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်လှ(ခ)ဒေါ်တင်ဖြူ (ပဲခူးမြို့၊ ဇိုင်ကီကျေးရွာ)

အသက်(၇၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ အမှတ် ၈၊ ရွှေဘိုလမ်းနေ (ဦးဖိုးဝေ-ဒေါ်ပု)တို့၏သမီး၊ (ဦးတင်အေး)၏ဇနီး၊သြဇာလေးလှနိုင်၊ ပါတ်မြို့နေ (ဦးဝင်းနိုင်ဦး)-ဒေါ်တင်တင်ဝေ၊ ဦးဆွေကိုကို-ဒေါ်မိုမိုသင်းတို့၏မိခင်၊ မောင်နိုင်ဝေလင်း၊ မောင်သက်ထင်ဝေ၊ မောင်သက်ဝေမိုးကိုကို၊ မောင်အကာမိုးကိုကိုတို့၏အဘွားသည် ၁၃-၃-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွား၍ ၁၅-၃-၂၀၁၃ရက်(သောကြာနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်ဥဩင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ဦးမောင်မောင်ခင်(ခ)ဦးဝမ်ခင်

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဦးပိန္နဲလမ်း၊ အမှတ် ၈နေ [ဦးအံ(ခ)ဦးအိုင်ဝင်-ဒေါ်လှကျင်]တို့၏သား၊ ဦးတင်ဝမ်-(ဒေါ်ကျင်ပိုက်)၊ ဦးရိန်-(ဒေါ်သင်းသင်းရင်)၊ (ဦးစိုးဝင်း)တို့၏ညီ၊ ဦးမောင်မောင်ဝင်း-ဒေါ်တင်တင်ဝင်းတို့၏အစ်ကို၊ [ဒေါ်အေးကြည်(ခ)ဒေါ်လီလီအေး]ကြည်၊ ထဝက-၁၊ ပန်းဘဲတန်း၊ ငြိမ်း]၏ခင်ပွန်း၊ ကိုမြင့်ထွန်းအောင်၊ မသန်းသန်းဆွေတို့၏ဖခင်သည် ၁၃-၃-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၃-၂၀၁၃ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်သန်း

အသက်(၇၂)နှစ်

ဦးအောင်သန်း [ပါမောက္ခချုပ်(ငြိမ်း)၊ သစ်တောတက္ကသိုလ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန] ၁၃-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အေးမြင့်မောင်-မေသက်ထွန်း

ကိုခင်မောင်ဦး

B.Sc (Physics)

အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် ၆၅၊ ခွာညိုလမ်း၊ (၃၁)ရပ်ကွက်နေ ဦးစိန်ဝင်းမောင်-(ဒေါ်ထားထားလှိုင်)တို့၏သား၊ ဦးကျော်တင့်-ဒေါ်ခင်စောကြူတို့၏ သားသမက်၊ မိုးသူချော့ကျော်(B.A, Geography) ၏ခင်ပွန်းသည် ၁၃-၃-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၃-၂၀၁၃ရက်(သောကြာနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးမြင့်စန်း(ငြိမ်း) D.S.A (15)

ဌာနခွဲမှူး(ငြိမ်း)၊ ရန်ကုန်မြို့တော်စည်ပင်

အသက်(၆၃)နှစ်

ဗိုလ်ကြီးမြင့်စန်း(ငြိမ်း)သည် ၁၄-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်အမှတ်စဉ်(၁၅)ကျောင်းဆင်းအရာရှိများနှင့်မိသားစုများ

(၁)နှစ်ပြည့် သတိရလွမ်းဆွတ်ခြင်း

မောင်ဟိန်းဇော်ထက်

(ပ)နှစ်၊ ဘူမိဗေဒ(ရာဇာနပိုတက္ကသိုလ်)

သားကြီးရေ ...

မိသားစုနဲ့ခွဲခွာသွားတာ ၁၅-၃-၂၀၁၃ရက်ဆိုရင် တစ်နှစ်ပြည့်ခဲ့ပြီ။ ယူကြုံးမရဖြစ်ရတဲ့ သတိတရရှိနေဆဲပါ။ မိသားစုတွေ ပြုသမျှ ကုသိုလ်တွေအားလုံး သားကြီးရောက်တဲ့ဘဝက အမျှရ၍ သာဓုခေါ်နိုင်ပါစေ ...

ဘိုဘိုး၊ ဘွားဘွား

ဖေဖေ ဦးသက်နိုင်၊ မေမေ ဒေါ်ခင်နီနီ

မမနှင့် ညီမလေးများ ထောက်ကြန့်မြို့

ဦးစန်းမြင့်

Zero Spot Laundary Service Pte., Ltd., (Singapore)

အသက်(၄၆)နှစ်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ပင်းလွှာနေ ဦးချစ်လှိုင်-(ဒေါ်ပု)တို့၏သား၊ ဦးကြီးဖောင်-ဒေါ်အေးစိန်တို့၏တူ၊ မဥမ္မာခင်၊ ကိုကျော်ဖေယျတို့၏အစ်ကို၊ အမှတ် ၁၀၊ ဗိုလ်တေဇ ၃လမ်း၊ (၇)ရပ်ကွက်၊ သဃ်ဃ်န်းကျွန်းမြို့နယ်နေ ဒေါ်သန်းသန်းမြင့်တို့၏သားသမက်၊ ဒေါ်သီသီမွန်(YCB)၏ခင်ပွန်း၊ မဆုမွန်ဝေ၏ဖခင်သည် ၁၂-၃-၂၀၁၃ရက်တွင် စင်ကာပူတော်ရှိနီ ညနေ ၆နာရီတွင် စင်ကာပူနိုင်ငံ၌ ရုတ်တရက် ကွယ်လွန်သွားပါကြောင်း။ (ကွယ်လွန်သူအား ရည်စူး၍ ၁၈-၃-၂၀၁၃ရက် (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးအေးသန့်(ခ)မိုးမိုး B.A (His;)

အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုလမ်း၊ အမှတ် ၁၉နေ(ဦးမြမောင်)-ဒေါ်ခင်စိန်တို့၏သမီးချွေးမ၊ ဦးခင်မောင်ဝင်း(R/O ကန်တော်ကား)၊ ရဲတံခွန်သာဘာတတ်ရွှေ့စီမံကိန်း)၏ညီမ၊ ဒေါ်ဝင်းသီရီ၊ ဦးလှမျိုးဝင်း-ဒေါ်ဥဝါ(စာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်)၊ ဦးကျော်ဇိုထွေး(2/O P.C.L)-ဒေါ်ခက်သက်သက်နိုင်၊ ဒေါ်မြသန္တာအေးတို့၏အစ်မ၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ နေသိဒ္ဓိလမ်း၊ အမှတ် ၂၂နေ (ဦးတင်ရောင်)-ဒေါ်ညီညီတို့၏သမီး၊ ဦးမြတ်စိုး C/O Bismark Maritime (PNG) ၏ဇနီး၊ မောင်နန္ဒကျော်ခန့်(G -7၊ ပညာနန်းတော်)၊ မောင်ထက်မြတ်စိုး(G -2၊ အမက-၃၊ ဗဟန်း)တို့၏မိခင်၊ ဗိုလ်အောင်ပြည့်ဖြိုး(အမှတ်-၂၊ တပ်မတော်ဆေးရုံကြီး)၊ မောင်ပေါ်မင်းသိမ်း၊ မောင်တင့်ထူးကျော်(၃-နှစ်၊ ကွန်ပျူတာတက္ကသိုလ်)မဆွေမြတ်သင်း(G -10, T.T.C)၊ မနန္ဒယမ်တို့၏အဒေါ်သည် ၁၀-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ် ၁၉၊ အိုးဘိုလမ်း၊ ကြည့်မြင်တိုင်မြို့နယ် နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစည်သူလှိုင်

အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ချစ်တီးကုန်း(၁)ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၄၃နေ ဦးဌေးလိုင်-ဒေါ်နှင်းရီတို့၏သားသည် ၁၃-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မကေသီမျိုး(ခ)ပေါက်စ

အသက်(၃၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ပိုင်လေမြို့နယ်ခွဲနေ ဒေါ်ကျင်အေး၏သမီး၊ ဒေါ်ထွေး၏သမီး၊မောင်လမြိုင်ကျွန်းမြို့၊ ပြည်သူ့ဆေးရုံဝင်းနေ ဦးမင်းသားအေး-ဒေါ်ကျင်တို့၏ချွေးမ၊ ကိုချစ်စန်းမောင်၏ဇနီးသည် ၁၃-၃-၂၀၁၃ရက် ည ၈း၅၅နာရီတွင် စံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ဧရာပင်လမ်းခွဲ၊ ဖေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၅၁၊ ဖက်စ် ၀၆၇-၃၆၁၃၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၁၊ စာတည်းအဖွဲ့ ၀၁-၅၅၅၃၀၉၊ မန်နေဂျာ ၀၁-၅၅၅၃၀၄၊ စီမံ ၀၁-၅၅၄၃၅၁၊ ငွေစာရင်း ၀၁-၅၅၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၅၄၃၀၇၊ ကြော်ငြာ ၀၁-၅၅၅၉၃၄။

R/488

မိမိတို့အဖွဲ့ဝင်နိုင်ငံများအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းပီသသောဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဖြစ်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၅)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မတ် ၁၃ ရက် နံနက် ၈ နာရီခွဲက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဒုန်ချမ်းပဲလေ့စ်ဟိုတယ် Convention Hall ၌ ကျင်းပသည့် (၅)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အဆိုပါ အက်မက်စ်ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ သံအမတ်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားမစတင်မီ နံနက် ၈ နာရီတွင် (၅)ကြိမ်မြောက် ဧရာဝတီ- ကျောက်ဖရား-မဲခေါင် စီးပွားရေး *စာမျက်နှာ ၅ ကော်လံ ၁* ✻

သတင်းအညွှန်း

ခန္ဓာအိမ်အတွင်း အစာကောင်းစွာချေချက်နိုင်ရေးအတွက် ရေသည် မရှိမဖြစ် လိုအပ်၏

ခေါင်းကြီး စာမျက်နှာ - ၂

မာရေးနှင့် ဂျိုကိုဗစ် စတုတ္ထအဆင့်တက်

စာမျက်နှာ - ၁၄

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်ဒုတိယသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၄

၂၀၁၃ ခုနှစ် မတ် ၁၄ ရက်တွင် (၁၂)ကြိမ်မြောက် တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယသမ္မတအဖြစ် မစ္စတာလီယွမ်ချောင်အား ရွေးချယ်တင်မြှောက်ခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာလီယွမ်ချောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညွန့်လွင် တရုတ်ဒုတိယသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၄

၂၀၁၃ ခုနှစ် မတ် ၁၄ ရက်တွင် (၁၂)ကြိမ်မြောက် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယသမ္မတအဖြစ် မစ္စတာလီယွမ်ချောင်အား ရွေးချယ်တင်မြှောက်ခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်လွင်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာလီယွမ်ချောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်လွင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာနမှအထူးကိုယ်စားလှယ် H.E. Mr. Wang Yingfan အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဦးညွန့်လွင်နှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အထူးကိုယ်စားလှယ် H.E. Mr. Wang Yingfan နှင့်အတူ တရုတ်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Lu Zhi နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာ၌ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ မြန်မာနိုင်ငံ၏ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် ကူညီမှုများပေးအပ်နိုင်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

(သတင်းစဉ်)

ထူးခြားသည့်နေ့အပူချိန်များ

၁၄-၃-၂၀၁၃

ချောက်မြို့	၄၁ ဒီဂရီစင်တီဂရိတ်
အောင်လံမြို့	၄၀ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၀ ဒီဂရီစင်တီဂရိတ်
သိမ်ဇရပ်မြို့	၄၀ ဒီဂရီစင်တီဂရိတ်

အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

မတ်လ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

မိုးရွာရက်

